ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 May 2020 ၁၀၀၁၈


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

## မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၄၅)နှစ်မြောက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် မေ ၂၀

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၄၅)နှစ်မြောက် အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်ဂျေအင်းနှင့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများ အဖွဲ့ချုပ် ကိုယ်စားလှယ်၊ ကျောင်းသားမိဘကိုယ်စားလှယ်တို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေး

နေပြည်တော် မေ ၁၉

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်နီလာဝင်း၊ ကျောင်းသားမိဘကိုယ်စားလှယ် ဦးကျော်ဌေးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ကမ္ဘာ့နိုင်ငံများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နေမှုအခြေအနေ၊ ကလေးများ ပညာသင်ယူမှုအခွင့်အလမ်းဆုံးရှုံးမှု မရှိစေရေးအတွက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားဆောင်ရွက်နေမှု၊ စာသင်ကျောင်းများတွင် ကပ်ရောဂါကူးစက်မှုမရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျောင်းသားမိဘများအားလုံး ပူးပေါင်း၍ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်နီလာဝင်းက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ သတိထားရမည့်အချက်များ၊ ဆရာ ဆရာမ အင်အားနှင့် စာသင်ခန်း နည်းပါးသည့် အခြေအနေတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲ၊ မိမိကျောင်းနှင့် လိုက်လျောညီထွေသည့် ကျောင်းတက်သည့်ပုံစံကို မိဘများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြင်ဆင်ထားရှိမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို စတင်ဖွင့်လှစ်ရန်နှင့် KG အပါအဝင် မူလတန်းအဆင့်မှ ကလေးသူငယ်များကို မိဘအကူအညီဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆






Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများ အဖွဲ့ချုပ်ကိုယ်စားလှယ်၊ ကျောင်းသားမိဘကိုယ်စားလှယ်တို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

- ☆ **စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် မည်သည့်အဆင့်မှစ၍ ဖွင့်လှစ်ရမည်ကို မိမိတို့ လေးလေးနက်နက် စဉ်းစားပြီး လက်တွေ့ကျကျဖြင့် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်**
- ☆ **ကိုဗစ်ကာလတွင် ဆရာ ဆရာမများကို စာသင်နည်းများ ပြန်လည်သင်ကြားပေးမည်**
- ☆ **ကိုဗစ်ကာလတွင် မိဘ၊ ဆရာများကိုလည်း သားသမီးများ၏ ပညာရေးအတွက် အားလုံးဝိုင်းဝန်းပြီး မည်သို့ဆောင်ရွက်ရမည်ကို အသိပညာပေးရမည်**

ကြေးမုံ

## ကိုဗစ်-၁၉ နှင့်အတူ သဘာဝဘေးကိုသတိပြု

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မေလ ၁၈ ရက်နေ့ညတွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၄၀ ကျော်ဖြင့် အလွန့်အလွန်အားကောင်းသော မုန်တိုင်းကြီးအဖြစ် ရောက်ရှိခဲ့သည်။ လက်ရှိအခြေအနေတွင် အဖျက်စွမ်းအားကြီးမားသော စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြန်မာနိုင်ငံသို့ ဦးတည်ခြင်းမရှိသော်လည်း မုန်တိုင်းအရှိန်ကြောင့် မေလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်း အချို့နေရာများတွင် လေပြင်းများတိုက်ခတ်ပြီး အချို့ဒေသများတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာလျက်ရှိ နေသည်။ မေလ ၁၈ ရက်နေ့ တစ်ရက်တည်းတွင် မော်လိုက်မြို့၊ ငဖဲမြို့၊ နတ်တလင်းမြို့ပတ်ဝန်းကျင်တို့၌ အင်အားအနည်းငယ်ရှိ ငလျင် သုံးကြိမ်လှုပ်ရှားသွားသည်။

အဖျက်စွမ်းအားကြီးမားသော စူပါမုန်တိုင်းသည် မြန်မာနိုင်ငံသို့ ဦးတည်တိုက်ခတ်ခြင်းမရှိသော်လည်း မုန်တိုင်း၏အရှိန်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် လှိုင်းကြီးလေထန်မှု၊ ရေကြီးရေလျှံမှု၊ တောင်ကျရေကျဆင်းမှု၊ မြေပြို၊ တောင်ပြိုမှုများကို အထူးသတိထားရမည် ဖြစ်သည်။ ကြောက်မက်ဖွယ်ကောင်းသော ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိတွင် မြန်မာနိုင်ငံ၌ ရောဂါအခံရှိသူ ခြောက်ဦးသာ သေဆုံးခဲ့ရပြီး ယခုသဘာဝဘေးကြောင့် လူအများအပြား သေဆုံးဒဏ်ရာရမှုများမဖြစ်အောင် ကြိုတင်ပြင်ဆင် သတိပြုရမည် ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်က ဂီရိမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်တွင် ရေကြီး၊ မြေပြိုဖြစ်ပေါ်ခဲ့၍ ပြည်သူ ၃၅ ဦး သေဆုံးပြီး ၁၀ ဦး ပျောက်ဆုံးခဲ့သည်။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်ခတ်မှုနှင့် ချောင်းရေအတွင်းမျောပါမှုကြောင့် သေဆုံးသူ ကိုးဦးနှင့် ပျောက်ဆုံးသူ သုံးဦး ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် အိုတူးဘီ မုန်တိုင်းအရှိန်ကြောင့် မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ယောချောင်း၊ ရွှေချောင်းနှင့် အခြားသဲချောင်းများ၌ ချောင်းရေများ အဆမတန်ကျဆင်းခဲ့ရာ နံနက်မိုးမလင်းမီ လျှပ်တစ်ပြက်ရေကြီးမှု ရုတ်တရက်ဖြစ်ပေါ်လာသဖြင့် သေဆုံးသူ ၄၆ ဦး၊ ပျောက်ဆုံးသူ ၁၁၅ ဦးရှိပြီး လူအသေအပျောက် များပြားခဲ့သည်။ မုန်တိုင်းမဟုတ်သော်လည်း ၂၀၁၈ ခုနှစ် ရေဘေးကာလတွင် မွန်ပြည်နယ် ပေါင်မြို့နယ်၌ မလတ်တောင်ပြိုကျမှုကြောင့် လူ ၇၃ ဦး သေဆုံးပြီး ၆၃ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်များသည် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာသည့် သင်ခန်းစာယူဖွယ် သဘာဝဘေးထိခိုက်ဆုံးရှုံးမှု ဖြစ်စဉ်များဖြစ်သည်။ ယင်းဖြစ်စဉ်များကို သင်ခန်းစာယူ၍ ယခုလက်ရှိဖြစ်ပေါ်နေသည့် အမ်ဖန်စူပါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရိုက်ခတ်မှုဖြစ်လာမည့် လှိုင်းကြီးလေထန်၊ မိုးကြီးသည်းထန်၊ ရေကြီးရေလျှံဖြစ်စဉ်များကို သတိထားရမည်ဖြစ်သည်။ မုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပေါ်လာတတ်သည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်း၊ တောင်ကျချောင်းများတွင် ရေများရုတ်တရက်ကျဆင်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်တတ်သောကြောင့် ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသနေ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အကြံပြုထားသည့်အတိုင်း ကြိုတင်ပြင်ဆင်သတိပြုနေထိုင်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ယခုလက်ရှိတွင်ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးအန္တရာယ်သည် လူအသေအပျောက် ထိခိုက်မှုနည်းသော်လည်း ရေရှည်ကျော်လွှားရမည့် ရောဂါဘေးအန္တရာယ်ဖြစ်၍ သတိပြုလိုက်နာဆောင်ရွက်ကြပြီး လတ်တလောရင်ဆိုင်ကျော်လွှားရမည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကိုလည်း ပြည်သူများအနေဖြင့် မပြတ်သောသတိဖြင့် စောင့်ကြည့်လေ့လာ၍ ကြိုတင်ပြင်ဆင်ထားကြဖို့ လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ။

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် မေ ၁၉

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ မတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆၂ သန်း ၆၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၂ ဒသမ ၅၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၅ ဒသမ ၁၄ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၀၄ ဒသမ ၇၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၁ ဒသမ ၃၇သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၄၆ ဒသမ ၁၀ သန်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၄၆၁ ဒသမ ၂၄ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၉၆သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၂၃ ဒသမ ၀၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၄၄ ဒသမ ၃၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၆၇ ဒသမ ၄၁ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀၅၃ ဒသမ ၃၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၂၇ ဒသမ ၇၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၆၈၁ ဒသမ ၁၅ သန်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၉၄၈ ဒသမ ၅၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၁၃ ဒသမ ၇၄သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ သတင်းစဉ်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာသိန်းစိုးကို အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

သထုံ မေ ၁၉

မွန်ပြည်နယ် သထုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက မေ ၁၅ ရက်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်သည့် ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့သည် အုဖွိုလ်ချောင်ကျေးရွာအုပ်စု သုံးအိမ်စုကျေးရွာ ဂဝံမြေသား လမ်းခင်းခြင်း(၆၆၀'x၈'x၆'')လုပ်ငန်း၊ ဘူဒင်းချောင်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ ဝီယော်ကျေးရွာအုပ်စု ထုံးဘိုလေးကျေးရွာအထက(ခွဲ) ကျောင်းခြံစည်းရိုးကာရံခြင်း(၁၄၄'x၆') လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့အား ကွင်းဆင်းကြည့်ရှုခဲ့ပြီး မြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များအား လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုးဝင်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၁,၈၈၁ | ၂၀,၂၁၈,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၄,၆၅၂ | ၁၇,၂၁၂,၄၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၁,၄၅၄ | ၃၄,၈၉၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၆၀၇ | ၁,၆၆၉,၂၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၉

ရန်ကုန်(ရွှေဈေး) ၁၂၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၇၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၅၀/၄၈၀ ကျပ် | ၄၈၀/၅၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၉၀/၅၀၅ ကျပ် | ၅၅၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၆၀/၃၉၀ ကျပ် | ၄၂၀/၄၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၀/၄၉၀ ကျပ် | ၄၉၅/၅၁၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၅၀/၄၆၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၀/၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀/၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၀.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၄.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၄၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၉၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၄၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၄.၄၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၅.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၁.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၀၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

စာအုပ်စာပေ
လူ့မိတ်ဆွေ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများအဖွဲ့ချုပ် ကိုယ်စားလှယ်၊ ကျောင်းသားမိဘ ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

- ☆ ကိုဗစ်ကို ရင်ဆိုင်ရခြင်းသည်လည်း မိမိတို့အတွက် ပညာတစ်ခုဟု စဉ်းစားစေချင်
- ☆ ပညာရေးဝန်ကြီးဌာနရော၊ မိဘတွေရော၊ ဆရာ ဆရာမတွေရော အားလုံးအတွက် ပညာရှာနေရသည့်အချိန်ဖြစ်
- ☆ မိမိတို့သည် ကိုဗစ်အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်ရန် အားလုံးက ကြိုးစားနေသည့်အချိန်ဖြစ်
- ☆ သုံးသပ်မှုအပေါ်အခြေခံပြီး မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ရန်လည်း အားလုံးက ကြိုးစားနေချိန်ဖြစ်

☆ ရှေ့ဖုံးမှ

အိမ်တွင် သင်ကြားရေးစနစ်ကျင့်သုံးရေး အခြေအနေများကိုလည်းကောင်း၊ ကျောင်းသားမိဘကိုယ်စားလှယ် ဦးကျော်ဌေးက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ကျောင်းသား မိဘများ၏ စိုးရိမ်ပူပန်မှု၊ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် ရောဂါများအတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်မှု၊ ကျောင်းကြို၊ ပို့ယာဉ်များ၊ လူပုဂ္ဂိုလ်များအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ ရောဂါပျံ့နှံ့မှုများသည့် ရန်ကုန်မြို့၌ သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန် ဆရာ ဆရာမများအတွက် အွန်လိုင်းစနစ် မြှင့်တင်ပေးရေးနှင့် ကိုဗစ်–၁၉ ကာကွယ်ဆေးကိစ္စများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ကျောင်းများအား ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရေး၊ ဆရာ ဆရာမများ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ရေး၊ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းပို့၊ ကျောင်းကြိုပုဂ္ဂိုလ်များ သိရှိလိုက်နာအောင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### လက်တွေ့ကျကျဆောင်ရွက်သွားမည်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန၏ အမြင်၊ ဆရာဆရာမများ၏ အမြင်၊ ကျောင်းသားမိဘများ၏ အမြင်များကို ကြားသိရသည့်အခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် မည်သည့်အဆင့်မှစ၍ ဖွင့်လှစ်ရမည်ကို မိမိတို့ လေးလေးနက်နက် စဉ်းစားပြီး လက်တွေ့ကျကျဖြင့် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ စမ်းသပ်သည့်ပုံစံဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ မည်သည့်ပုံစံဖြင့် အောင်မြင်မည်ကိုလည်း သေသေချာချာ မသိသေးပါကြောင်း။

မိမိတို့ လေ့လာရသည့်နိုင်ငံများအနက် အများအားကျရသည့် နိုင်ငံသည် ဗီယက်နမ်နိုင်ငံဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ထိထိရောက်ရောက် ကာကွယ်၊ တားဆီး၊ ကိုင်တွယ်ထားနိုင်သည့်အတွက် များစွာလေးစားပါကြောင်း၊ ယင်းနိုင်ငံ၏ အတွေ့အကြုံကိုလည်း လေ့လာပါကြောင်း၊ ဗီယက်နမ်နိုင်ငံတွင်လည်း စာသင်ကျောင်းများ စတင်ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မိမိတို့နိုင်ငံနှင့် အခြေအနေပိုမိုတူညီပါကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများ၏ အခြေအနေနှင့် မိမိတို့နိုင်ငံ၏ အခြေအနေသည် များစွာကွာခြားပါကြောင်း၊ ကွာခြားသည့်အတွက် ယင်းနိုင်ငံများတွင်ဖြစ်သည့် အကြောင်းအရာများကိုကြည့်၍ မိမိတို့နိုင်ငံတွင် ဖြစ်နိုင်သည်များကို တွက်ချက်ခြင်းသည် လက်တွေ့မကျပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မိမိတို့နိုင်ငံနှင့် အခြေအနေချင်း များစွာနီးစပ်သည့်အတွက် ယင်းနိုင်ငံ၏ အတွေ့အကြုံကို လေ့လာရန် အချိန်ရှိပါကြောင်း။

ကိုဗစ်ကာလတွင် ဆရာ ဆရာမများကို စာသင်နည်းများ ပြန်လည်သင်ကြားပေးမည်ဖြစ်ပါကြောင်းနှင့် ဆရာ ဆရာမများကလည်း သင်ယူရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် မိဘ၊ ဆရာများကိုလည်း သားသမီးများ၏ ပညာရေးအတွက် အားလုံးဝိုင်းဝန်းပြီး မည်သို့ဆောင်ရွက်ရမည်ကို အသိပညာပေးရမည်ဖြစ်ပါကြောင်း၊ မိဘ၊ ဆရာများ ကိုယ်တိုင်ကလည်း ယခုဆွေးနွေးပွဲကဲ့သို့ သိသင့် သိထိုက်သည့်ကိစ္စရပ်များကို အကြံပြုရန်လိုအပ်ပါကြောင်း၊ ယခုလို အကြံပြုမှု၊ ရှင်းပြမှု ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုများကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ စိုးရိမ်နေရုံဖြင့် မပြီးပါကြောင်း၊ လက်တွေ့ကျကျ မည်သို့ ဖြေရှင်းဆောင်ရွက်မည်ဆိုသည့် အကြံပြုချက်များကိုလည်း ပေးစေချင်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ဆရာမ တင်ပြသကဲ့သို့ ကလေးငယ်များအတွက် စိုးရိမ်ရသော်လည်း အတန်းကြီးများအတွက် ဖြစ်နိုင်သည့် အလားအလာရှိသည်ဆိုသည့် အချက်မျိုးဖြစ်ပါကြောင်း၊ ထိုသို့လက်တွေ့ကျသည့် အကြံဉာဏ်များပေးသင့်ပါကြောင်း၊ သို့မှသာ အားလုံးအတူတူ ဆုံးဖြတ်ရမည် ဖြစ်ပါကြောင်း။

### ဘွဲ့ရရုံပညာရေးမဟုတ်

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးသည် ရပ်ထား၍မရပါကြောင်း၊ ကလေးငယ်များသည် စာသင်ကျောင်းနှင့် ကင်းကွာသွားသည့်အခါ ပညာသင်ချင်စိတ်သည် နည်းပါးသွားပါကြောင်း၊ ဦးကိုလေးဝင်းက ကိုယ်ပိုင်အတွေ့အကြုံကို ပြောသွားပါကြောင်း၊ စာသင်ကျောင်းများ ပိတ်တာများသွားလျှင် ပညာရေးကို အမှန်တကယ် အထိနာပါကြောင်း၊ နောက်ကျမှ မြန်မြန်ဆန်ဆန် အောင်သည့်သူတွေများအောင် ဖြတ်လမ်းနည်းနှင့် သင်ပေးလိုက်ခြင်းသည် ဘွဲ့တော့ရသွားပါကြောင်း၊ ဘွဲ့ရရုံဖြင့် ပညာတတ်မဟုတ်ပါကြောင်း၊ မိမိတို့ ဦးတည်သည့် ပညာရေးသည် ဘွဲ့ရရုံပညာရေးမဟုတ်ပါကြောင်း၊ မိမိအတွက်ရော၊ မိမိပတ်ဝန်းကျင်အတွက်ရော၊ မိမိနိုင်ငံ၊ မိမိကမ္ဘာကြီးအတွက် အကျိုးပြုနိုင်မည့် ပညာရေးမျိုးကို မိမိတို့က နိုင်ငံအားပေးချင်ပါကြောင်း။

ထို့ကြောင့် ကိုဗစ်ကို ရင်ဆိုင်ရခြင်းသည်လည်း မိမိတို့အတွက် ပညာတစ်ခုဟု စဉ်းစားစေချင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရော၊ မိဘတွေရော၊ ဆရာ ဆရာမတွေရော အားလုံးအတွက် ပညာရှာနေရသည့်အချိန်ဖြစ်ပါကြောင်း၊ ကလေးများသာ ပညာရှာနေရခြင်း မဟုတ်ပါကြောင်း မိမိတို့လည်း ပညာရှာနေရပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်၍ တစ်နေ့တစ်မျိုးမရိုးရပါကြောင်း၊ တစ်နေ့တစ်မျိုးဖြစ်နေပါကြောင်း၊ ဖြစ်သည့်အကြောင်းအရာအပေါ် အခြေခံ၍ မည်သို့ဆောင်ရွက်မည်ကို ဆုံးဖြတ်ရသည်များ ရှိပါကြောင်း၊ တချို့အရာများအတွက် မိမိတို့ကြိုတင်စဉ်းစားထားသည်များရှိပါကြောင်း၊ တချို့အရာများအတွက် ကြိုတင်စဉ်းစား၍မရပါကြောင်း၊ မထင်မှတ်ဘဲ ဖြစ်လာပါကြောင်း၊ ထိုသည်ပင်လျှင် ပညာဖြစ်ပါကြောင်း၊ ပညာဆိုသည်မှာ အခြေအနေတစ်ခုကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ခြင်း၊ သုံးသပ်ပြီး သုံးသပ်မှုအပေါ် မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်ပါကြောင်း။

မိမိတို့သည် ကိုဗစ်အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်ရန် အားလုံးက ကြိုးစားနေသည့်အချိန်ဖြစ်ပါကြောင်း၊ သုံးသပ်မှုအပေါ်အခြေခံပြီး မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ရန်လည်း အားလုံးက ကြိုးစားနေချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ ဝင်ရောက်ဆွေးနွေးပေးကြသည့် သုံးဦးစလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးခြင်းအားဖြင့် ကိုဗစ်နှင့်ပတ်သက်၍သာမက အခြားကိစ္စများနှင့်ပတ်သက်၍ မိမိတို့ ပြည်သူ ပြည်သားများ ပညာတိုးနိုင်ပါစေ၊ ကျန်းမာချမ်းသာပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ



ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးစတီဖန်



ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း

**နေပြည်တော် မေ ၁၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်း တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ခီဆီဒီ၊ ကျီးဒူနှင့် ဇာလင်း- အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအတွက် ဆရာ၊ ဆရာမများ ခန့်ထားပေးနိုင်ရေးအတွက် ဖြည့်ဆည်းပေးမည်

အစည်းအဝေးတွင် ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အမက (ခွဲ) ခီဆီဒီ၊ အမက (ခွဲ) ကျီးဒူနှင့် အမက(ခွဲ) ဇာလင်းကျောင်း သုံးကျောင်းအတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ဆရာ ဆရာမများ အပြောင်းအရွှေ့များ ဆောင်ရွက်ချိန်တွင် ပြောင်းရွှေ့တာဝန်ချထားပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပညာရေးကောလိပ်များမှ PPTT နှင့် DTEd သင်တန်းဆင်းများကိုလည်း ခန့်ထားပေးရန် အစီအစဉ်ရှိပါကြောင်း၊ ခန့်ထားရေးဆောင်ရွက်ချိန်တွင် တင်ပြပါ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ခီဆီဒီအခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ ကျီးဒူ အခြေခံပညာမူလတန်းကျောင်း(ခွဲ)နှင့် ဇာလင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအတွက် ဆရာ ဆရာမများ ခန့်ထားပေးနိုင်ရေးအတွက် ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်၏ သပိတ်ကျင်းမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ကျောင်းသစ်များ ဖွင့်လှစ်ရေးအတွက် စီမံကိန်းများ ရေးဆွဲဖော်ဆောင်ရာတွင် ပထမဦးစွာ ခရိုင်မြို့ကြီးများ၌ ဦးစားပေး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ သပိတ်ကျင်းမြို့နယ်တွင် အစိုးရ နည်းပညာအထက်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ဆောင်ရွက်ရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။



သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်



တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်

ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးစတီဖန်၏ ကျိုင်းတုံမြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိခြင်း မရှိသေးပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက မိုင်းပျဉ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဖြန့်ဖြူးရေးထရန်စဖော်မာများ တည်ဆောက်ခြင်းကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်နှစ်နှစ်ခွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာတွင် မိုင်းပျဉ်းမြို့နှင့် ကျေးရွာ ၁၅ ရွာအတွက် ဓာတ်အားဖြန့်ဖြူးနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၁ ဒသမ ၅၃ မိုင်၊ ဖြန့်ဖြူးရေးထရန်စဖော်မာ ၁၁ လုံးနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း ၂ ဒသမ ၉၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၁ ဒသမ ၅၈ ဘီလီယံခန့်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၄ ရွာအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၇ ဒသမ ၄၅ မိုင်၊ ဖြန့်ဖြူးရေးထရန်စဖော်မာ သုံးလုံးနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း ၁ ဒသမ ၇၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၆၂၉ ဒသမ ၄ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ဓာတ်အားလိုင်း တည်ဆောက်ပြီးပါက မိုင်းပျဉ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း။

## နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ပြီးပါက ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၅ ရွာကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်တော့မည်

ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဖြန့်ဖြူးရေးထရန်စဖော်မာများ တည်ဆောက်ခြင်းကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာနှစ် နှစ် နှစ်ခွဲပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျိုင်းတုံမြို့နယ်အတွင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၅ မိုင်၊ ၃၃/၁၁ ကေဗွီ ၂ အမ်ဗွီအေ ဓာတ်အားခွဲရုံ ၁ ရုံ၊ ကျေးရွာ ၂၄ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၂ ဒသမ ၇၅ မိုင် ဖြန့်ဖြူးရေးထရန်စဖော်မာ ၁၇ လုံးနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း ၃၀ ဒသမ ၄ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများအား ပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၃ ဒသမ ၀၈ ဘီလီယံဖြင့် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၃၃ ရွာ ဓာတ်အားဖြန့်ဖြူးနိုင်ရေးတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၇ ဒသမ ၄ မိုင်၊ ဖြန့်ဖြူးရေးထရန်စဖော်မာ ၂၇ လုံးနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း ၂၄ ဒသမ ၇၉ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၄ ဘီလီယံခန့်ဖြင့် စက်တင်ဘာလအတွင်း ပြီးစီးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ပြီးပါက ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၅ ရွာကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ပါကြောင်း။

သို့ပါ၍ မိုင်းပျဉ်းမြို့၊ ကျိုင်းတုံမြို့နှင့် ယင်းတို့၏ ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၀၂၀ ပြည့်နှစ် ဇွန်လခန့်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ စတင်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ တောင်ကုတ်မြို့နယ် နတ်မော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ပူတာအို မဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ ပူတာအိုမြို့နယ်ရှိ နမ်ထွမ်ခူးအုပ်စု နမ်ထွမ်ခူး အခြေခံပညာအလယ်တန်းကျောင်းအား ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းတို့ နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၏ ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပြဋ္ဌာန်းထားသာ ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာ၍ အကောင်အထည်ဖော်ခြင်းရှိ၊ မရှိ နှင့် စက်ရုံလည်ပတ်ခွင့်ကို သုံးနှစ်အထိ သက်တမ်းတိုးပေးခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ တို့ကို သိရှိလိုခြင်းမေးခွန်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၏ BOT စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသော ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများအတွက် ပဋိညာဉ်စာချုပ်ချုပ်ဆိုမှုများအရ စီမံကိန်းလုပ်ငန်းအားလုံး နိုင်ငံတော်သို့ လွှဲပြောင်းအပ်နှံရမည့်ကာလအား ပြန်လည်ပြင်ဆင်ညှိနှိုင်းချုပ်ဆိုရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် လျှပ်စစ်ကောင်းမွန်စေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တင်ဒါခေါ် ထားသော LNG စီမံကိန်းများ၏ တည်ဆောက်ပြီးစီးမှု အခြေအနေကို သိလိုခြင်း မေးခွန်းနှင့် ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အမျိုးသားလျှပ်စစ်စီမံကိန်း (NEP) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ကြန့်ကြာနေမှုအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းကို တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**



# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် မေ ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း၏ ဘောလခဲခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနတွင် ဆောက်လုပ်လျက်ရှိသော ပစ္စည်းသိုလှောင်ရုံ (ရုံးခန်းအပါအဝင်)အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ် ဘောလခဲခရိုင် သိုလှောင်ရုံ (ရုံးခန်းအပါအဝင်) RCC တစ်ထပ်လုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနသို့ ခွင့်ပြုငွေကျပ် ၅၅ ဒသမ ၂၀၀ သန်းဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ အတွင်း/ အပြင် အချောကိုင်ခြင်း၊ ဆေးသုတ်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ တံခါးပြတင်းတပ်ဆင်ခြင်း၊ အတွင်းရေ မီး၊ Apron and Drain လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေပါကြောင်း၊ ၎င်းလုပ်ငန်းများအတွက် ထပ်မံလိုအပ်ငွေကျပ် ၁၂ ဒသမ ၀၀၀ သန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် ဝန်ကြီးဌာနအနေဖြင့် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း။

အဆိုပါ တင်ပြတောင်းခံထားရှိမှုအပေါ်တွင်လည်း ၂၀၂၀ ပြည့်နှစ် ဧပြီ ၇ ရက်တွင် ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင်၏ (၁/ ၂၀၂၀)ကြိမ်မြောက် အစည်းအဝေး သဘောတူခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော် သို့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၃ ရက်တွင် တင်ပြထားရှိပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိပါက ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## လိုအပ်လျက်ရှိသည့် သင့်လျော်သော လူပျိုဆောင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အဆောက်အဦပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ စိစစ်ခွင့်ပြု၍ ဆောင်ရွက်ပေးသွားမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် နှာရိန်မြို့ရှိ ရဲတပ်ဖွဲ့ဝန်ထမ်းများအတွက် ယာယီဆောက်လုပ်ပေးထားသော ရုံးနှင့် လူပျိုဆောင်တို့အား ဖျက်သိမ်းပြီး RCC နှစ်ထပ်ဆောင်များအဖြစ် အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က နှာရိန်နယ်မြေရဲစခန်းတွင် လူပျိုတပ်ဖွဲ့ဝင်များအတွက် လိုအပ်လျက်ရှိသည့် သင့်လျော်သော လူပျိုဆောင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အဆောက်အဦပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ စိစစ်ခွင့်ပြု၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် နယ်မြေရဲစခန်း (အချုပ်ပါ) (၁) ထပ်(၁) လုံး၊ (၆)ခန်းတွဲ (၂)ထပ်သံကူကွန်ကရစ် (၁)လုံးနှင့် (၄)ခန်းတွဲ (၂)ထပ် သံကူကွန်ကရစ် (၁)လုံးတို့ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မူလ) အသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ရှိ အကျဉ်းဦးစီးဌာန (ထောင်ကြီး၊ အကျဉ်းထောင်ဌာန ထောင်ဥယျာဉ်ကြီး၊ အစိုးရထောင်ဥယျာဉ်)သည် တိုးတက်ပြောင်းလဲနေသော နိုင်ငံတော်အခြေအနေအရ မုံရွာမြို့၏ အထင်ကရ လူနေထူထပ်သော မြို့လယ်ကောင်နေရာမှ လျာထားသတ်မှတ်စီမံထားရှိပြီးသော မုံရွာမြို့နယ် သာစည်ကျေးရွာအနီးနေရာ၌ အမြန်ဆုံးပြောင်းရွှေ့ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်ကာလတွင် နောက်ဆုံးထားပြောင်းရွှေ့မည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်အား “က” အဆင့် အကျဉ်းထောင်နှင့် လိုက်လျောညီထွေမှုရှိသည့် အကျဉ်းထောင်သစ်ဆောက်လုပ်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ပေးသော မြေနေရာသည် အကျဉ်းထောင်သစ်ဆောက်လုပ်ရန် သင့်တော်သည့် မြေနေရာဖြစ်သော်လည်း လက်ရှိအကျဉ်းထောင်ဟောင်းနေရာအား လုပ်ငန်းလိုအပ်ချက်အရ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း မပြုနိုင်သေးပါကြောင်းနှင့် အကျဉ်းထောင်ဟောင်းနေရာအား အချုပ်ထောင်အဖြစ် ဆက်လက်သုံးစွဲသွားမည်ဖြစ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောထားကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းသားလက်ခံထိန်းသိမ်းနိုင်သည့် ဝင်ဆံ့အင်အားကို ပိုမိုတိုးချဲ့ဆောင်ရွက်နေချိန်ဖြစ်ပါသဖြင့် “က” အဆင့်မုံရွာအကျဉ်းထောင်သစ်ကို သာစည်ကျေးရွာအနီးနေရာ၌ ဆောက်လုပ်နိုင်ရန် အခွင့်အရေးရရှိပါကလည်း မုံရွာအကျဉ်းထောင်ဟောင်းကို အချုပ်ထောင်အဖြစ် ဆက်လက်အသုံးပြုရန် လိုအပ်ချက်ရှိနေသေးသည့်အတွက် စွန့်လွှတ်၊ လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး
ဦးစိုးအောင်


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်စိုးတင့်နိုင်


စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး


ကယားပြည်နယ် မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးကျော်သန်း


ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဘွဲခိန်း


တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဇော်ဟိန်း

## ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ပျက်ကွက်မှုများရှိပါက တာဝန်ရှိသူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုတွင် ကွင်းဆက်တရားခံများကို ထိရောက်စွာ အရေးယူဖမ်းဆီးဖော်ထုတ်ပြီး မူးယစ်ဆေးဝါးရောင်းချမှုမှ ရရှိသော အကျိုးအမြတ်ဖြင့် ဝယ်ယူထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို သေချာစွာ စိစစ်၍ သိမ်းဆည်းပေးရန်နှင့် ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ရှိပုဂ္ဂိုလ်များအား ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသော အကျိုးအမြတ်များဖြင့် ဝယ်ယူထားရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့်ပတ်သက်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ပျက်ကွက်မှုများရှိပါက တာဝန်ရှိသူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးနှင့် ပခန်းငယ်သွားသော ကားလမ်းပေါ်ရှိ တံတားများအနက် ဂျိုက်ကြီးသစ်သားတံတားကို ခိုင်မာသော ကွန်ကရစ်တံတားအဖြစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြောင်းလဲဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဂျိုက်ကြီး သစ်သားတံတားသည် လမ်းအဆင့်သတ်မှတ်ချက် Class (B)၊ ဦးစားပေးအဆင့် (၁)လမ်းပေါ်တွင် တည်ရှိသဖြင့် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ မောင်တောမြို့နယ် ၄- မိုင်ရပ်ကွက်၊ သာယာကုန်းကျေးရွာရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်ချောင်း-ကျောက်နီမော်လမ်းပိုင်းအား လာမည့်ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဘဏ္ဍာငွေလုံလောက်စွာဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာငွေတို့ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါလမ်းပိုင်းနှင့် ပတ်သက်၍ စာချုပ်ပါအတိုင်း ဆောင်ရွက်မှုမရှိခဲ့သော သက်ဆိုင်ရာကုမ္ပဏီအား မည်သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၏ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နတ်စင်ငူကျေးရွာနှင့် ကျုံပျော်မြို့နယ် သောင်ကျေးရွာအုပ်စု မှန်ကုန်းကျေးရွာတို့အား တစ်ဖက်စီခြားထားသည့် နတ်စင်ငူ ချောင်းအား (၂) မြို့နယ်ဆက်သွယ်သွားလာနိုင်ရန် သင့်လျော်သည့် ကွန်ကရစ် RC တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

**✳ ကျောဖုံးမှ**

လေပြင်းတိုက်ခတ်ချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်တို့တွင် သစ်ပင်၊ သစ်ကိုင်းများ၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းတိုင်များ ကျိုးကျနိုင်ခြင်း၊ လဲပြိုနိုင်ခြင်း၊ လေပြင်းနှင့်အတူ လွင့်ပါလာသည့် သွပ်နှင့် အခြားအရာဝတ္ထုများကြောင့် ထိခိုက်နိုင်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားနိုင်သဖြင့် တတ်နိုင်ပါက အဆောက်အဦ အပြင်ဘက်သို့ မထွက်ပါနှင့်။ ဖုန်းများအသုံးမပြုပါနှင့်။ လျှပ်စစ်ပစ္စည်းများ အသုံးမပြုပါနှင့်။

(၂) မိမိအိမ်သည် လေပြင်းဒဏ် ခံနိုင်ရည်အားနည်းသည်ဟု ယူဆပါက ခိုင်ခံ့သည့် နီးစပ်ရာအိမ်များ၊ အဆောက်အဦများသို့ ခေတ္တရှောင်ရှားနေထိုင်ပါ။

(၃) မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ပြီး လျှပ်တစ်ပြက် ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။

(၄) အန္တရာယ်ရှိသည့် မြစ်ချောင်းများ၊ တောင်ကျချောင်းများ၊ တောင်ခြေများ၊ တောင်စောင်းများ စသည့် မြေပြို၊ တောင်ပြိုမှုများ ဖြစ်ပေါ်နိုင်သည့်နေရာများတွင် နေထိုင်သူများ အထူးသတိပြုနေထိုင်ပါ။ လိုအပ်ပါက ခေတ္တရှောင်ရှားနေထိုင်ပါ။

(၅) မိုးထစ်ချုန်းရွာသွန်းနေချိန် တောင်ကျချောင်းများအတွင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နွားလှည်းများ၊ လူများ မဖြတ်သန်းပါနှင့်။ ရုတ်တရက် ရေများအရှိန်ဖြင့် စီးဆင်းလာနိုင်ပြီး အန္တရာယ်ရှိနိုင်ပါသည်။

(၆) လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်းများ ပြီးစီး၍ အပြင်ထွက်ပါက လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှဝေးဝေးနေပါ။ မြေနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ၏ အန္တရာယ်ကို သတိပြုပါ။ တောင်စောင်းများ၊ မြစ်ချောင်းများ၊ တောင်ကျချောင်းများအနီးသို့ မသွားပါနှင့်။

(၇) ဘေးလွတ်ကင်းရာ နေရာများသို့ ခေတ္တရှောင်ရှားနေထိုင်သည့်အခါ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အိမ်မှာနေရင်း ..... စာဖတ်ပါ

**သင်္ချာအောင်သင်း**

ကိုယ်ခန္ဓာအတွက် အာဟာရမှာ အစာရေစာဖြစ်ပြီး စိတ်အတွက် အစာအာဟာရမှာ စာပေဖြစ်သည်။ ကိုယ်ခန္ဓာအတွက် အစာရေစာဖြည့်တင်းပေးရသကဲ့သို့ စိတ်အတွက်ကိုလည်း အစာကျွေးမွေးရန် သုတစာပေ၊ ရသစာပေများ ဖတ်ရှုလေ့လာရန် လိုအပ်သည်။ ကိုယ်ခန္ဓာကျန်းမာ ရွှင်လန်းရှင်သန်စေသော လူ့စွမ်းအားအရင်းအမြစ်ကို အစိုးရ၊ ဆရာဝန်များ၊ ဆေးဆရာများ၊ သူနာပြုများက လမ်းညွှန် ပြုစုဖော်ထုတ်နေကြသည်။ စိတ်ဓာတ်ရှင်သန် ယဉ်ကျေးသုခရစေရန်အတွက် အစိုးရ၊ ဆရာ၊ မိဘ သာမက စာအုပ်စာပေတို့က လူ့စွမ်းအားအရင်းအမြစ် ဖော်ထုတ်လမ်းညွှန်ပေးနေကြသည်။

**ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်း**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကပင် ကိုရိုနာဗိုင်းရပ်စ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ (ကိုဗစ်–၁၉) ဖြစ်ပွားခဲ့ပါသည်။ နှစ်လ၊ သုံးလအတွင်း တစ်ကမ္ဘာလုံးကို ပြန့်ပွားသွားခဲ့ပါသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံ ၁၉၅ နိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါကူးစက်မှု သန်းနှင့်ချီရှိနေပြီး သိန်းနှင့်ချီသေဆုံးနေကြရပါသည်။ ကိုရိုနာဗိုင်းရပ်စ်သည် လူအချင်းချင်းကနေကူးစက်ပြီး ကူးစက်ပြန့်ပွားမှုနှုန်းထားသည် အလွန်မြန်ဆန်လှပါသည်။ ကုသပျောက်ကင်းနိုင်သည့် ဆေးဝါးကလည်း မပေါ်ပေါက်သေး၍ ကမ္ဘာ့နိုင်ငံအသီးသီးသည် ယင်းရောဂါ ဆက်လက်မပြန့်ပွားစေရန် ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းတွေသာ အသုံးပြုနေရပါသည်။ လူစုလူဝေးမဖြစ်ဖို့လိုပါသည်။ တချို့နိုင်ငံများတွင် ညမထွက်ရ အမိန့်ထုတ်ထားရသည်။ မြို့ရွာလမ်း အသွားအလာ ကန့်သတ်ပိတ်ပင်ထားရသည်။ သုံးဦး၊ ငါးဦးထက်မပိုစေရ၊ သုံးပေအကွာ၊ ခြောက်ပေအကွာမှာ နေထိုင်ကြရန်၊ လက်ဆေးရန်၊ နှာခေါင်းစည်းတပ်ဆင်ကြရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ကြရန်စသည်ဖြင့် ကျန်းမာရေးအသိပညာပေးမှုများကိုပြုလုပ်နေကြပါသည်။ ၂၁ ရက် ကန့်သတ်စောင့်ကြည့်မှုများ လုပ်နေကြပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ရောဂါဖြစ်ပွားသူ နှစ်ရာနီးပါးနှင့် သေဆုံးသူ ခြောက်ဦး ရှိသည်။

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ သင်တန်းကျောင်းများနှင့် လူစုလူဝေးဖြစ်စေမည့် အခမ်းအနားများပိတ်ပင်ထားရသကဲ့သို့ စက်ရုံအလုပ်ရုံများ ရပ်နားခဲ့ရသည်။ ညွှန်ကြားချက်မလိုက်နာပါက အရေးယူဆောင်ရွက်ချက်များရှိလာသည်။ ကမ္ဘာ့ကပ်ရောဂါသည် အနည်းဆုံးခြောက်လမှ တစ်နှစ်အထိ ကြာမြင့်တတ်ပါသည်။ ကပ်ဘေးကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်များလည်း ယုတ်လျော့လာကြရပါသည်။ သို့သော် လူ့ဘဝဆိုသည်မှာ စိတ်ရော၊ ခန္ဓာပါ ဆက်၍ရှင်သန်နေကြရန် အရေးကြီးပါသည်။

**ကမ္ဘာအနှံ့ ကြုံတွေ့နေကြရ**

ကျောင်းသား ကျောင်းသူများသည် ကမ္ဘာ့ကပ်ဘေးကြောင့် စာသင်ခန်းနှင့်ဝေးနေကြရသည်။ သို့သော် အားမလျှော့ကြပါနှင့်။ ကျွန်တော်တို့လည်း အရေးအခင်းကာလများမှာ စာသင်ကျောင်းနှင့်ဝေးကာ အိမ်မှာနေခဲ့ကြရဖူးသည်။ ကျွန်တော်တို့ငယ်စဉ်က လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲသော၊ လျှပ်စစ်မီးနှင့်ကားပင် မမြင်ဖူးသော ကျေးရွာတွင် မွေးဖွားကြီးပြင်းခဲ့ရသည်။ မူလတန်းအရွယ်မှစ၍ မိဘ၊ ဆရာတို့၏ လမ်းညွှန်ကူညီမှုနှင့်အတူ အိမ်တွင်နေရင်း လက်လှမ်းမီသော သုတစာပေ၊ ရသစာပေများ ဖတ်ရှုရင်းဖြင့် မြို့ကြီးပြကြီးနေထိုင်နိုင်သည့်ဘဝသို့ ရောက်ရှိခဲ့ရပါသည်။ ယခုခေတ်လူငယ်တို့သည် လက်ကိုင်ဖုန်းကိုင်၍ မွေးဖွားလာသူများဖြစ်ရာ နည်းပညာပိုင်း ကျွမ်းကျင်ကြပါသည်။ တချို့ ဆရာ၊ မိဘများသည် အင်တာနက်အသုံးပြု၍ အွန်လိုင်းမှ တစ်ဆင့် ပညာသင်ကြားရန်အားထုတ်မှုများ ရှိလာပါသည်။ စမတ်ဖုန်း၊ စမတ်ကွန်ပျူတာ၊ စမတ်လောကကို ဖန်တီးချင်ကြပေသည်။ ကမ္ဘာကို ရင်ပေါင်တန်းနိုင်ခြင်းသည် ကောင်းပါ၏။ သို့သော် ကလေး၊ လူငယ်များစွာအတွက်မူ တန်ဆေး၊ လွန်ဘေးဆိုသကဲ့သို့ ဂိမ်းကစားခြင်းကြောင့် မူးယစ်ဆေးဝါးစွဲသကဲ့သို့ ဘဝပျက်၊ လူ့စွမ်းအားအရင်းအမြစ် ပျောက်ကြသည့် ဘေးထွက်အဖြစ်များက ကမ္ဘာအနှံ့ ကြုံတွေ့နေကြရသည်ကို သတိပြုရန်လိုသည်။

**အလွန်ပင်အကျိုးများ**

ယခုကဲ့သို့ ကမ္ဘာ့ကပ်ဘေးဖြစ်ပေါ်နေချိန်တွင် စားဝတ်နေရေးပြည့်စုံကုံလုံကြွယ်ဝနေကြသည့် လူနည်းစု မိသားစုအတွင်း စမတ်လောကသည် သင့်တော်သည် မှန်သော်လည်း တစ်နေ့လုပ်တစ်နေ့စား ဝမ်းစာရေးအတွက် လုံးချာလည်လိုက်နေရသည့် အများပြည်သူ အခြေခံဆင်းရဲသားမိသားစုများအတွက် စမတ်လောကသည် စိတ်ကူးယဉ်သက်သက် အလှမ်းကွာဝေးနေပါသေးသည်။ စားဖို့သောက်ဖို့တောင်မရှိသော မိသားစုအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်ကို စဉ်းစားဖို့လိုသည်။ ဘယ်မှာလဲ စမတ်၊ ဘယ်မှာလဲ အင်တာနက်၊ အွန်လိုင်း၊ ကုန်ကျငွေ၊ ဘေလ်ဖိုးများ မတတ်နိုင်ကြပါ။ မိမိပတ်ဝန်းကျင်တွင် သတင်းစာ၊ စာစောင်များ နေ့စဉ်ထွက်ရှိနေပါသည်။ သုတ၊ ရသစာအုပ်များလည်းရှိပါသည်။ လက်လှမ်းမီသမျှ သုတ၊ ရသစာအုပ်စာပေ၊ စာစောင်များ အိမ်မှာနေရင်းဖတ်ရှုပါက အလွန်ပင်အကျိုးများပါမည်။ စာအုပ်၊ စာပေ၊ စာစောင်ဖတ်ရင်းဖြင့် အချိန်ကုန်မှန်းမသိကုန်ကာ ဘဝအကျိုးကျေးဇူးရှာဖွေရာတွင် အကျိုးကျေးဇူး ရှိလှသဖြင့် အချိန်မလောက်မဖြစ်သည်ကို ခံစား ထိတွေ့လာကြရပါလိမ့်မည်။ ရောက်သည့်နေရာ ရောက်သည့်ဘဝတွင် အကျိုးရှိအောင်မြင်အောင် လုပ်ကြရပါမည်။

**မိမိပတ်ဝန်းကျင်တွင် သတင်းစာ၊ စာစောင်များ နေ့စဉ် ထွက်ရှိနေပါသည်။ သုတ၊ ရသစာအုပ်များလည်းရှိပါသည်။ လက်လှမ်းမီသမျှ သုတ၊ ရသစာအုပ်စာပေ၊ စာစောင်များ အိမ်မှာနေရင်း ဖတ်ရှုပါက အလွန်ပင်အကျိုးများပါမည်။ စာအုပ်၊ စာပေ၊ စာစောင်ဖတ်ရင်းဖြင့် အချိန်ကုန်မှန်းမသိကုန်ကာ ဘဝအကျိုးကျေးဇူး ရှာဖွေရာတွင် အကျိုးကျေးဇူးရှိလှသဖြင့် အချိန်မလောက်မဖြစ်သည်ကို ခံစား ထိတွေ့လာကြရပါလိမ့်မည်။ ရောက်သည့်နေရာ၊ ရောက်သည့်ဘဝတွင် အကျိုးရှိ အောင်မြင်အောင် လုပ်ကြရပါမည်။**

ကိုဗစ်– ၁၉ ကမ္ဘာ့ကပ်ဘေးရောဂါကာလအတွင်း အိမ်မှာနေရင်း စာအုပ်၊ စာပေဖတ်ရှုလေ့လာဆည်းပူးကြရန် တိုက်တွန်းရပါသည်။ မြန်မာပြည်သူပြည်သားများ စာဖတ်အားနည်းကြ၍ စာပေဖတ်ရှုကြဖို့အထူးလိုသည်။ လက်လှမ်းမီသမျှ မိမိပတ်ဝန်းကျင်ရောဂါဘယကင်းစွာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာဖြစ်အောင် လူတိုင်း တွေးခေါ်ကြံဆ၊ စီမံ၊ ဖန်တီး လုပ်ဆောင်နိုင်ကြဖို့လိုပါသည်။ မိမိမှ မိသားစု၊ မိသားစုမှ ရပ်ရွာ၊ ရပ်ရွာတို့မှ မြို့ပြနိုင်ငံ၊ မြို့ပြနိုင်ငံအသီးသီးမှ ကမ္ဘာသို့ သာယာလှပသော ပတ်ဝန်းကျင်ကောင်းများ အဆင့်ဆင့်ဖန်တီးကြဖို့ လိုပါသည်။ သဘာဝဘေး၊ ရောဂါဘေး၊ စစ်ဘေး၊ အငတ်ဘေး၊ ကမ္ဘာ့ကပ်ဘေးသည် တစ်ဦးတစ်ယောက်၊ တစ်နိုင်ငံတည်းဖြင့် ဖြေရှင်း၍မရနိုင်ပါ။ ကမ္ဘာသူကမ္ဘာသားများသည် မေတ္တာ၊ နှလုံးသား၊ စိတ်ချင်းနီးကပ်စွာဖြင့် အသိပညာဖြင့် စုပေါင်းကာကွယ်နှိမ်နင်းမှသာ ကပ်ဘေးကြီး အောင်မြင်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ချောင်းဆုံမြို့နယ်မှ ဈေးရောင်းဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**ချောင်းဆုံ မေ ၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေး၊ ငါးဈေးနှင့် ကျေးရွာများရှိ ဈေးကိုးဈေးတို့တွင် ယမန်နေ့မှစတင်ပြီး ဈေးရောင်းချသူများနှင့် ဈေးလာဝယ်ကြသူများအား အပူချိန်တိုင်းစက်များဖြင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုကို မေလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ နေ့စဉ်အလှည့်ကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**



**COVID– 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးကအပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၂၃ ရက် (စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် ဖိုးတုူး၏ သူတစ်ပါးမခံချင်အောင် စနောက်တတ်သော အလေ့အကျင့်ကြောင့် မိမိတွင် ပြန်လည်ထိခိုက်တတ်သည့်အကြောင်း ရေးဖွဲ့ထားသည့် "အစသန်သူ" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အာဟာရမျှမျှတတ စားသုံးခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်းကို တင်ဆက်ထားသည့် "အာဟာရရှိတဲ့ အစားအစာတွေ စားကြရအောင်" သုတကဏ္ဍ၊ သစ်ပင်ကောင်းတစ်ပင်တွင် ငှက်တစ်သောင်းနားနေရုံ သာမက မြွေတစ်ကောင်လည်း ရှိနေပုံအကြောင်း ဟာသရေးဖွဲ့ထားသည့် "ဖိုးလုံး" နှစ်မျက်နှာကာတွန်း၊ ခရုမလေး၏ မိခင်သတိပေးစကားကို သတိမမူမိရာက ချစ်သူနဲ့ ဝေးခဲ့ရပုံအကြောင်း ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍအပါအဝင် အင်္ဂလိပ်သဒ္ဒါကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ချမ်းအေးသာစံမြို့နယ်အတွင်း ထရန်စဖော်မာ သုံးလုံး အသစ်တိုးချဲ့တည်ဆောက်ပြီးစီး

**မန္တလေး မေ ၁၉**

၂၀၂၀ နွေရာသီကာလတွင် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ပြည်သူများ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသက်နိုင်၏ ဦးဆောင်မှုဖြင့် ဧပြီ ၂၁ ရက်တွင် ၇၃ x ၃၃ လမ်းထောင့်၌ ၁၁/ ၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ဧပြီ ၂၂ ရက်တွင် ၇၁ x ၃၁ လမ်းထောင့်၌ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ဧပြီ ၁၅ ရက်တွင် ၂၆ x ၆၀ လမ်းထောင့်၌ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး စုစုပေါင်း ထရန်စဖော်မာ သုံးလုံးအား အသစ်တိုးချဲ့တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးထားပြီဖြစ်၍ ပြည်သူများ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့က ကြီးမှူးကျင်းပသည့် 2nd Regional Action Group For The ASIA PACIFIC COVID-19 Action Platform Video Conference ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ပါဝင်တက်ရောက်



**နေပြည်တော် မေ ၁၉**

ကမ္ဘာ့စီးပွားရေးဖိုရမ်(WEF)က ကြီးမှူး၍ Video Conference ဖြင့် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကျင်းပသည့် Regional Action Group For The ASIA PACIFIC: Responding to Supply Chain Disruptions ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ၎င်း၏ ရုံးခန်းမှ ပါဝင်တက်ရောက်သည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တာဝန်ရှိသူများနှင့် အသိပညာရှင် အတတ်ပညာရှင်များ ပါဝင်ဆွေးနွေးကြရာ၌ ကိုဗစ်-၁၉ အလွန် စီးပွားရေးကုစားမှုအစီအစဉ်များ ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းမှုဖြင့် ကုန်ထုတ်လုပ်မှု ကွင်းဆက် ကြံ့ခိုင်အားကောင်းစေရေးအတွက် စတင်လုပ်ဆောင်သင့်သည့် အစီအစဉ်များကို လည်းကောင်း၊ အဓိက မရှိမဖြစ်သည့် ကုန်ပစ္စည်းများကို နိုင်ငံများအချင်းချင်း ကုန်သွယ်မှုပြုရာ၌ 4IR နှင့် Block Chain စသည့် နည်းပညာများကို သုံးစွဲလုပ်ဆောင်နိုင်မည့် အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံများ၏ ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲလုပ်ဆောင်မှုများ၊ ကမ္ဘာ့ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှု ကွင်းဆက် အားကောင်းခိုင်မာစေရေးကို ဆောင်ရွက်သင့်သည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**တီထွင်သုံးစွဲမှုများရှိ**

ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံသည် 4IR ကဲ့သို့သော နည်းပညာကို တီထွင်သုံးစွဲမှုများ ရှိနေပါကြောင်း၊ အကောင်းဆုံး အနေအထား မရောက်သေးသော်လည်း နိုင်ငံအတွင်း နည်းပညာအဖွဲ့အစည်းအချို့က Robot Technology ကို ကုသရေးနှင့် Quarantine Centers များတွင် သုံးစွဲနိုင်အောင် တီထွင်ဖန်တီးခဲ့ကြကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်သူများအား Tracking and Tracing အတွက်လည်း IT နည်းပညာအသုံးပြု ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့အချိန်အခါတွင် ကုန်ထုတ်လုပ်မှု ကွင်းဆက် ကြံ့ခိုင်အားကောင်းစေရေးအတွက် Logistics ကဏ္ဍမှာ အဓိကအရေးပါသည့် အလျောက် မြန်ဆန်ထိရောက်သည့် သိုလှောင်၊ ထောက်ပံ့၊ သယ်ယူရေးစနစ်ကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းက ကြိုးပမ်းဆောင်ရွက်နေရုံနှင့် မလုံလောက်ဘဲ နိုင်ငံများအကြား အပြန်အလှန်အမှီသဟဲပြု၍ ညှိညှိနှိုင်းနှိုင်း၊ စုစုစည်းစည်းနှင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံအလိုက် မိမိဒေသတစ်ခုလုံး၏ စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးသည့်အတွက် လယ်သမားများ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများရရှိရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အချိန်အခါမီ ဖြန့်ဖြူးနိုင်ရေးအတွက် စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး(4IR)နည်းပညာကို ထိထိရောက်ရောက် သုံးစွဲနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ စီးပွားရေး ဝန်ကြီးများ၊ အာရှ-ပစိဖိတ်ဒေသအတွင်းမှ နည်းပညာကုမ္ပဏီကြီးများ၊ ဘဏ္ဍာရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေါက်တာအေးမောင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၉၆ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)

**ဒေါက်တာအေးမောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော ဒေါက်တာအေးမောင်သည် ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁)နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) တို့အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တရားရုံးအဆင့်ဆင့်သို့ အယူခံဝင်ရောက်ခဲ့သော်လည်း စစ်တွေခရိုင်တရားရုံး၏အမိန့်ကို အတည်ပြုခဲ့သဖြင့် တည်ဆဲဥပဒေအရ ထောင်ဒဏ်ကျခံရသူဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ဒေါက်တာအေးမောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းသဖြင့် စစ်တွေခရိုင်တရားရုံးမှ စီရင်ချက်ချမှတ်သည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

၃။ ယင်းသို့ ရွေးကောက်တင်မြှောက်ခံထားရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံရသော ဒေါက်တာအေးမောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃/နခန (နိုင်) ဝဝ၉၉၉၉ ]သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)အရ ယနေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ကြေညာအပ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၀)သို့ တက်ရောက်

**နေပြည်တော် မေ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းက Video Conferencing ဖြင့် ပြုလုပ်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် ၁၅ ခုမှ ပါမောက္ခချုပ်များ ညှိနှိုင်းအစည်းအဝေး(၂/၂၀၂၀)သို့ တက်ရောက်သည်။

**မွမ်းမံပြင်ဆင်မှုများ အမြဲတမ်းပြုလုပ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းတွင် ဆေးနှင့် ဆေးပညာနှီးနွှယ်ပညာရပ်များသည် အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်နေသည်ဖြစ်၍ မိမိတို့ အသုံးပြုနေသော သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်ကိုလည်း မွမ်းမံပြင်ဆင်မှုများကို အမြဲတမ်းပြုလုပ်နေရန် လိုအပ်ပါကြောင်း၊ ဆေးတက္ကသိုလ်များတွင် ယခုစတင်အသုံးပြုသင်ကြားနေပြီဖြစ်သည့် ရလဒ်အခြေပြုသော ပေါင်းစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်း (Outcome Based Integrated Curriculum)သည် ကမ္ဘာ၌ သင်ကြားသော ခေတ်ပေါ်နည်းစနစ်ဖြစ်သည့်အတွက် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးပညာဘွဲ့လွန်သင်တန်းများ၌ လက်တွေ့သင်ကြားမှုများကို အထူးကုဆရာဝန်ကြီးများရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဆေးရုံကြီးများတွင် ကာလတိုတွဲဖက်၍ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဘွဲ့လွန်သင်တန်းသား/ သူများအနေဖြင့် လက်တွေ့ အတွေ့အကြုံများ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဇဟိုဌာန(ပြင်ဦးလွင်)တွင် ပြုလုပ်လျက်ရှိသော အသိအမှတ်ပြုလက်မှတ်ရ သုတေသန စွမ်းဆောင်ရည်မြှင့်သင်တန်းများသို့လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းသား/သူများ မဖြစ်မနေ တက်ရောက်စေမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတွင် ပြုလုပ်ရန်လိုအပ်သော သုတေသနခေါင်းစဉ်များကို စုစည်းထားသည့် Research Title Bank ကိုလည်း ဆေးသုတေသနဦးစီးဌာနမှ ပြုလုပ်ဆောင်ရွက်လျက်ရှိသဖြင့် ဘွဲ့လွန်သင်တန်းသား/ သူများအနေဖြင့် အဆိုပါခေါင်းစဉ်များမှ ရွေးချယ်ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ် ၁၅ ခု စုပေါင်း၍ University Research Journal တစ်ခု ထုတ်စေလိုပါကြောင်း၊ ဆေးနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များရှိ ဆေးပညာသင်ကြားရေးယူနစ် (Medical Education Unit) များ၏ စွမ်းဆောင်ရည်မြှင့်မားရေးကိစ္စရပ်များကိုလည်း သုံးသပ်၍ ယခုထက်ပိုမို စွမ်းဆောင်ရည်မြှင့်တင်စေလိုပါကြောင်း။

**ဘဏ္ဍာငွေများ ပိုမိုခွဲဝေချထားမည်**

ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဆရာ ဆရာမအဖြစ် စတင်တာဝန်ထမ်းဆောင်မည့်သူများအတွက် သင်ကြားမှုဆိုင်ရာ မွမ်းမံသင်တန်းများ ပေးအပ်ခြင်း၊ ရာထူးအဆင့်တိုးမြှင့်သည့်အခါ၌လည်း သက်ဆိုင်ရာ ရာထူးအလိုက် မွမ်းမံသင်တန်းများပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်စေလိုပါကြောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ နှစ်ပတ်လည်အစီရင်ခံစာ (annual report) များကိုလည်း ပုံမှန်ပြုစုသွားကြရမည်ဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ဘဏ္ဍာငွေများ ပိုမိုခွဲဝေချထားမည်ဖြစ်သဖြင့် ဘဏ္ဍာငွေသုံးစွဲလုပ်ငန်း ဆောင်ရွက်နိုင်ရန် စီမံချက်များ ကြိုတင်ရေးဆွဲပြင်ဆင်ထားရှိစေလိုပါကြောင်း၊ ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးများတွင် ပါမောက္ခချုပ်များအနေဖြင့် သက်ဆိုင်ရာ တက္ကသိုလ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရပ်ဆိုင်ရာ သင်ကြားသင်ယူမှုများ ပိုမိုကောင်းမွန်စေရေးတို့အတွက် လိုအပ်ချက်များကို ပွင့်လင်းစွာပြောကြားခြင်းနှင့် အကြံပြုခြင်းများကို ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။



ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာသာထွန်းကျော်နှင့် ညွှန်ကြားရေးမှူးချုပ်(ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန) ဒေါက်တာတင်တင်လေးတို့က ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ဆွေးနွေးမှုနှင့် အကြံပြုမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# သမိုင်းဖြစ်ရပ်များ၊ စာအုပ်စာပေများနှင့် ဘဝထဲက ရန်ကုန်တက္ကသိုလ်

ဒေါက်တာခင်စန်းမေ

အသက်နှစ်နှစ်မတိုင်မီက အဖြစ်အပျက်များကိုပင် မှတ်မိနိုင်စွမ်းရှိသော၊ ရန်ကုန်သူစစ်စစ်ဖြစ်သော ကျွန်မ၏ ငယ်ဘဝတွင် ချစ်ခင်လေးစားအားကျမိခဲ့ရသည့် ခြံနီးချင်း မမနှစ်ယောက် ရှိခဲ့ဖူးလေသည်။

စနေ၊ တနင်္ဂနွေနေ့များဆိုလျှင် တက္ကသိုလ်ကျောင်းသူများ ဖြစ်ကြသော မမတို့က လာခေါ်သဖြင့် သူတို့အိမ်မှာ တစ်နေကုန် တစ်နှင့်တစ်ပိုးစား၊ ဆော့ချင်တာမှန်သမျှအလိုလိုက် အကြိုက်ဆောင်ကာ ညနေစောင်းမှ ပြန်ပို့လေ့ရှိသည်။ အမေးအမြန်းထူလှသော ကျွန်မကို ကလေးအသိဉာဏ်ဖြင့် နားလည်နိုင်သည့် စကားများ၊ ပုံပြင်များ၊ သူတို့တက်ရောက်နေသည့် တက္ကသိုလ်များအကြောင်း ပြောပြခဲ့ကြဖူးပါသည်။ ကျွန်မသည် မမဟန်ပြောပြသည့် ရန်ကုန်တက္ကသိုလ်အကြောင်း၊ ရူပဗေဒဘာသာအဓိကယူပြီး တက်ရောက်နေသည့် အကြောင်းအရာများထက် အကြီးဖြစ်သူ မမမိုး၏လိပ်ခုံးဆေးတက္ကသိုလ်တွင် စာသင်ရသည့် အတွေ့အကြုံများကို ပိုမိုစွဲမက်မိပါသည်။

ဗန်းလေးတစ်ခုထဲမှာ ဖားလေးတစ်ကောင်ကို ခြေကားယား၊ လက်ကားယားဖြစ်အောင် ပင်အပ်လေးတွေစိုက်ပြီး ဗိုက်အရေပြားကို ကတ်ကြေးနှင့် ထိုးညှပ်ကာ မမမိုးက ဖားခွဲနေလျှင် ကျွန်မ မျက်တောင်ပင် မခတ်မိ။ ဘေးဘက်က ကြည့်လိုက်၊ ရှေ့တည့်တည့်သို့ နေရာပြောင်းလိုက်၊ ခုံပေါ်တက်ရပ်ကာ ငုံ့ကြည့်လိုက်နှင့် ဖားပြုပ် (ထိုစဉ်က ဖားအမျိုးအစား မသိခဲ့) လေး၏ နှလုံးလေးက ပွလိုက်၊ ကျုံ့လိုက် ဖြစ်တာကို ကျွန်မစိတ်ဝင်စားလှသည်။ မမမိုး ခွဲသည့် ဖားလေးက မကြာခင်မှာ ခုန်ဆွခုန်ဆွ ပြန်ထွက်သွားမှာပဲဟု စိတ်ချယုံကြည်နေမိပါသည်။

တချို့သော ညနေခင်းများတွင် ဖေဖေ မေမေတို့က သားသမီး သုံးယောက်ကို လက်ဆွဲ၊ ချီပိုးလျက် ကမာရွတ် စံပယ်ခြံဝိုင်းမှထွက်ကာ လှည်းတန်းအဝိုင်းကြီးပေါ်၌ ထိုင်ပြီး လေညင်းခံလေ့ရှိသည်။

ရန်ကုန်တက္ကသိုလ် ပရဝဏ်ထဲမှ ပြန်လာသော မမဟန်နှင့် သူ့သူငယ်ချင်းများ၊ လိပ်ခုံးဘက်မှ တက်သုတ်နှင်လာသော မမမိုးတို့ကို မြင်ရလျှင် ကျွန်မက ခုန်ပေါက်မြူးထူးအော်ဟစ် နှုတ်ဆက်တတ်သည်။ ' ဆရာဝန်မကြီး ဖြစ်ချင်တယ်' ဆိုသော ရည်ရွယ်ချက်ပန်းတိုင်သည် မျက်မှန်ကိုင်း အနက်လေးတပ်ပြီး စာအုပ်ထူထူကြီးများကို ဖတ်နေတတ်သော မမမိုးအား ကြည့်ရင်း အားကျအတုယူခဲ့သော အတွေးဖြစ်နိုင်ပါသည်။

မမဟန် ပြဖူးသော ဓာတ်ပုံများထဲမှ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးသည် ကျွန်မစိတ်ကို ညှို့ယူဖမ်းစားလှသည်။

'ဘယ် တက္ကသိုလ်ပဲ တက်တက် ဒီမှာပဲ ဘွဲ့ယူရမှာ'ဆိုသော စကားကလည်း ကလေးငယ်တစ်ယောက်၏ ဦးနှောက်ထဲဝယ် စွဲစွဲထင်ထင် ဖြစ်စေပါသည်။

ဖြုန်းဆို ဖေဖေ့အလုပ်တာဝန်အရ မော်လမြိုင်သို့ ပြောင်းရွှေ့ရမည်ဆိုသောအခါ ချစ်သောမမများအား ခွဲခွာထားရစ်ခဲ့ရပါတော့သည်။

ပထမတန်းတွင် သတင်းစာကို ကောင်းစွာ ဖတ်တတ်ပြီး တတိယတန်းတွင် လုံးချင်းစာအုပ်များကို ခပ်သွက်သွက် ဖတ်နိုင်နေပြီဖြစ်သော ကျွန်မဆီသို့ ရန်ကုန်တက္ကသိုလ်နှင့် ပတ်သက်သည့် အကြောင်းအရာများက ဟိုမှသည်မှ တိုးဝှေ့ ထွက်ပေါ်လာကြပြန်သည်။

၁၉၇၄ ခုနှစ်တွင် ' ရန်ကုန် တက္ကသိုလ်မှာ ဦးသန့်အရေးအခင်းဖြစ်လို့ ကျောင်းတွေ ပိတ်လိုက်ပြီ' ဆိုသော သတင်းကား လျှော်လှူပ်လိုက်သလို ခပ်ပြင်းပြင်း ရိုက်ခတ်သွားသည်။ 'ဘာတွေ ဆက်ဖြစ်မလဲ' ဟု လူကြီးများက စိုးရိမ်တကြီး ပူပန်နေကြချိန်၌ ကျွန်မတို့ကလေးများကား မိုးပျံအောင် ဆော့မြဲ၊ အငြိမ့်ကတမ်း ကစားမြဲ။ လျှော်လှူပ်သည့်အခါ ဗဟိုချက်နေရာမှာ ပြင်းထန်သလောက် အစွန်အဖျားမှာ လှူပ်သည်ဆိုရုံမျှသာဘောသာ ရှိသကဲ့သို့ပင်။ သို့သော် တစ်နှစ်ပြီးတစ်နှစ် အတန်းကြီးလာလေ စာဖတ်အားကောင်းလာလေ၊ စာအုပ်ကောင်းတွေ လက်လှမ်းမီလာလေဖြစ်သောကြောင့် မမဟန်တို့ ပြောပြသည်ထက် ပိုမိုစုံလင်စွာ သိရှိလာရပါသည်။

**သမိုင်းထဲက ရန်ကုန်တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော တက္ကသိုလ်ဖြစ်သည်။ အရှေ့တောင်အာရှ၏ အစောဆုံး တက္ကသိုလ်များတွင်လည်း ပါဝင်သည်။ တက္ကသိုလ်၏ ဆောင်ပုဒ်မှာ " နတ္ထိ၊ သမံ၊ ဝိဇ္ဇာ၊ မိတ္တံ" ဖြစ်ပါသည်။ ၁၈၇၈ ခုနှစ်တွင် ဗြိတိသျှ-အိန္ဒိယရှိ ကာလကတ္တား တက္ကသိုလ် လက်အောက်ခံ ရန်ကုန်ကောလိပ်အဖြစ် စတင်တည်ထောင်ခဲ့ပြီး ကိုလိုနီဒေသများ၏ ပညာရေးအတွက် ဖွဲ့စည်းထားခဲ့သော ပညာရေးဌာနမှ တိုက်ရိုက် ကိုင်တွယ်ခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် အစိုးရ ကောလိပ်ဟု အမည်ပြောင်းခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ယူနီဗာစီတီကောလိပ်နှင့် ဂျပ်ဆင် (ယုဒသန်) ကောလိပ်ဟူ၍ ထွက်ပေါ်လာခဲ့သည်။ ဂျပ်ဆင်ကောလိပ်ကို ရန်ကုန်တက္ကသိုလ် လက်အောက်ခံ သီးခြားလွတ်လပ်သည့်ကျောင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံရှိ အောက်စဖို့ဒ်နှင့် ကိန်းဘရစ်ချ် တက္ကသိုလ်တို့၏ စနစ်အတိုင်း ဖွဲ့စည်းတည်ဆောက်ခဲ့ ခြင်းဖြစ်သဖြင့် ၁၉၄၀-၁၉၅၀ ပြည့်နှစ်များအတွင်းတွင် အရှေ့တောင်အာရှ၏ အကောင်းဆုံး တက္ကသိုလ်ဖြစ်ခဲ့ပြီး အာရှအဆင့်တွင်လည်း ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် အခြားအာရှနိုင်ငံများမှ ကျောင်းသားများကပင် လာရောက် ပညာဆည်းပူးကြရသည်။

ရန်ကုန်တက္ကသိုလ်ကို ပါမောက္ခများ ကောင်စီ၊ ပညာရှင်များနှင့် အစိုးရအရာရှိများ ပူးပေါင်းအုပ်ချုပ်ခဲ့သော်လည်း ၁၉၆၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်တွင် အဆင့်မြင့်ပညာဦးစီးဌာနမှ တိုက်ရိုက်ချုပ်ကိုင်ခဲ့သည်။ ထို့ပြင် ကျောင်းတွင်း သင်ကြားရေးဘာသာစကားအား အင်္ဂလိပ်ဘာသာမှမြန်မာဘာသာသို့ ပြောင်းလဲခဲ့ပြီးနောက် မကြာမီ ပညာရေးအဆင့်အတန်း တဖြည်းဖြည်း နိမ့်ကျလာခဲ့ရာ အပြည်ပြည်ဆိုင်ရာမှ အသိအမှတ်ပြုခြင်းများ ရပ်တန့်သွားခဲ့ရသည်။ ဆေးပညာ၊ ဘောဂဗေဒနှင့် ပညာရေးဌာနများအား သီးခြားကျောင်းများအဖြစ် ခွဲထုတ်ပြီးချိန်တွင် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဟု အမည်ပြောင်းလဲခဲ့သည်။ ရှစ်လေးလုံး လူထုအုံကြွမှုကာလအပြီးမှစ၍ ရန်ကုန်တက္ကသိုလ်သည် အချိန်အကန့်အသတ်မရှိ ပိတ်ထားခြင်းခံခဲ့ရပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ဘွဲ့ကြိုသင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ဘွဲ့နှင်းသဘင်အနီးတွင်ရှိသော အထင်ကရ သစ်ပုပ်ပင်ကြီးသည် ၂၀၀၈ ခုနှစ်က တိုက်ခတ်သွားသော နာဂစ်မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံပြီး မားမားမတ်မတ် ဆက်လက် ရပ်တည်လျက်ရှိသည်။ ရွှေရတုနှစ် ကျရောက်သော ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင် အခမ်းအနားကျင်းပပြီး ရွှေရတု အမှတ်တရ မဂ္ဂဇင်းထုတ်ဝေခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၉ သို့❖



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ။




တက္ကသိုလ်များ သိပ္ပံသုတေသနဌာန။

**ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံရှိ အောက်စဖို့ဒ်နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်တို့၏ စနစ်အတိုင်း ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ၁၉၄၀-၁၉၅၀ ခုနှစ်များအတွင်းတွင် အရှေ့တောင်အာရှ၏ အကောင်းဆုံးတက္ကသိုလ်ဖြစ်ခဲ့ပြီး အာရှအဆင့်တွင်လည်း ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် အခြားအာရှနိုင်ငံများမှ ကျောင်းသားများကပင် လာရောက်ပညာဆည်းပူး။**

❖စာမျက်နှာ ၈ မှ

၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ် (၇၅) နှစ်မြောက်အတွက် တက္ကသိုလ် စိန်ရတုသဘင်ကျင်းပခဲ့ပြီး စိန်ရတုခန်းမကို ဆောက်လုပ်ခဲ့ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်သည် ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်နှစ်သို့ ရောက်ခဲ့ပါပြီ။ ရန်ကုန် တက္ကသိုလ် နှစ် ၁၀၀ ကာလအတွင်း ထင်ရှားကျော်ကြား ထူးချွန်လှသော နိုင်ငံရေးသုခမိန်ခေါင်းဆောင်ကြီးများ၊ စာပေ ဂီတအနုပညာရှင်များ၊ ပညာရှင်သုခမိန် အကျော်အမော်ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ကြသည်။

နိုင်ငံရေးသမား ခေါင်းဆောင်ကြီးများထဲတွင် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးနေဝင်း၊ သခင်မြ၊ ဦးရာဇတ်၊ ဦးဗဆွေ အစရှိသော ပုဂ္ဂိုလ်များ၊ စာရေးဆရာ ဂီတ ရုပ်ရှင် အနုပညာသမားထဲတွင် ကာတွန်းဗကလေး၊ ကြည်အေး၊ ကောလိပ်ဂျင်နေဝင်း၊ ခင်မျိုးချစ်၊ လူထုဒေါ်အမာ၊ မြသန်းတင့်၊ မင်းသုဝဏ်၊ ဇော်ဂျီ၊ သိန်းဖေမြင့်၊ သိပ္ပံမောင်ဝ၊ မောင်ထင်၊ ဒါရိုက်တာ မင်းသား မောင်တင်မောင်၊ ကြည်စိုးထွန်း၊ စင်ရော်မောင်မောင်၊ ကျော်သူ၊ မေဆွိ အစရှိသူများ၊ စာပေပညာရှင်ကြီးများထဲတွင် ပါမောက္ခ ဒေါက်တာ လှဘေ၊ ဒေါက်တာ လှမြင့်၊ ဒေါက်တာဦးမြင့်၊ ဒေါက်တာ ညီညီ၊ ဒေါက်တာထင်အောင်၊ ဦးဖေမောင်တင်၊ ဦးဖိုးကျား၊ နန္ဒာသိန်းဇံ၊ ဦးသော်ကောင်း စသောပုဂ္ဂိုလ်ကြီးများ ပါဝင်ကြပါသည်။

**စာပေထဲက ရန်ကုန်တက္ကသိုလ်**

အစောဆုံး သတိရမိသည့် စာအုပ်မှာ ဆရာဦးသိန်းဖေမြင့် ရေးသားသော "အရှေ့က နေဝန်းထွက်သည့်ပမာ" စာအုပ်ဖြစ်ပါသည်။ ကိုလိုနီခေတ်(အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်) ကျောင်းသားများ၏ သမိုင်းကို ဖော်ပြထားသော ထိုဝတ္ထုရှည်တွင် လွတ်လပ်ရေး အရေးတော်ပုံသမိုင်းကို နောက်ခံပြုပြီး ဓာတ်လမ်း ဓာတ်ကွက် ဓာတ်အိမ် ဆင်ထားကာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် ကျောင်းသားခေါင်းဆောင်များက တိုင်းပြည် အရေး အရှည် မြော် တွေးပြီး လုပ်ဆောင်ခဲ့ကြသည်များကို သိရှိနားလည်ခဲ့ရသည်။

နောက်ထပ် စွဲလမ်းမိသော စာအုပ်မှာ ဆရာဇဝန ရေးသားသည့် "ကောလိပ်ကျောင်းသား"ဝတ္ထုရှည်ကြီး ဖြစ်ပါသည်။ ထိုဝတ္ထုရှည်ကြီးထဲတွင် လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က ရန်ကုန်ကောလိပ် ကျောင်းသား ကျောင်းသူတို့အကြောင်းကို ရွှင်ရွှင်မြူးမြူး ဖတ်ခွင့်ရခဲ့ပါသည်။ သို့သော် ရန်ကုန် တက္ကသိုလ်မှာ ကျားကုတ်ကျားခဲ ပညာလေ့လာဆည်းပူးကြရသည့် အတွေ့အကြုံများအနက် ရင်ထဲနှလုံးသားထဲမှာ စွဲမြဲနေသော စာအုပ်ကို ပြပါဆိုလျှင် ဆရာဆန်းလွင် (အရှင် အာဒိစ္စရံသီ)၏ “ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူတစ်ယောက်အကြောင်း" စာအုပ်ကို ညွှန်ပြမိမည်ဖြစ်ပါသည်။ အိန္ဒိယလူမျိုး ပါမောက္ခဆရာကား၊ ဆရာမ ရီနာဆာကားတို့၏ စာသင်ချိန်များမှာ ဒဿနိကဗေဒပညာနှင့်ပတ်သက်ပြီး ဆရာဆရာမတို့က သင်ကြားပြသသော အယူဝါဒများ၊ ဆရာဆန်းလွင်က အပြန်အလှန် ဆွေးနွေးမေးမြန်းပုံများ၊ ဆရာ ဆရာမတို့၏ မေးခွန်းများကို ရဲရဲဝံ့ဝံ့ ဖြေကြားခဲ့ပုံများ၊ ပြန်လှန်ဆွေးနွေးချက်တစ်ခုကို ဆရာကားက သဘောမတွေ့၊ အထင်လွဲမှားခဲ့သည့်တိုင်အောင် ပညာရပ်နှင့် ပတ်သက်လာလျှင် မလျှော့တမ်းခွဲဖြင့် ကြိုးစားခဲ့ပုံများသည် စိတ်လှုပ်ရှားတက်ကြွစရာ၊ အားကျအတုယူစရာ ကောင်းလှသည်။ ပညာရပ်ကို အမှန်တကယ် နားလည်သဘောပေါက်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းဆင်ခြင်တတ်သူဟု ဆရာများက အသိအမှတ်ပြုမှ ဂုဏ်ထူးရခဲ့သည်ဆိုသော အချက်က ရန်ကုန်တက္ကသိုလ်၏ ပညာအဆင့်အတန်း မည်မျှမြင့်မားခဲ့သည်ကို မှန်းဆသိမြင်



ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်။

ခွင့်ရခဲ့ပါသည်။

"ပညာ၏တန်ဖိုးကိုသိ၍ တိုင်းပြည်တိုးတက်အောင် လုပ်သွားကြသော စင်ကာပူ၊ မလေးရှား၊ ယိုးဒယား(ထိုင်း) တို့ကြားတွင် ကျွန်တော်တို့၏ တိုင်းပြည်ကို ပြန်လည်မြှင့်တင်ရန် ပညာရေးကို ပြုပြင်မှုရမည်" ဟု မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းကို ခြုံငုံသုံးသပ်ထားသော ဆရာကြည်မင်း(ပါမောက္ခ ဒေါက်တာမောင်မောင်စံ) ရေးသားသည့် 'လမ်းမပေါ်မှ သစ်ပင်များ' ဆောင်းပါးက ထိုအချက်ကို မီးမောင်းထိုးပြနေပါသည်။

ပညာရေးအဆင့်အတန်း နိမ့်ကျလာသည်ဆိုသောကြောင့် စိတ်ပျက်အားလျော့နေရာက ၁၉၇၅ ခုနှစ် မှ ၁၉၈၅ ခုနှစ်အတွင်း ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင်သာ သင်ကြားတက်ရောက်ခွင့် ရှိခဲ့ဖူးသည့်ဥပဒေပညာမှာ မဟာဥပဒေဘွဲ့ရသည်အထိ အားထုတ်ကြိုးပမ်းခဲ့ရသည့် ဆရာကြည်ရွှန်း၏ အတွေ့အကြုံများကို 'ကျမ်းတစ်စောင်နှင့် ခြေတစ်လှမ်း'ဆောင်းပါးမှာ ဖတ်ရှုမှတ်သားလိုက်ရတော့လည်း ဘဝင်ကျမိရပါသည်။

**ဘဝထဲက ရန်ကုန်တက္ကသိုလ်**

ကျွန်မ အခြေခံပညာ အထက်တန်းရောက်တော့ မိသားတစ်စုလုံး ရန်ကုန်ပြန်ရောက်နေပါပြီ။ မော်လမြိုင် ရောက်သွားကတည်းက မမဟန်တို့နှင့် အဆက်အသွယ်ပြတ်သွားခဲ့ရပေမယ့် မမတို့ ပြောပြခဲ့သော စကားများကို လုံးဝမမေ့ပါ။ ငယ်စဉ်က ရည်မှန်းထားခဲ့သလို ဆေးတက္ကသိုလ်သို့ မရောက်ဘဲ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်မှာသာ တက်ရောက်ခွင့်ရပြီး ရေဆင်း၌သာ ဘွဲ့ယူရမည်ဟု သေချာစွာသိရသော တစ်နေ့တွင် ကျွန်မသည် ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်နေသော မမကြီးနှင့်အတူလိုက်ပါလျက် ကံ့ကော်တောသို့ ခြေချမိပါသည်။

ကံ့ကော်တော ပုံပြင်များတွင် ပါနေကျ ဦးချစ်လက်ဖက်ရည်ဆိုင်နှင့် ဦးယမ်းဘီလူး အအေးဆိုင်မှာ ထိုင်ဖူးချင်သည်။ သူတို့ဘယ်လို ပညာသင်ရသလဲ စပ်စုချင်သည်။ သစ်ပုပ်ပင်ကြီးကို မော့ကြည့်ချင်သည်။ ဘွဲ့နှင်းသဘင် အဆောက်အုံကြီးကို ငေးကြည့်ချင်သည်။ ဖြည့်ဆည်းလိုသော ဆန္ဒများစွာနှင့်ပါ။ သို့သော် တခြားကျောင်းက လာတက်သည်ကို ဆရာတွေ သိသွားမှာလားဟု စိုးရိမ်ကြောင့်ကြစွာ ခန္ဓာကိုယ်ကို တတ်နိုင်သလောက် သေးကျုံ့နေမိသေးသည်။ တကယ်တမ်း လက်တွေ့တွင် များပြားလှသော တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေထဲဝယ်မည်သို့မျှ မသိသာပါပေ။

ထိုစဉ်က အပြင်ဘက်မှသာ ငေးမောကြည့်ရှုခဲ့ရသော ဘွဲ့နှင်းသဘင်ခန်းမကြီးထဲသို့ ဝင်ရောက်ရန် အခွင့်အရေး ဆိုက်ရောက်လာတော့ ကျွန်မက ပဉ္စမနှစ်ရောက်နေပြီ။ ရန်ကုန်တက္ကသိုလ်ထဲတွင် နွေရာသီကျောင်းပိတ်ရက်မှာဖွင့်သော လမ်းစဉ်လူငယ် ခေါင်းဆောင်သင်တန်း တက်ရသောကြောင့် မာလာဆောင်မှာ စခန်းဝင်ရခြင်းဖြစ်သည်။ ကျွန်မက ဆေး(၁)၊ ဆေး(၂)၊ ဆေး(မန်း)မှ ကျောင်းသူများနှင့် တစ်အုပ်စုတည်း။ ကျွန်မ၏ အခန်းဖော်က ဆေး(၂) မှ ညီမလေး စပယ်ဖြူ (ခုတော့ ဝေဘာဂီဆေးရုံမှာ ဆေးပညာ ပါမောက္ခ အထူးကု ဆရာဝန်ကြီး ဒေါက်တာ စပယ်ဖြူ ဖြစ်နေပြီ)။

စစ်ရေးပြသင်တန်း၊ တောတွင်းစခန်းချသင်ခန်းစာ၊ အလံရိုက် အချက်ပြ ဆက်သွယ်ရေး၊ အထွေထွေတို့က ကံ့ကော်တောဝယ် ကျွန်မတို့ ခြေရာတွေကို အထပ်ထပ် ဖြစ်စေခဲ့သည်။ ဘွဲ့နှင်းသဘင်ခန်းမထဲတွင် မကြာခဏ အစည်းအဝေးလုပ်ခဲ့သဖြင့် ရောက်ဖူးချင်သောဆန္ဒလည်း ပြည့်ဝခဲ့ပါသည်။ ကျောင်းသူဘဝမှာ တန်ဖိုးထားမိသော အမှတ်တရပါ။

ယခု ကျွန်မတို့ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်း(MVA) သည် ဆရာဝန်ညီလာခံကို နှစ်စဉ်ကျင်းပလေ့ရှိရာ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အကြိမ်ကြိမ်ကျင်းပဖူးလေသည်။ လက်တွေ့ဆေးကုသနေသည့် ပညာရှင်တစ်ယောက်အနေဖြင့် ပညာရပ်ဆိုင်ရာ စာတမ်းများကို ညီလာခံတွင် ဖတ်ကြားရသောကြောင့် စိန်ရတုခန်းမနှင့်လည်း အကျွမ်းတဝင်ဖြစ်ရပြန်သည်။ ထိုမျှသာမကသေး။

၂၀၁၉ ခုနှစ်က ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ လေလွင့်ခွေးများအား ခွေးရူးကာကွယ်ဆေးထိုးပေးခြင်း၊ တိရစ္ဆာန်ကောင်ရေ ထိန်းချုပ်ရန်အတွက် မျိုးမပွားအောင် ခွဲစိတ်ကုသပေးခြင်း စသော ပရဟိတလုပ်ငန်းတွင် Infinity Vet Myanmar (IVM) အဖွဲ့ဝင်တစ်ဦးအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပါဝင်ဆောင်ရွက်ခဲ့ရင်း ရောက်ဖူးရပြန်ပါ၏။

ရန်ကုန်တက္ကသိုလ်ကို အဆင့်မြှင့်တင်မည်ဟု ကြားရသည်။ ယခုခေတ်က Printer၊ Copiers၊ Scanner ခေတ်၊ အင်တာနက်ခေတ် ဖြစ်လာပြီး ပရိုဂျက်တာနှင့် ပါဝါပွိုင့်တို့က သင်ထောက်ကူပစ္စည်း ဖြစ်လာသည်။ သင်ကြားမှုက ၆၀ ရာခိုင်နှုန်း၊ ပြန်လှန်ဆွေးနွေးမှုက ၄၀ ရာခိုင်နှုန်းစနစ် ဖြစ်သည်ဟု လက်ရှိ ဘွဲ့လွန်သင်တန်းတက်နေသော ဂျူနီယာမောင်လေး တစ်ယောက်ထံမှ ကြားသိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

အသက် ၈၀ ကျော်မှာ ပညာထပ်မံဆည်းပူးလျက် ဘွဲ့လွန်ဒီဂရီများ ဆွတ်ခူးခဲ့သော ဆရာမကြီး မသက်ဆွေ၏ သတင်းကြောင့် ပညာသင်ကြားလိုစိတ်များပင် နိုးကြားလာရသည်။ ဂုဏ်အယူရဆုံး ဖြစ်ရပ်ကတော့ ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ အထင်ကရ နေရာတစ်ခုဖြစ်သော တက္ကသိုလ်စာကြည့်တိုက်၏ ကက်တလောက်ထဲတွင် ဆရာဝန်စာရေးဆရာ ဒေါက်တာခင်စန်းမော်အနေဖြင့် လည်းကောင်း၊ ရသစာရေးဆရာ ကြည်ဇင်နှင်းအမည်ဖြင့် လည်းကောင်း ပါဝင်နေပြီဖြစ်သောကြောင့် ဖြစ်ပါသည်။

အသက် ၁၇ နှစ်အရွယ်က ရေးခဲ့သော ပထမဆုံး ဝတ္ထုတိုနှင့် တက္ကသိုလ် ကောလိပ်အဆင့်ပထမဆုရ ပထမဆုံးဆောင်းပါးတို့ကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ထဲမှာ ပြန်လည်ရှာဖွေရယူခဲ့ရတာသည်လည်း မမေ့နိုင်စရာ။ တစ်ချိန်ချိန်မှာ ဦးကျည်ပွေ့ထုံးနှလုံးမူလျက် ပညာရပ်တစ်ခုခု လေ့လာဆည်းပူးမည့် ကျောင်းသူတစ်ယောက် ဖြစ်ချင်ဖြစ်နေမည်။



သမိုင်းအစဉ်အလာ ကြီးကျယ်ခမ်းနားလှသော ရန်ကုန်တက္ကသိုလ်နှင့် ကျွန်မ၏ ပတ်သက်မှုက စုတ်ချက်တစ်တို့၊ နှစ်တို့(သို့) စုတ်ချက်အနည်းငယ်လောက်သာ ဖြစ်ကောင်းဖြစ်နေနိုင်သော်လည်း ကျွန်မအတွက် ရန်ကုန်တက္ကသိုလ်ကြီးကတော့ အဝေးမှ တစိမ့်စိမ့်ကြည့်ပြီး မြတ်နိုးတန်ဖိုးထားရသည့် ပန်းချီကားတစ်ချပ်ပမာ ဖြစ်တော့သည်။ ။

# ကျန်းမာ လန်းဖြာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထဲက သူတို့ကမ္ဘာ

ဘုန်းမြတ်ခေါင်

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းက စတင်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါက မတ်လအတွင်းမှာ ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပြီး မြန်မာနိုင်ငံတွင်းမှာပါ ကိုဗစ်-၁၉ ကပ်ရောဂါ ခ‌ာတ်ခွဲအတည်ပြုလူနာ စတင်တွေ့ရှိလာခဲ့သည်။ မြန်မာနိုင်ငံတွင်း အတည်ပြုလူနာ တွေ့ရှိပြီးနောက် လူစုလူဝေးနှင့် လူအများသွားလာသည့်နေရာများ မသွားကြရန် ကန့်သတ်ခဲ့ကြရာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည်လည်း မတ် ၂၆ ရက်မှစတင်ကာ အများပြည်သူလာရောက်ကြည့်ရှုလေ့လာခွင့်အား ပိတ်ခဲ့ရပြီး မတ် ၂၇ ရက်မှာ ဝန်ထမ်းမှအပ ပြင်ပ ပြည်သူများ ဝင်ခွင့်မပြုခဲ့တော့ပေ။


ယခုအခါ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ အများပြည်သူလာရောက်ခွင့် ပိတ်ခဲ့ရသည်မှာ နှစ်လနီးပါးရှိလာခဲ့ပြီဖြစ်သည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ကိုဗစ်ကာလ မည်သို့ ဖြတ်သန်းလျက်ရှိသည်ကို သွားရောက်လေ့လာမေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဥယျာဉ်အတွင်း လှည့်လည်ပြသကာ ရှင်းလင်းပြောပြခဲ့သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၄၇ မျိုး၊ ကျေးငှက် ၇၂ မျိုးနှင့် တွားသွားသတ္တဝါ ၁၉ မျိုးတို့ အပါအဝင် မျိုးစိတ် ၁၃၈ မျိုး၊ တိရစ္ဆာန်ကောင်ရေ ၁၄၀၀ ကျော်အား ဝန်ထမ်းအင်အား ၂၁၇ ဦးတို့က ထိန်းသိမ်းပြုစုလျက်ရှိသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အား ကိုဗစ်ကာလ ပိတ်ထားခဲ့ရာ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသော လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းခွင်အား ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် စီမံမန်နေဂျာ ဦးမျိုးကျော်သူက "ကျွန်တော်တို့ ဝန်ထမ်းတွေကို သက်ဆိုင်ရာဌာနအလိုက် မဖြစ်မနေထုတ်ရမယ့် အင်အားကို တွက်ချက်ပြီး လုံလောက်တဲ့ အနားယူမှုတွေ စီစဉ်ပေးပါတယ်။ နောက် ကိုဗစ်ကာလ အဓိကလိုအပ်တဲ့ တစ်ဦးနဲ့တစ်ဦးကြား ၃ ပေ၊ ၆ ပေကွာဖို့၊ လက်ဆေးဖို့၊ နှာခေါင်းစည်း တပ်ဖို့ကအစ အကုန်စီစဉ်ပေးပါတယ်။ လစာဖြတ်တောက်တာမျိုး၊ လူလျှော့တာမျိုး မရှိပါဘူး"ဟု ပြောသည်။

လက်ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း တိရစ္ဆာန်များအား ကျွေးမွေးရန်အတွက် ရိက္ခာများကို တင်ဒါစနစ်ဖြင့် ခေါ်ယူဝယ်ထားခြင်းဖြစ်သည့်အတွက် အခက်အခဲမရှိဘဲ နေ့စဉ် ရရှိကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ယခင်ကျွေးမွေးသည့် စနစ်အတိုင်း တစ်ရက်လျှင် ပျမ်းမျှ ငွေကျပ် ၁၀ သိန်းခန့် ကျွေးမွေးနေကြောင်း၊ အချို့သော ကုသိုလ်ပြုလိုသူများက ဆက်သွယ်လာခြင်းကြောင့် ကုသိုလ်ပြု အစာကျွေးမှုများလည်းရှိကြောင်း၊ ထိုသို့ ကျွေးမွေးမှုများကို အုပ်ချုပ်ရေးဌာနနှင့် ညှိနှိုင်းကာ ကူညီဆောင်ရွက်ပေးပါကြောင်း၊ ပုံမှန်ကျွေးမွေးသည့် အစာများအပြင် ကုသိုလ်ပြုလာသည့် အစာရိက္ခာများအား အပိုထပ်မံကျွေးမွေးခြင်းသာ ဖြစ်ပါကြောင်းနှင့် ထိုကာလအတွင်း တိရစ္ဆာန်များ ထူးထူးခြားခြား ထိခိုက်သေဆုံးမှုမျိုးမရှိဘဲ အသက်ကြီးရင့်ခြင်းကြောင့်လည်းကောင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ခြင်းကြောင့် လည်းကောင်း ပုံမှန်သေဆုံးမှု အနည်းငယ်သာရှိပါကြောင်း စီမံမန်နေဂျာက ပြောပြသည်။



ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း အချို့တိရစ္ဆာန်လေးများမှာ သားပေါက်လျက်ရှိပြီး ထူးထူးခြားခြားအနေဖြင့် ရေချိုလိပ်မျိုးဖြစ်သော တိုက်လိပ်တစ်ကောင် ပေါက်ဖွားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ အဆိုပါ တိုက်လိပ်မျိုးမှာ ရှားပါးစာရင်းဝင်ဖြစ်ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ရောက်ရှိလာသည့် တစ်နှစ်ကျော်ကာလတွင် ပထမဆုံး သားပေါက်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံတွင်လည်း ပေးပို့ထားသည့် တိုက်လိပ်များမှာ ခြောက်နှစ်ကျော် သက်တမ်းရှိသော်လည်း သားပေါက်ခြင်းမရှိဟု သိခဲ့ရသည်။ ထို့အတူ အောက်ချင်းငှက်များလည်း ပေါက်ဖွားလျက်ရှိသည်ကို သိရှိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ရာ ပြင်ပလမ်းများသာမက တိရစ္ဆာန်ခြံဝင်းများအတွင်းတွင်ပါ သန့်ရှင်းနေသည်။ အသက် ၆၇ နှစ်အရွယ် ဆင်မကြီးမိုမိုကို ရွှင်လန်းစွာ တွေ့မြင်ခဲ့ရသလို ကျားကြီးမှုန်ကြီးကိုလည်း လှောင်အိမ်အတွင်း လမ်းလျှောက်နေသည်ကို တွေ့မြင်ခဲ့ရသည်။ သမင်များမှာမူ လာရောက်ကြည့်ရှုသည့် သတင်းအဖွဲ့အား ပြင်ပလူမမြင်ရတာကြာသည့်အတွက် အထူးအဆန်း ကြည့်နေကြသည်။

တိရစ္ဆာန်များ၏ ကျန်းမာရေးအခြေအနေအား ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တာဝန်ခံဆရာဝန် ဒေါက်တာထွန်းမြင့်ထံ မေးမြန်းကြည့်ခဲ့သည်။

ဒေါက်တာထွန်းမြင့်က "လက်ရှိ ကိုဗစ်-၁၉ ကာလ ပိတ်ထားရတဲ့အချိန်မှာ ပိုပြီးတော့ တိရစ္ဆာန်တွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပါတယ်။ သန့်ရှင်းရေးကအစ အသေးစိတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခုလို အပူချိန်အလွန်မြင့်တဲ့ကာလမှာ လိုအပ်တဲ့ ရေဖျန်းပေးတာတွေ၊ ရေချိုးဖို့ လုပ်တာတွေအပြင် သောက်ရေထဲကို ဓာတ်ဆားတို့၊ ဂလူးကို့စ်တို့ကို ဖြည့်စွက်စာအနေနဲ့ ထည့်ပေးတာမျိုး ဂရုတစိုက် ဆောင်ရွက်ပေးခဲ့တာကြောင့် ထိခိုက်မှုမရှိခဲ့ပါဘူး။ အခုဆို မိုးရွာသွန်းလိုက်တာကြောင့် အပူရှိန်လျော့နည်းသွားတော့ ပိုကောင်းသွားပါတယ်"ဟု ရှင်းလင်းပြောပြသည်။

"ထူးဂရုကုမ္ပဏီကနေပြီး ၂၀၁၁ ခုနှစ်ကတည်းက ထိန်းသိမ်းတာဝန်ယူခဲ့ပါတယ်။ ကျွန်တော်တာဝန်ယူပြီးတဲ့နောက် အသွင်သဏ္ဌာန်ပြောင်းလဲမှုနဲ့ အနှစ်သာရပြောင်းလဲမှုဆိုပြီး ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အသွင်သဏ္ဌာန်ပြောင်းလဲမှုအနေနဲ့ကတော့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အလှဆင်လုပ်ငန်းများ ဆောင်ရွက်တာ၊ ပြန်လည်မွမ်းမံတာမျိုးတွေ ဖြစ်ပါတယ်။ နောက်တိရစ္ဆာန်တွေ နေထိုင်ရတာ သဘာဝနဲ့ နီးကပ်စွာ နေထိုင်နိုင်ဖို့ ပြုပြင်ပြောင်းလဲပေးတာမျိုးဖြစ်ပါတယ်။ အနှစ်သာရပြောင်းလဲမှုအနေနဲ့ကတော့ ဥပမာပြောရရင် ဆင်မကြီးမိုမိုကို နှစ်ပေါင်းများစွာ ထူးခတ်ထားခဲ့ကြရာက ကုမ္ပဏီက တာဝန်ယူပြီးတဲ့အချိန်ကစလို့ လွတ်လပ်စွာ သွားလာနိုင်ဖို့ ဆောင်ရွက်ပေးတာမျိုးဖြစ်ပါတယ်" ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသီဟဖေက ပြောပြသည်။

"ကိုဗစ်ကာလမှာတော့ ပြည်သူတွေ လာရောက်လည်ပတ်ခွင့် မရှိတဲ့အတွက် ဝင်ငွေပိုင်းမှာ အခက်အခဲရှိပါတယ်။ တခြားတော့ အခက်အခဲမရှိပါဘူး။ ဝန်ထမ်းတွေကလည်း ဆွေစဉ်မျိုးဆက်လိုလို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ထိန်းသိမ်းစောင့်ရှောက်လာကြသူတွေမို့ ပြုစုထိန်းသိမ်းစောင့်ရှောက်မှုအတွက် ခက်ခဲတာမရှိပါဘူး။ တိရစ္ဆာန်တွေကိုလည်း သတ်မှတ်ထားတဲ့ အချိန်တွေအတိုင်း၊ သတ်မှတ်ထားတဲ့ အစာတွေကို စနစ်တကျ ကျွေးမွေးပြုစုလျက်ရှိပါတယ်"ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူးက ဆိုသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အနေဖြင့် ၁၉၀၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၁၁၄ နှစ် ရှိပြီဖြစ်သည်။ ထိုသို့ သက်တမ်းကာလအတွင်း ဖြစ်စဉ်များစွာကို ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ယခု ကိုဗစ်ကာလတွင်လည်း ကြံ့ကြံ့ခံကာ ရပ်တည်နေဆဲဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါဘေး ထိန်းချုပ်နိုင်ပြီး ပြည်သူများ အသွားအလာ၊ အလုပ်အကိုင်များ စနစ်တကျ ပြန်လည်လုပ်ကိုင်လာနိုင်မည့်အချိန် မဝေးတော့ဟု ယုံကြည်မိပါသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထဲက တိရစ္ဆာန်လေးများကတော့ မျှော်နေကြပါပြီ။ နှစ်လနီးပါး လာရောက်ကြည့်ရှုလေ့လာသူများနှင့် ဝေးကွာနေပြီး မေတ္တာငတ်နေသော တိရစ္ဆာန်လေးများအတွက် မေတ္တာဖြင့် ထိန်းသိမ်းစောင့်ရှောက်နေသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အဖွဲ့သူ၊ အဖွဲ့သားများအား ကျေးဇူးတင်မိနေပါတော့သည်။


## စာပေဗိမာန်စာမူဆု(၂၀၁၉) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း


**ရန်ကုန် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်သည် ဘာသာပြန်စာပေဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များ တိုးတက်ရေးအတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ် ဖိတ်ခေါ်ကျင်းပလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန် စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိသည်။

ယခင်နှစ်များတွင် ဘာသာပြန်စာမူပြိုင်ပွဲ၌ သုတဘာသာရပ်တစ်မျိုးသာ ပြဋ္ဌာန်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုမှစ၍ ဘာသာပြန်(သုတ)နှင့် ဘာသာပြန်(ရသ)ဟူ၍ နှစ်မျိုးခွဲလျက် ပြဋ္ဌာန်းလိုက်ပါသည်။

၂၀၁၉ ခုနှစ်အတွက် ဘာသာပြန်(ရသ) ပြဋ္ဌာန်း စာအုပ်မှာ V.S NAIPAUL ရေးသားသည့် COLLECTED SHORT FICTION စာအုပ်ဖြစ်ပြီး ဘာသာပြန် (သုတ) ပြဋ္ဌာန်းစာအုပ်မှာ MIKE GONZALEZ and MARIANELLA YANES တို့ ရေးသားသည့် THE LAST DROP : The Politics of Water စာအုပ်ဖြစ်ပါသည်။




ယင်းစာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၁-၃၈၁၄၄၈၊ သပြေကုန်း နေပြည်တော်ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၆၇-၃၄၀၄၁၆၊ ၈၆လမ်း ၂၁x၂၂ ကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း - ၀၂-၄၀၃၀၁၈၆ တို့တွင် COLLECTED SHORT FICTION စာအုပ်ကို တန်ဖိုးငွေကျပ် ၅၀၀၊ THE LAST DROP : The Politics of Water စာအုပ်ကို တန်ဖိုးငွေကျပ် ၇၀၀ တို့ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။


ပြိုင်ပွဲဝင် စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ Website. www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း၊ စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ဖြင့် သော်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်ပါသည်။

ပြိုင်ပွဲဝင်စာမူများကိုလည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ယင်းလိပ်စာသို့ပင် လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

facebook **အမုန်းစကားမပြောရ**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ဥရောပသမဂ္ဂအား ယူရိုငွေ ၅၀၀ ဘီလီယံထောက်ပံ့ပေးမည့်အစီအစဉ် ပြင်သစ်နှင့် ဂျာမနီတို့ ပူးတွဲအဆိုတင်သွင်း


**ဘာလင် မေ ၁၉**

ဥရောပဒေသ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန်အတွက် ဥရောပသမဂ္ဂအား ယူရိုငွေ ၅၀၀ ဘီလီယံထောက်ပံ့ပေးမည့်အစီအစဉ်ကို ပြင်သစ်နှင့် ဂျာမနီတို့က ပူးတွဲအဆိုတင်သွင်းခဲ့သည်။

ပြင်သစ်သမ္မတ မက်ခရွန်က ယင်းအဆိုပြုချက်အား အရေးကြီးသော ရှေ့ခြေလှမ်းတစ်ရပ်အဖြစ် ပြောဆိုခဲ့ပြီး ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် ပြုလုပ်သော ဗီဒီယိုကွန်ဖရင့်တွင် ၎င်းက ပြင်သစ်နှင့်ဂျာမနီတို့၏ ယခု ပူးတွဲအဆိုပြုချက်မှာ ဥရောပသမဂ္ဂတွင်ရှိနေသော ကြွေးမြီများအား နှစ်နိုင်ငံပူးပေါင်းပြီး ပေးဆပ်ရန် ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

မာကယ်က ပြောကြားရာတွင် ကိုရိုနာဗိုင်းရပ်စ်အရေး၏ ကွဲပြားသောသဘောသဘာဝကြောင့် မိမိတို့နှစ်နိုင်ငံအနေဖြင့် ကွဲပြားသော ယခုနည်းလမ်းကို ရွေးချယ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ "ယခုနည်းလမ်းကို အသုံးပြုရတဲ့ ရည်ရွယ်ချက်ကတော့ ဥရောပဒေသကို ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာအခက်အခဲက လွတ်မြောက်စေရန်ဖြစ်ပြီး ကြံ့ခိုင်၊ စည်းလုံး၊ ညီညွတ်မှုရှိစေချင်လို့ ဖြစ်ပါတယ်"ဟု မာကယ်က ပြောကြားသည်။ "ယခုထောက်ပံ့ပေးမယ့် ယူရိုငွေ ၅၀၀ ဘီလီယံဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်နေတဲ့ဥရောပက လုပ်ငန်းကဏ္ဍတွေနဲ့ ဒေသတွေမှာ ဥရောပသမဂ္ဂက ကူညီရန်ဆောင်ရွက်နေတဲ့ အစီအစဉ်တွေကို အထောက်အကူပြုရန်ဖြစ်ပါတယ်"ဟု နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ထုတ်ပြန်ခဲ့သည်။ ယခုကဲ့သို့ ရန်ပုံငွေပေးအပ်ခြင်းအားဖြင့် ဥရောပရှိ စီးပွားရေးလုပ်ငန်းများအား ကြံ့ကြံ့ခံနိုင်မှု၊ ပေါင်းစည်းမှုနှင့် ယှဉ်ပြိုင်မှုများကိုမြှင့်တင်ပြီး ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်စေရန်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်ပြောင်းလဲရေး၊ သုတေသနနှင့် တီထွင်မှုများ ပါဝင်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဘရာဇီးနိုင်ငံ ဆင်ခြေဖုံးဒေသများ၌ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ဆောင်ချက်များကို ကျေနပ်မှုမရှိသည့်အတွက် ဒေသခံများ ဆန္ဒထုတ်ဖော်

**ဘရာဇီးလီးယား မေ ၁၉**

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့ရှိ ဆင်ခြေဖုံးဒေသများ၌ အစိုးရ၏ ဗိုင်းရပ်စ်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ကျေနပ်အားရမှုမရှိသည့်အတွက် ဒေသခံများက မေ ၁၈ ရက်တွင် ဆန္ဒထုတ်ဖော်ခဲ့သည်။



ဆန္ဒထုတ်ဖော်သူများက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုများ ပိုမိုလုပ်ဆောင်ပေးရန် အစိုးရအား တောင်းဆိုခဲ့ကြသည်။

ဘရာဇီးနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၄၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၆၀၀၀ ရှိသည်။ ဗိုင်းရပ်စ်ကူးစက်မှုအမြင့်မားဆုံးနေရာများသည် ကျန်းမာရေးစောင့်ရှောက်မှု အနည်းဆုံးဖြစ်သည့် ဆင်ခြေဖုံးဒေသများဖြစ်ကြောင်း တွေ့ရှိရသည်။

ဆော်ပေါ်လိုမြို့ အလယ်ပိုင်းရှိ ဒေသခံများက ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အစိုးရအား တောင်းဆိုကာ ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ချီတက်ခဲ့ကြခြင်းဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှုနှုန်း လျော့ကျစေရန် နေအိမ်ပြင်ပသို့ မထွက်ဘဲ နေအိမ်များတွင် နေထိုင်ကြသော်လည်း စားစရာနှင့် သောက်ရေများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း အဆိုပါ ဆန္ဒထုတ်ဖော်သူများက ပြောကြားခဲ့သည်။ ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ဆော်ပေါ်လိုမြို့ကို မတ်လအလယ်ပိုင်းမှစပြီး ခရီးသွားလာခွင့်များ ကန့်သတ်ထားသည်။

ပြည်နယ်အစိုးရက ဒေသခံပြည်သူများအား စားနပ်ရိက္ခာ၊ သောက်ရေနှင့် နေ့စဉ်သုံးပစ္စည်းများကို မျှဝေပေးထားပြီးဖြစ်သည်ဟု အုပ်ချုပ်ရေးမှူး ဂျာအိုဒိုရီယာက မီဒီယာသို့ ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ဆင်ခြေဖုံးဒေသများ၌ နေထိုင်သော ပြည်သူ ၁၃ သန်းကျော် ရှိသည်။ ထို့ကြောင့် လူဦးရေထူထပ်သော ဆင်ခြေဖုံးဒေသများတွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ လျော့ကျမှုရှိစေရန် ဆောင်ရွက်ရခြင်းသည် အစိုးရအဖွဲ့၏စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်အနောက်တောင်ပိုင်းတွင် မြေလျှောင်လှုပ်ခတ်မှုကြောင့် လေးဦးသေ၊ ၂၃ ဦး ဒဏ်ရာရ

**ပေကျင်း မေ ၁၉**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် မြေလျှင်တစ်ခု လှုပ်ခတ်မှုကြောင့် လေးဦးထက်မနည်း သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ယနေ့ ပြောကြားလိုက်သည်။

ကျောင်ကျားခရိုင်တွင် ယမန်နေ့ညနေပိုင်းက မြေလျှင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ယူနန်ပြည်နယ်အစိုးရအဖွဲ့က လူမှုမီဒီယာ၌ ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ အင်အား ရစ်(ချ်)တာစကေး ၅ အဆင့်ရှိ မြေလျှင်မှာ လူဦးရေ ခြောက်သန်းကျော် နေထိုင်ရာ ကျောင်တန်မြို့တော်အနီး လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်မြေလျှင်အာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

မီးသတ်သမားများအပါအဝင် ကယ်ဆယ်ရေးအဖွဲ့များကို မြို့နယ် ၁၆ ခုသို့ စေလွှတ်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ယနေ့ ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံတွင် အထူးသဖြင့် တောင်ထူထပ်ရာ အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများတွင် မြေလျှင်များ ပုံမှန်ဆိုသလို လှုပ်ခတ်လေ့ရှိသည်။ ပြီးခဲ့သည့်နှစ်က စီချွမ်ပြည်နယ်တွင် ပြင်းအား ရစ်(ချ်)တာစကေး ၆ အဆင့်ရှိ အင်အားပြင်းမြေလျှင်တစ်ခုလှုပ်ခတ်ခဲ့ရာ ၁၃ ဦး သေဆုံးပြီး ၂၀၀ နီးပါး ဒဏ်ရာရရှိကာ အဆောက်အအုံများစွာ ပျက်စီးခဲ့ရသည်။ ၂၀၀၈ ခုနှစ်တွင် စီချွမ်ပြည်နယ်၌ပင် ရစ်(ချ်)တာစကေး ၇ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေလျှင်တစ်ခုလှုပ်ခတ်မှုကြောင့် လူပေါင်း ၈၇၀၀၀ ခန့် သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့သည်။

**ကိုးကား-ဂျပန်တိုင်းမ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် တောင်အာရှ၌ ပြည်သူသန်းနှင့်ချီ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**ကိုးလ်ကတ္တား မေ ၁၉**

လွန်ခဲ့သည့်နှစ်များအတွင်း အင်အားအပြင်းထန်ဆုံး ဆိုင်ကလုံးမုန်တိုင်းများအနက် တစ်ခုအပါအဝင်ဖြစ်သော အမ်ဖန်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းက အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ ယနေ့ ဦးတည်တိုက်ခတ်လျက်ရှိရာ တာဝန်ရှိသူများက သန်းနှင့်ချီသော ပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း၊ သို့သော် ယခုလက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်မှု အစီအမံများကြောင့် ယင်းပြောင်းရွှေ့ရေးစီမံချက်ကို ခက်ခဲရှုပ်ထွေးစေလျက်ရှိကြောင်း သိရသည်။



### ပြင်းအား ၁၁၅ မိုင်ရှိ

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် ပြင်းအား ၁၁၅ မိုင်နှုန်းဖြင့် မေ ၂၀ ရက် မွန်းလွဲပိုင်း သို့မဟုတ် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံအရှေ့ဘက်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်မည်ဟု မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ခန့်မှန်းထားသည်။

အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်းသည် ၂၀၀၇ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့ပြီး လူပေါင်း ၃၅၀၀ ခန့် အသက်ဆုံးရှုံးစေခဲ့သည့် ဆီဒါအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းပြီးနောက် အင်အားအပြင်းဆုံးမုန်တိုင်းဖြစ်လိမ့်မည်ဟု ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ပြောကြားသည်။

### ပြောင်းရွှေ့ပေးလျက်ရှိ

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကုန်းတွင်းပိုင်းသို့ ဦးတည်တိုက်ခတ်လာသည့် မုန်တိုင်းကြောင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသကဲ့သို့ မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်သည့်ထောင်နှင့်ချီသော ပြည်သူများကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း သိရသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မုန်တိုင်းဦးတည်တိုက်ခတ်လာတဲ့အတွက် ပြည်သူ ၂ ဒသမ ၂ သန်းခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးမှာဖြစ်ပြီး မုန်တိုင်းဒဏ်ကြောင့် နိုင်ငံအတွင်း သေကျေဒဏ်ရာရရှိမှု လုံးဝမရှိအောင် ကြိုးပမ်းလုပ်ဆောင်သွားမှာပါ" ဟု ဘင်္ဂလားဒေ့ရှ် သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ အယ်နာမူရ်ရာမန်က ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရန် ခပ်ခွာခွာနေရေး အစီအမံသေချာစေရန် မဖြစ်မနေနှာခေါင်းစည်းများ တပ်ဆင်ခြင်းနှင့်အတူ စာသင်ကျောင်းများကို ခိုလှုံရာစခန်းများအဖြစ် အသုံးပြုခြင်းအားဖြင့် ဆိုင်ကလုန်းခိုလှုံစခန်းကို တိုးချဲ့ထားကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအတွက် ခိုလှုံစခန်းများတွင် သီးခြားအခန်းများကို ဖန်တီးပေးထားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် အစိုးရသည် ဝေလံခေါင်ဖျားသော ကျွန်းစုများရှိ ထောင်နှင့်ချီသော ပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးသည့်အပြင် ငါးဖမ်းလှေများကိုလည်း ကမ်းခြေသို့ ပြန်လာကြရန် ညွှန်ကြားထားပြီး သင်္ဘောဆိပ်အားလုံးကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့ပါးသက်သာစေရန်နှင့် ထိန်းချုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြိုးစားဆောင်ရွက်မှုများကို ဥရောပသမဂ္ဂက ထောက်ခံ

**ဘရပ်ဆဲလ် မေ ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ဘက်ပေါင်းစုံ ကြိုးပမ်းအားထုတ်မှုများကို ဥရောပသမဂ္ဂက ထောက်ခံကြောင်း ယနေ့ ပြောကြား သည်။

ယခုအချိန်သည် စည်းလုံးညီညွတ်ရမည့် အချိန်ဖြစ်ကြောင်း၊ အပြစ်ပြောရမည့်အချိန် သို့မဟုတ် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို အားနည်းအောင် လုပ်ရမည့်အချိန် မဟုတ်ကြောင်း ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာ ပြောရေးဆိုခွင့်ရှိသူ ဗာဂျင်းနီး ဘက်တူ-ဟာန်နရစ်ဆင်က သတင်းထောက်များကို ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နှစ်ပတ်လည် ညီလာခံသို့ ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဘက်လိုက်မှုကင်းပြီး လွတ်လပ်ပြီး ကျယ်ပြန့်သည့် အကဲဖြတ်ချက်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို ဥရောပသမဂ္ဂက တင်သွင်းခဲ့သည်။



ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဗာဂျင်းနီးဘက်တူ-ဟာန်နရစ်ဆင်

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့နည်းစေရန်နှင့် ထိန်းချုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြိုးစားဆောင်ရွက်မှုများကို ဥရောပသမဂ္ဂက ထောက်ခံကြောင်း၊ ၎င်းကြိုးစားအားထုတ်မှုများကို ပံ့ပိုးကူညီရန် ရန်ပုံငွေ ထပ်မံပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် တရုတ်နိုင်ငံနှင့် အလွန်နီးနီးကပ်ကပ် ဆက်ဆံမှုရှိနေကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုကို တုံ့ပြန်ရာတွင် နှေးကွေးကြောင်း စွပ်စွဲလျက်ရှိသည်။ အဆိုပါ စွပ်စွဲချက်များကို ဥရောပသမဂ္ဂက ဆန့်ကျင်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ရန်ပုံငွေ ထည့်ဝင်မှုကို ရပ်ဆိုင်းထားသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒ်ဟာနွမ် ဂီဘရီယီဆက်စ် ထံသို့ ၎င်း၏စွဲချက်များကို ရှင်းလင်းတင်ပြရန်နှင့် ယင်းအဖွဲ့မှ နုတ်ထွက်မည်ဖြစ်ကြောင်း မေ ၁၈ ရက်က စာရေးသားပေးပို့ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်၏ အန္တရာယ်ကို တရုတ်နိုင်ငံက လျှော့ပေါ့ပြောဆိုခဲ့သည်ဟု အမေရိကန်၏ စွပ်စွဲချက်များကို တရုတ်အစိုးရက ငြင်းဆိုခဲ့သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်က ဗိုင်းရပ်စ်ပြဿနာကာလ တစ်လျှောက် တရုတ်နိုင်ငံသည် ပွင့်လင်းမြင်သာမှုရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညီလာခံတွင် အလေးအနက် ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂသည် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါ စတင်ပေါ်ပေါက်ခဲ့ပုံနှင့် ပျံ့နှံ့ပုံကို လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရန် ထောက်ခံသည်။ သို့စေကာမူ ဥရောပသမဂ္ဂသည် ဗိုင်းရပ်စ်ပြဿနာကို နိုင်ငံတကာပါဝင်သည့် ဘက်ပေါင်းစုံ တုံ့ပြန်ဆောင်ရွက်မှုကို ဦးဆောင်ရန်နှင့် ကာကွယ်ဆေးသုတေသနအတွက် ရန်ပုံငွေ ရှာဖွေရန် ကြိုးပမ်းလျက်ရှိသည်။ **ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ်ပိုး ထပ်မံတွေ့ရှိသည်ဟု စာတို မှားယွင်းစွာပေးပို့မိသည့်အတွက် စင်ကာပူက တောင်းပန်

**စင်ကာပူ မေ ၁၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသူ ၃၅၀ ကျော်ထံသို့ ၎င်းတို့တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ထပ်မံစမ်းသပ်တွေ့ရှိသည်ဟု ရေးသားထားသည့် စာတိုများကို မတော်တဆ မှားယွင်းပေးပို့မိသည့်အတွက် ၎င်းတို့ကို ပြန်လည် တောင်းပန်ခဲ့ကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နည်းပညာဆိုင်ရာ မှားယွင်းမှုကြောင့် ပြီးခဲ့သည့် ရုံးပိတ်ရက်များအတွင်း ၎င်းစာတိုများကို မတော်တဆ ပေးပို့မိခဲ့ခြင်းဖြစ်ကြောင်း၊ လျှို့ဝှက်သတင်း အချက်အလက်များ ပေါက်ကြားခြင်းမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

စာတိုမှားယွင်းပေးပို့ခဲ့မှုကို အသိပေးရန်နှင့် စိုးရိမ်ပူပန်မှုနှင့် အဆင်မပြေမှုများဖြစ်ခဲ့မှုအတွက် တောင်းပန်ရန် ထိခိုက်ခဲ့ရသူ ၃၅၇ ဦးထံသို့ နောက်ဆက်တွဲစာတိုများ ပေးပို့ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ထိုကဲ့သို့အမှားမျိုး ထပ်မံမဖြစ်ပေါ်စေရန်အတွက် မိမိတို့၏ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ စင်ကာပူနိုင်ငံသည် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို အစပိုင်း၌ ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော်လည်း လူပြည့်ကျပ်နေသည့် အဆောင်များမှ ရွှေ့ပြောင်းအလုပ်သမား အများစုအကြား ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းဂယက်ကြောင့် စင်ကာပူနိုင်ငံသည် ပြင်းပြင်းထန်ထန် ထိခိုက်ခဲ့ရသည်။



စင်ကာပူကျန်းမာရေးဝန်ကြီး ဂန်ကင်ယောင်

စင်ကာပူနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၈၇၉၄ ဦး၊ သေဆုံးသူ ၂၂ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၁၀၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

အခြားနိုင်ငံများနည်းတူ စင်ကာပူနိုင်ငံကလည်း စီးပွားရေးလုပ်ငန်းအများစုကို ပိတ်သိမ်းရန် အမိန့်ထုတ်ခြင်း၊ ပြည်သူများအား အပြင်မထွက်ဘဲ အိမ်၌နေရန် အကြံပေးခြင်း၊ လူစုလူဝေးများကို တားမြစ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ ကန့်သတ်ချက်အချို့ကို ဇွန်လအစောပိုင်းတွင် စတင်ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - အောင်ဇော်လင်း**



# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ တွေ့ရှိခြင်းကြောင့် ပြင်သစ်မြောက်ပိုင်းရှိ စာသင်ကျောင်းအချို့ကို ပြန်ပိတ်

**ပါရီ မေ ၁၉**

ပြင်သစ်အစိုးရက ကန့်သတ်ချက်များ ဖြေလျှော့ကာ ကလေးငယ်များကို ကျောင်းပြန်တက်ခွင့်ပြုပြီး တစ်ပတ်အကြာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀ ခန့်မှာ စာသင်ကျောင်းများနှင့် ဆက်စပ်မှုရှိခြင်းကြောင့် ပြင်သစ်နိုင်ငံ မြောက်ပိုင်းရှိ စာသင်ကျောင်း ခုနစ်ကျောင်းကို ထပ်မံပိတ်ထားလိုက်ပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀ မှာ မကြာသေးမီက ပြန်လည်ဖွင့်လှစ်ခဲ့သည့် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကျောင်းများတွင် ဖြစ်ပွားခဲ့ခြင်းကြောင့် မေလ ၁၁ ရက်မှစ၍ စာသင်ကျောင်းခုနစ်ကျောင်းကို ပိတ်ထားခဲ့ကြောင်း ပြင်သစ်ပညာရေးဝန်ကြီး ဂျင်းမိုက်ကယ်ဘလန်ကွာ၏ ပြောကြားချက်အရ သိရသည်။ မာယန်နီ၊ ကန်တယ်လ်၊ ဟော်တီဂရွန်နီနှင့် နိုက်စ်မြို့ရှိ စာသင်ကျောင်း ခုနစ်ကျောင်းကို ပိတ်ခဲ့ကြောင်း ဘလန်ကွာက ဆိုသည်။ ထိုသို့ စာသင်ကျောင်းများ ပိတ်ထားခြင်းကြောင့် ပြင်သစ်နိုင်ငံ အစိမ်းရောင်ဇုန်များရှိ ပဉ္စမတန်းနှင့် ဆဌမတန်း ကျောင်းသူကျောင်းသားများ တဖြည်းဖြည်း ကျောင်းပြန်တက်မှုကို ထိခိုက်စေမည်မဟုတ်ဟု ယူဆရသည်။

စာသင်ကျောင်းများ ပိတ်လိုက်ခြင်းက ဘေးအန္တရာယ်ကင်းရေးနှင့်ပတ်သက်၍ တင်းကျပ်စွာဆောင်ရွက်သည်ကို ပြသနေကြောင်း ၎င်းက ပြောသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀ တွင် ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမ များ ပါဝင်ခြင်းရှိ၊ မရှိ ဘလန်ကွာက မပြောကြားခဲ့သော်လည်း ရောဂါအစပျိုးသည့်ကာလမှာ ရှည်လျားခြင်းကြောင့် ကျောင်းပြန်မတက်မီ လူအများစုကို ကူးစက်ခဲ့ရဖွယ်ရှိကြောင်း သူက ဆိုသည်။ ပြင်သစ်နိုင်ငံတွင် ကလေးငယ် ၃၀ ရာခိုင်နှုန်းခန့် ကျောင်းပြန်တက်ပြီဟု သူက ဆိုသည်။ ကလေးငယ်များကို နေအိမ်၌သာဆက်နေရန် အစိုးရက မိဘများကို ခွင့်ပြုခဲ့သော်လည်း ထိုသို့ခွင့်ပြုမှုက အကောင်းထက် အဆိုးဖြစ်စေကြောင်း၊ စာသင်ကျောင်းမသွားသည့် အကျိုးဆက်များက ပိုဆိုးကြောင်း ဘလန်ကွာက ပြောသည်။

ပြင်သစ်နိုင်ငံရှိကျောင်းသား ကျောင်းသူ ၇၀ ရာခိုင်နှုန်းက စာသင်ခန်းများသို့ပြန်သွားခြင်းထက် အွန်လိုင်းပညာသင်ကြားရေးကို ဆက်လက်အသုံးပြုနေသည်ဟု ၎င်းက ဆိုသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသည့် ရုရှားဝန်ကြီးချုပ် လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်

**မော်စကို မေ ၁၉**

ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်သည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဘောရစ်ဘယ်လ်ယာကော့ဗ်က ယနေ့ ပြောကြားသည်။

ဝန်ကြီးချုပ် မီရှူစတင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် သီတင်းပတ်သုံးပတ် နီးပါးအကြာတွင် သမ္မတဗလာဒီမာပူတင်က မီရှူစတင်၏ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် အမိန့်စာတစ်ရပ်ကို လက်မှတ်ရေးထိုးပေးခဲ့ကြောင်း သိရသည်။

မီရှူစတင်သည် ကိုဗစ်-၁၉ ရောဂါကင်းစင်ပြီး ဆေးရုံမှ ပြန်ဆင်းလာကာ ၎င်း၏ တာဝန်များကို ပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ဆေးရုံမှ ဆင်းလာခဲ့ပြီးနောက် ယနေ့ အစောပိုင်းက ၎င်း၏ လုပ်ဖော်ကိုင်ဖက်များနှင့် ဗီဒီယိုကွန်ဖရင့်တစ်ခု ပြုလုပ်ခဲ့ကြောင်း ဘယ်လ်ယာကော့ဗ်က ထပ်မံပြောကြားသည်။

မီရှူစတင်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ဧပြီ ၃၀ ရက်က ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များနှင့် အစည်းအဝေး အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြောင်းသိရသည်။ သို့သော် ၎င်း၏ အဓိကလုပ်ငန်းတာဝန်များကိုမူ ဒုတိယဝန်ကြီးချုပ်-၁ အန်ဒရေးဘီလိုဆော့ဗ်က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခင် အကောက်ခွန်ဦးစီးဌာန အကြီးအကဲတစ်ဦးဖြစ်သူ အသက် ၅၄ နှစ်အရွယ် မီရှူစတင်သည် ယခုနှစ် အစောပိုင်းက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မီရှူစတင်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ယဉ်ကျေးမှုဝန်ကြီး၊ ပညာရေးဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးတို့ အပါအဝင် ရုရှားအဆင့်မြင့်အရာရှိများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း ပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က ပြောကြားသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ သို့သော် ရောဂါအခြေအနေမှာ ထိန်းသိမ်းရခက်နေသေးကြောင်း မီရှူစတင်က မေ ၁၈ ရက်တွင် သတိပေးပြောကြားခဲ့သည်။


ရုရှားဝန်ကြီးချုပ်
မီခေးလ်မီရှူစတင်

မီရှူစတင်သည် ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၂၆၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိပြီး ရောဂါကူးစက်ခံရသူပေါင်း ၂၉၉၉၄၁ ဦး ရှိလာခဲ့သည်ဟု ကျန်းမာရေးအရာရှိများက ပြောဆိုခဲ့ပြီးနောက် ၎င်း၏ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် ခန့်အပ်မှုအမိန့်စာ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အများဆုံးနိုင်ငံဖြစ်လာကြောင်းသိရသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**



# ဆိုက်ဘာလုံခြုံရေး - ကျွန်တော်တို့အားလုံး မျှဝေတာဝန်ယူခြင်း

အာကာညွန့်ဝေ၊ Head of Business Security, Technology Group

ကိုဗစ်-၁၉ ကူးစက်ရောဂါပျံ့နှံ့နေမှုကြောင့် လူသားများသည် ယခင်ကာလများကဲ့သို့ အတူတကွ သွားလာနေထိုင်ပြောဆိုဆက်ဆံရန် မဖြစ်နိုင်သောကြောင့် နည်းပညာသည် ကမ္ဘာတစ်ဝန်းရှိ လူသားတိုင်းအတွက် အသက်ကယ်ဆေးဖြစ်လာပါသည်။ ရောဂါဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာ ပြောဆိုဆက်ဆံ ပြုမူနေထိုင်ချိန်တွင် ဆိုက်ဘာဒိုမိန်းအတွင်း ခြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်လာရသည်။

မေလ ၁၇ ရက်နေ့သည် ကမ္ဘာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နေ့ (World Telecommunications and Information Society Day) ဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ ၁၈၆၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သော ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ တယ်လီဂရပ်ဖ်ညီလာခံတွင် လက်မှတ်ရေးထိုးဖွဲ့စည်းခဲ့သည့် International Telecommunication Union (ITU)ကို အစွဲပြု၍ သတ်မှတ်ထားခြင်းဖြစ်သည်။ ထိုနေ့မှစတင်၍ ဆက်သွယ်ရေးကဏ္ဍသည် စိတ်ဝင်စားစရာကောင်းသော တီထွင်ဖန်တီးမှုတစ်ခုအဖြစ်မှ ကျွန်တော်တို့အားလုံး၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်အရေးပါလာခဲ့သည်။ ယခုကဲ့သို့ ကိုဗစ်-၁၉ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ယခင်ကထက်များစွာ ပိုမို၍အရေးပါလာခဲ့ပြီဖြစ်သည်။

ကျွန်တော်တို့အားလုံး ဖုန်းခေါ်ဆိုမှုများ၊ ဒေတာအသုံးပြုမှုများနှင့် အွန်လိုင်းဗီဒီယိုအစည်းအဝေးများကို ပိုမိုပြုလုပ်လာကြသည်နှင့်အညီ ဆက်သွယ်ရေးကွန်ရက်ကျပ်တည်းမှုများကို ပထမဆုံးအကြိမ် မျက်မြင်ကိုယ်တွေ့ကြုံတွေ့လာရပြီး ထိုကြုံတွေ့မှုများထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ ကျွန်တော်တို့ အွန်လိုင်းကို ပိုမိုအသုံးပြုလာသည်နှင့်အမျှ ဆိုက်ဘာရာဇဝတ်မှု ကျူးလွန်သူများသည်လည်း အွန်လိုင်းကို ယခင်ကထက် ပိုမိုအသုံးပြုလာကြသည်။ အီးမေးလ်မှတစ်ဆင့် လိမ်လည်ခြင်းများ၊ သတင်းအမှားများ၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ လူစိတ်ဝင်စားမှုများသော အချက်အလက်များ စသည်ဖြင့် တိုက်ခိုက်၊ လိမ်လည်မှုများသည် ကုန်လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း သိသိသာသာ များပြားလာခဲ့သည်။ ခက်ခဲပြီး စိန်ခေါ်မှုများ ရင်ဆိုင်ရသည့် အချိန်ကာလများသည် ရာဇဝတ်မှုကျူးလွန်သူများအတွက် ရွှေရောင်အခွင့်အရေးသဖွယ် ဖြစ်တည်လာပါသည်။

အင်တာနက်ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်၌ စတင်မိတ်ဆက်ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍသည် ၂၀၁၃ ခုနှစ်တွင် ပိုမိုလွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖြေလျှော့ပေးခြင်းခံရသည်။ ယနေ့ခေတ် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးဝန်ဆောင်မှု အသုံးပြုသူများသည် နိုင်ငံ့လူဦးရေထက် ပိုမိုများပြားလျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင်ပင် အသုံးပြုသူ ၁၀ သန်းခန့် တိုးတက်များပြားလာခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့အလျင်မြန်ဆုံးတိုးတက်နေသော အင်တာနက်အသုံးပြုမှုများပြားသော ဒေသတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံလူဦးရေ ၁၀ ဦးအနက် လေးဦးသည် အင်တာနက်ဒေတာကို အသုံးပြုနေကြပြီဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဆိုက်ဘာရာဇဝတ်မှု နှစ်မှုသာ တိုင်ကြားမှုရှိခဲ့ရာမှ ငါးနှစ်အကြာတွင် တိုင်ကြားမှု ၇၄၄ မှုထိ ရှိလာခဲ့သည်။ Scanning နှင့် Malware တိုက်ခိုက်မှုများသည် မြန်မာနိုင်ငံတွင် မကြာခဏတိုင်ကြားခြင်း ခံနေရသော ဆိုက်ဘာရာဇဝတ်မှုများ ဖြစ်သည်။

ဆိုက်ဘာတိုက်ခိုက်ခံရမှုများကို လျှော့ချရန် နည်းပညာဖြင့် အများအပြားလုပ်ဆောင်နိုင်သော်လည်း ဆိုက်ဘာတိုက်ခိုက်မှုများ ခုခံကာကွယ်ရာတွင် အားအနည်းဆုံးအချက်သည် ကျွန်ုပ်တို့လူသားများ (အထူးသဖြင့် အင်တာနက်အသုံးပြုသူများ)ပင်ဖြစ်နေသည်။ ကျွန်ုပ်တို့လူသားများ၏ ပင်ကိုသဘောသဘာဝအရ ဆန္ဒ၊ စူးစမ်းချင်စိတ်များကြောင့် တောင်းဆိုချက်လှည့်ကွက်များကို လက်ခံမိခြင်း သို့မဟုတ် ကလစ်နှိပ်လိုက်မိခြင်းတို့ဖြင့် လှည့်စားခြင်းခံရနိုင်သည်။ အောက်ဖော်ပြပါ အချက် ခုနစ်ချက်သည် သင်နှင့် သင်ချစ်သောသူများကို ဆိုက်ဘာတိုက်ခိုက်ခံရမှုမှ ရှောင်ရှားနိုင်အောင် ကူညီပေးနိုင်မည်ဖြစ်သည်-

(၁) အွန်လိုင်းမှ သတင်းအချက်အလက်များပေါ်တွင် သံသယထားရှိပါ။ အကယ်၍ သတင်းအချက်အလက်များမှာ တုန်လှုပ်ချောက်ချားစရာ သို့မဟုတ် လက်ခံနိုင်ဖွယ်ရာ မရှိပါက ထိုသတင်းအချက်အလက်များသည် အတုအယောင်နှင့် သင်၏ စူးစမ်းချင်စိတ်ကို လှုံ့ဆော်ရန် လုပ်ဆောင်ထားသော သတင်းများဖြစ်နိုင်သည်။ သတင်းရင်းမြစ်ကို သေချာစစ်ဆေးပါ။

(၂) သင်လက်ခံရရှိသော ကမ်းလှမ်းမှုသည်မယုံနိုင်စရာကောင်းလောက်အောင် ကောင်းလွန်းနေပါက ထိုကမ်းလှမ်းမှုသည် အတုအယောင် ဖြစ်နေနိုင်သည်။ ထိုကမ်းလှမ်းချက်ပို့ပေးသောသူကို သေချာစစ်ဆေးပါ။

(၃) အီးမေးလ်များတွင် ပါရှိသည့် လင့်ခ်များသို့ ကြည့်ရှုရန် ခလုတ်မနှိပ်မီ ဝက်ဘ်ဆိုက် (URL) နှင့် သင့်ထံ အီးမေးလ်ပို့သူ မှန်၊ မမှန်ကို သေချာစစ်ဆေးပါ။

(၄) သင်မသိသောသူမှ စာများပေးပို့လာပြီး ၎င်းနှင့်တွဲလျက်ပါလာသော ဖိုင်များကို ဖွင့်ကြည့်ရန် အတင်းတိုက်တွန်းနေပါက သတိထားပါ။

(၅) အသုံးပြုသူနာမည် (Username)၊ လျှို့ဝှက်စကား (Password) သို့မဟုတ် အကြွေးဝယ်ကတ် အချက်အလက်များ အသေးစိတ်တောင်းခံခြင်း သို့မဟုတ် ဖြည့်စွက်ရန် မေတ္တာရပ်ခံသည့် တောင်းဆိုမှုများကို အစဉ်အမြဲ သံသယထားရှိပါ။

(၆) မသင်္ကာစရာ အပြုအမူများကို သတိထားမိပါက ထိုအကြောင်းကို သင်၏ကွန်ရက်အား စီမံခန့်ခွဲပေးသူ သို့မဟုတ် အင်တာနက်ဝန်ဆောင်မှုပေးသူထံ အကြောင်းကြားပါ။

(၇) အင်တာနက်ကွန်ရက်လုံခြုံရေးနှင့်ပတ်သက်ပြီး ပို့ချသည့်သင်တန်းများကို တက်ရောက်ပါ။ သတင်းအချက်အလက် အသစ်များကို အမြဲသိနေအောင် နားစွင့်ထားပါ။

ကျွန်ုပ်တို့ တဖြည်းဖြည်းနှင့် မသိမသာ မှီခိုအားထားလွန်းလာနေသော အင်တာနက်ဆက်သွယ်ရေး အခြေခံအဆောက်အအုံကြီးသည် မတည်ငြိမ်၊ မလုံခြုံ၊ စိတ်မချရ သို့မဟုတ် မယုံကြည်ရ ဖြစ်လာနိုင်မည်လား။ ထိုသို့ဆိုပါက အခြေအနေများသည် လုံးဝကွဲပြားခြားနားသွားမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ကမ္ဘာကြီးသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ cyberspace နှင့် cloud solutions တို့တွင် အလွန်အရေးပါသော ဝန်ဆောင်မှုများကို ပိုမိုပေးစွမ်းလာပြီး ထိုအချက်များကို အခွင့်ကောင်းယူလျက် ဆိုက်ဘာရာဇဝတ်မှုနှင့် အခြားသော တရားမဝင်အပြုအမူများကို လုပ်ဆောင်ရန် အခွင့်အရေးတစ်ခုအဖြစ် အသုံးချနိုင်သော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့သည်လည်း အမြဲတမ်းရှိနေနိုင်မည်ဖြစ်သည်။

IBM X-force ၏ ၂၀၂၀ ပြည့်နှစ် စစ်တမ်းအရ ကမ္ဘာတစ်ဝန်းတွင် ဆိုက်ဘာတိုက်ခိုက်ခံရမှု မှတ်တမ်းပေါင်းသည် ၂၀၁၉ ခုနှစ်အတွင်း ၈ ဒသမ ၅ သန်း ကျော်ရှိခဲ့ပြီး အဆိုပါပမာဏသည် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော် မြင့်တက်လာခြင်းဖြစ်သည်။ Ramsomware ဖြင့် တိုက်ခိုက်ခံရမှုသည် နှစ်စဉ်စစ်ဆေးလေ့လာချက်များအရ ၂၀၁၉ ခုနှစ်၏ စတုတ္ထသုံးလပတ်ကာလအတွင်း ၆၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ဤသို့သောဖြစ်စဉ်များသည် အစိုးရမှသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ကုန်ထုတ်လုပ်မှုနှင့် တယ်လီကွန်း စသည့် လုပ်ငန်းနယ်ပယ်ကဏ္ဍပေါင်းစုံတွင် ကြုံတွေ့နေရသည်။

ထို့ကြောင့် ဤကဲ့သို့ အရေးပါသည့် အခန်းကဏ္ဍမှ လုပ်ငန်းများ ဆောင်ရွက်နေသည့် ကျွန်ုပ်တို့၏ကွန်ရက်များကို တိုက်ခိုက်ခံရပါက ခြေရာခံနိုင်ရန်၊ ခုခံတုံ့ပြန်နိုင်ရန် စသည့် ကွန်ရက်လုံခြုံရေးပိုင်း ပိုမိုကောင်းမွန်လာစေရန်အတွက် တယ်လီနောအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပရိုဂရမ်တစ်ခုကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ အဆင့်မြင့် အပိုထပ်ဆောင်း ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် ဆန်းပြားရှုပ်ထွေးသော တိုက်ခိုက်မှုများ သို့မဟုတ် အဆင့်မြင့် Malware များ၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်အတွက် သုံးစွဲသူများ၏ လုံခြုံမှုကို သေချာအောင် လုပ်ဆောင်လျက်ရှိသည်။

ကျွန်ုပ်တို့ကိုယ်တိုင် ဦးဆောင်နေကြရသော ဒစ်ဂျစ်တယ် လူ့အသိုက်အဝန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးများနှင့် ဒစ်ဂျစ်တယ်ဘဝများ လုံခြုံစိတ်ချရရေးကို သေချာစေဖို့ရန် ကျွန်ုပ်တို့အားလုံး၌ တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည်လည်း မိမိကျရာတာဝန်ကို ကျေပွန်အောင် အကောင်းဆုံးထမ်းဆောင်သွားမည်ဖြစ်ပါသည်။ ပျော်ရွှင်စရာ ဒစ်ဂျစ်တယ် တယ်လီကွန်းနေ့ ဖြစ်ပါစေ။ ။

**“အင်တာနက်ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်၌ စတင်မိတ်ဆက်ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍသည် ၂၀၁၃ ခုနှစ်တွင် ပိုမိုလွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖြေလျှော့ပေးခြင်းခံရသည်။ ယနေ့ခေတ် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးဝန်ဆောင်မှုအသုံးပြုသူများသည် နိုင်ငံ့လူဦးရေထက် ပိုမိုများပြားလျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင်ပင် အသုံးပြုသူ ၁၀ သန်းခန့် တိုးတက်များပြားလာခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့အလျင်မြန်ဆုံးတိုးတက်နေသော အင်တာနက်အသုံးပြုမှုများပြားသော ဒေသတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံလူဦးရေ ၁၀ ဦးအနက် လေးဦးသည် အင်တာနက်ဒေတာကို အသုံးပြုနေကြပြီးဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဆိုက်ဘာရာဇဝတ်မှု နှစ်မှုသာ တိုင်ကြားမှုရှိခဲ့ရာမှ ငါးနှစ်အကြာတွင် တိုင်ကြားမှု ၇၄၄ မှုထိ ရှိလာ”**



## တောင်ဆူဒန် ဒုတိယသမ္မတနှင့် ဇနီးတို့တွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိ

ဂျူဘား မေ ၁၉

တောင်ဆူဒန် ဒုတိယသမ္မတ-၁ ရိခ်မာချာနှင့် ဇနီး အိန်ဂျယ်လီနာတီနီတို့တွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိခဲ့ကြောင်း တောင်ဆူဒန် ဒုတိယသမ္မတရုံးက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

၎င်းနှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဇနီးတို့သည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရန် ဖွဲ့စည်းထားသောအဖွဲ့တစ်ခုဖြစ်သည့် ရောဂါကူးစက်ခံထားရသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အဆင့်မြင့်အထူးလုပ်ငန်းအဖွဲ့ဝင်များနှင့်ထိတွေ့ခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း မာချာက ပြောသည်။ အဆိုပါထုတ်ပြန်ချက်အရ ဒုတိယသမ္မတ မာချာက နေအိမ်၌ ရက်သတ္တနှစ်ပတ်ကြာ သီးသန့်ခွဲနေမည်ဟု သိရသည်။ ဒုတိယသမ္မတရုံး ဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့သည်။

ဒုတိယသမ္မတ-၁ မာချာနှင့် ဇနီး ကာကွယ်ရေးဝန်ကြီး အိန်ဂျယ်လီနာတို့မှာ ရောဂါလက္ခဏာများ တွေ့ရှိသော်လည်း ကျန်းမာရေးကောင်းမွန်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျိမ်းစ်ဂတ်ဒက်ဒတ်ခ်က ပြောသည်။

တောင်ဆူဒန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ခုတ်ခွဲ အတည်ပြုကူးစက်မှု ၂၉၀ နှင့် သေဆုံးသူ လေးဦးရှိပြီး ကူးစက်လူနာခြောက်ဦး ပြန်လည်သက်သာလာခဲ့သည်။

ကိုးကား-အနာဒိုလူ

ဘာသာပြန်-ကျော်ထိုက်စိုး

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၉-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၄) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၅၉) ခု၊ စုစုပေါင်း (၃၄၃)ခု တွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦးတွေ့ရှိရပါသည်။

၂။ (၁၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁၉၃) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၉-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း(old confirmed case)များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၃) ဦး (Case- 34, 122, 157) ရှိခဲ့သဖြင့် စုစုပေါင်း (၁၀၄) ဦးရှိပါသည်။ ၎င်းတို့အနက် (၉၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၈-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၉-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၇) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၉ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၉-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၄) ခု |
| (၁၉-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၉) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၉ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၁၉၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၁၀၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား-၁

**(၁၉ - ၅ - ၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင်**
**COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID–19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 192 | ၃၄ နှစ် | မ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 193 | ၆၀ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉ – ၅ – ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၈-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၃၉)ခုတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃)ဦး တွေ့ရှိခဲ့ပါသည်။

၂။ သို့ဖြစ်ရာ (၁၉-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၁၉၁)ဦး ရှိပြီဖြစ်ပါသည်။

၃။ အဆိုပါဓာတ်ခွဲအတည်ပြုလူနာအသစ်အား သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ စောင့်ကြည့် ကုသမှုပေးလျက် ရှိပါသည်။

၄။ (၁၈-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမအသုတ်+ ဒုတိယအသုတ်) အဖြစ် ဓာတ်ခွဲနမူနာ (၄၂၇) ခု နှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၀) ခု စုစုပေါင်း (၅၉၇)ခု စစ်ဆေးခဲ့ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၉ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၈-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ် + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၂၇) ခု |
| (၁၈-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၉ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၁၉၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၀၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၉ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ခံယူစေမည့် ဆေးရုံ | COVID-19 ပိုးတွေ့ရှိ/ မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 189 | ၅၀ နှစ် | ကျား | တောင်တွင်းကြီးမြို့နယ် မကွေးတိုင်းဒေသကြီး | မရှိ | ရှိ (မလေးရှား) | သင်ကြားရေးဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မကွေးမြို့) |
| 190 | ၂၅ နှစ် | ကျား | တောင်ကုတ်မြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 191 | ၂၀ နှစ် | ကျား | ပန်းတနော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုသိမ်မြို့) |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်–၁၉ ကာလတွင် ဘားအံမြို့ ပေါင်းစုအားမာန်ရောင်းဝယ်ရေး သမဝါယမအသင်းက လူသုံးကုန်၊ အခြေခံစားသောက်ကုန်များ ရောင်းချလျက်ရှိ




**ဘားအံ မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ပေါင်းစုအားမာန် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က ကိုဗစ်–၁၉ ကာလအတွင်း အသင်းသားများနှင့် ဒေသခံပြည်သူများသို့ လူသုံးကုန်၊ အခြေခံစားသောက်ကုန်များကို ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးလျက်ရှိသည်။

မူလသမဝါယမအသင်းဆိုင်အပြင် ကျန်းမာရေးနှင့်အညီ မြို့နယ်စည်ပင်သာယာရေးကော်မတီက ယာယီသတ်မှတ်ပေးထားသော ယာယီပျံကျဈေးတို့တွင်လည်း နေ့စဉ်ရောင်းချပေးပြီး အသင်းဝင် အသင်းသားများကို ငါးရက်ဆပ် အတိုးမဲ့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကိုရီးယားသမ္မတနိုင်ငံမှ ကိုဗစ်-၁၉ ဓာတ်ခွဲပစ္စည်းများ လှူဒါန်း




**နေပြည်တော် မေ ၁၉**

ကိုရီးယားသမ္မတနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ဓာတ်ခွဲပစ္စည်းများလှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၄) နေပြည်တော်၌ လက်ခံသည်။

**ချစ်ကြည်ရင်းနှီးမှု ခိုင်မာ**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကိုတိုက်ဖျက်ရာတွင် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လူသားဘဝလုံခြုံရေး (Human Security) ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ကိုဗစ်-၁၉ ကာလအလွန်တွင် လူသားဘဝလုံခြုံမှုကိုဗဟိုပြုသည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် ဦးဆောင်ကဏ္ဍမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယမန်နှစ်က ကိုရီးယားသမ္မတနိုင်ငံသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပြီးနောက် မြန်မာ-ကိုရီးယားသမ္မတနိုင်ငံနှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုမှာ ပိုမိုအဆင့်မြင့်မားခိုင်မာလာခဲ့ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ချစ်ကြည်ရင်းနှီးစွာ၊ အပြန်အလှန်ယုံကြည်မှုပြည့်ဝစွာဖြင့် ဆက်လက်ပံ့ပိုးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများဆိုင်ရာ ကျန်းမာရေးအသိပညာများ ကြွယ်ဝလာခြင်း၊ စေတနာရှင်များ၏ လှူဒါန်းမှုများကြောင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိခြင်း၊ ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်ခြင်း၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးစနစ်ပိုမိုကောင်းမွန်လာခြင်းတို့အပြင် ပြည်သူများ၏ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အကျိုးကျေးဇူးများကို ရရှိပါကြောင်း၊ အဆိုပါအချက်များသည် ယခု ကိုဗစ်-၁၉ ဖြစ်စဉ်အတွက်သာမက ရေရှည်အတွက်ပါ အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခု ကိုဗစ်-၁၉ ဖြစ်စဉ်တွင်လည်း ယနေ့လှူဒါန်းမှုများအပါအဝင် ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသမ္မတနိုင်ငံအစိုးရကိုယ်စား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာ၊ KOICA Myanmar ကိုယ်စား KOICA Myanmar Chief Representative Ms. Lee Youn-Soo နှင့် Hyundai Engineering and constructions Co.,Ltd. မှ ကိုယ်စားလှယ်တစ်ဦးတို့၏ လှူဒါန်းမှုများအား လက်ခံပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ကိုရီးယားသမ္မတနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန်ဖိုးရှိဓာတ်ခွဲ test kit များ၊ KOICA Myanmar မှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ RNA Extraction Kit များနှင့် Hyundai Engineering and constructions Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၅၂၅၀၀ တန်ဖိုးရှိ ဓာတ်ခွဲနမူနာထည့်ပိုးသည့် Viral Transport Media ၁၅၀၀၀ ခုတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လှူဒါန်းမှုများကို လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာသနာဖွံ့ဖြိုးရေးအဖွဲ့မှ ဆရာတော်တစ်ပါးက လှူဒါန်းရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လှူဒါန်းမှုများအား လက်ခံခဲ့ကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

**လှူဒါန်း**

ယနေ့ လှူဒါန်းမှု၌ အိန္ဒိယနိုင်ငံဆိုင်ရာပညာသင် မြန်မာရဟန်းတော်များ သာသနာဖွံ့ဖြိုးရေးအဖွဲ့က ငွေကျပ် သိန်း ၁၀၀၊ လူမှုကွန်ရက်မှ အများပြည်သူများက ငွေကျပ် ၂၀၈ သိန်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၇/၂၀၁၆) သင်တန်းသား သင်တန်းသူများက ငွေကျပ် ၁၁ သိန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်မှုအမှတ်စဉ် (၁/၂၀၁၈) အုပ်စု(၁) တန်းခွဲ (၂) သင်တန်းသား သင်တန်းသူများက ငွေကျပ် ၅၅၀၀၀၀၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်လေးညိုနှင့် ဝန်ထမ်းများက ငွေကျပ် ၁၃၀၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွင် အသုံးပြုရန်အတွက် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများက Portable X-Ray Machine နှင့် အလှူငွေများ လှူဒါန်း

**ဆိုးလ် မေ ၁၉**

ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းမိသားစုများက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်၌ အသုံးပြုရန်အတွက် JLK Inspection ကုမ္ပဏီမှ ထုတ်လုပ်သည့် ဝမ် သိန်း ၃၄၀ (ကျပ် ၃၈၄ သိန်းခန့်) တန်ဖိုးရှိ HandMed Portable X-Ray Machine နှင့် ဝမ် ၃၇ ဒသမ ၅၀ သိန်း (ကျပ် ၄၂ ဒသမ ၂၇ သိန်းခန့်) တို့အား မြန်မာ-ကိုရီးယား သံတမန်ဆက်ဆံရေး (၄၅) နှစ်မြောက် အခါသမယနေ့ဖြစ်သည့် ယနေ့တွင် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ Portable X-Ray Machine အား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပို့ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဝမ် ၃၇ ဒသမ ၅၀ သိန်းအား မြန်မာနိုင်ငံရှိ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ လျော့ကျချိန်ကာလ နယ်စပ်ဒေသရှိ လူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပြင်ဆင်

**နေပြည်တော် မေ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာမက နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာ၊ အခြေခံပညာနှင့် အသက်မွေးပညာ ဟူသော ကဏ္ဍကြီး သုံးရပ်ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၄၆ ကျောင်း စုစုပေါင်း ၁၀၄ ကျောင်းကို နယ်စပ်ဒေသများတွင် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ ကိုဗစ်-၁၉ ကာလတွင် အထက်ပါ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ၏ စာပေပညာသင်တန်းများနှင့် အိမ်တွင်းမှုသင်တန်းများကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လိုအပ်ချက်အရ အဆိုပါကျောင်းများတွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားနိုင်ရေး ဆောင်ရွက်ခဲ့ရာ ယမန်နေ့အထိ ၁၀၃၇ ဦး လက်ခံခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီသို့ ပြည်လည်လွှဲပြောင်းသူ ၅၇၉ ဦး ရှိပြီး အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူ ၄၅၈ ဦး ကျန်ရှိလျက်ရှိသည်။



**စီမံဆောင်ရွက်**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ အရှိန်လျော့ပါးလာသည့်ကာလတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်ကိုခံယူ၍ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း နည်းပြများကို အရည်အချင်းမြှင့်တင်ခြင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းအတွက် ဂျပန်နိုင်ငံမှ မှာယူခဲ့သည့်သင်ထောက်ကူပစ္စည်းများ ရောက်ရှိ ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းဖြင့် နေထိုင်သူများကို ဇွန် ၁၆ ရက်တွင် သင့်တော်ရာ နေရာများသို့ ပြောင်းရွှေ့၍ သင်တန်းကျောင်းများကို ပြန်လည်အပ်နှံရန် စီမံဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

သို့ဖြစ်၍ ကိုဗစ်-၁၉ ရောဂါ လျော့ကျချိန်တွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုအတိုင်း နယ်စပ်ဒေသရှိ လူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးက ယနေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် လေးထပ် ကျောင်းသူအိပ်ဆောင်၊ ရှစ်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ၊ နှစ်ထပ်စားရိပ်သာ၊ စတိုဆောင်၊ ကျောင်းအုပ်နေအိမ် အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကိုဗစ်-၁၉ ရောဂါ လျော့ကျချိန်ကာလတွင် ကျောင်းများ၊ သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မေ ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ငါးဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၉၃ ဦးအထိ ရှိလာ

နေပြည်တော် မေ ၁၉
ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ငါးဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၉၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ငါးဦးမှာ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ တစ်ဦးတို့ ဖြစ်ကြသည်။

ပိုးတွေ့လူနာ ၁၉၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ရောဂါပိုးကင်းစင်သွားသူ စုစုပေါင်း ၁၀၄ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၉၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၁၃၇ | ၁၉၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၀၄ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း - ၄၃၉၂**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၉၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၉ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁ | |
| စုစုပေါင်း | | ၁၉၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၉-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၅၅၂၁၄၀ | ၃၅၈၉၀၆ | ၉၂၀၆၄ |
| ရုရှား | ၂၉၉၉၄၁ | ၇၆၁၃၀ | ၂၈၃၇ |
| စပိန် | ၂၇၈၁၈၈ | ၁၉၆၉၅၈ | ၂၇၇၀၉ |
| ဘရာဇီး | ၂၅၇၃၉၆ | ၁၀၀၄၅၉ | ၁၆၉၄၁ |
| ဗြိတိန် | ၂၄၆၄၀၆ | စိစစ်ဆဲ | ၃၄၇၉၆ |
| အီတလီ | ၂၂၅၈၈၆ | ၁၂၇၃၂၆ | ၃၂၀၀၇ |
| ပြင်သစ် | ၁၇၉၉၂၇ | ၆၁၇၂၈ | ၂၈၂၃၉ |
| ဂျာမနီ | ၁၇၇၃၈၇ | ၁၅၅၇၀၀ | ၈၁၃၁ |
| တူရကီ | ၁၅၀၅၉၃ | ၁၁၁၅၇၇ | ၄၁၇၁ |
| အီရန် | ၁၂၄၆၀၃ | ၉၇၁၇၃ | ၇၁၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၈၇၉၄ | ၉၈၃၅ | ၂၂ |
| အင်ဒိုနီးရှား | ၁၈၄၉၆ | ၄၄၆၇ | ၁၂၂၁ |
| ဖိလစ်ပိုင် | ၁၂၉၄၂ | ၂၈၄၃ | ၈၃၇ |
| မလေးရှား | ၆၉၇၈ | ၅၆၄၆ | ၁၁၄ |
| ထိုင်း | ၃၀၃၃ | ၂၈၅၇ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၃ | ၀ |
| မြန်မာ | ၁၉၃ | ၁၀၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

❖ **အိန္ဒိယနိုင်ငံမှ**

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် နယူးဒေလီမြို့ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့်ပူးပေါင်းညှိနှိုင်း၍ ယနေ့တွင် MNA ကယ်ဆယ်ရေး လေယာဉ်ဖြင့် နယူးဒေလီ-ရန်ကုန် ခရီးစဉ်အား ပြေးဆွဲ၍ မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) အနေဖြင့် မေ ၂၄ ရက်တွင် ချန်နိုင်း-ရန်ကုန်ခရီးစဉ်ကိုလည်းကောင်း၊ မေ ၂၇ ရက်တွင် ဂါယာ-ရန်ကုန် ခရီးစဉ်တို့ကို လည်းကောင်း စီစဉ်ပြေးဆွဲကာ အိန္ဒိယနိုင်ငံရှိ အဆိုပါဒေသများတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများကိုလည်း မြန်မာနိုင်ငံသို့ အသီးသီးပြန်လည်ခေါ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြင်းခြံခရိုင်အတွင်းရှိ ရဲမှူးထမ်းဟောင်းများအား အခြေခံစားသောက်ကုန်များထောက်ပံ့



**နေပြည်တော် မေ ၁၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ရဲမှူးထမ်းဟောင်း ၉၂ ဦးအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီး သန်းနိုင်စိုးက ဆန်၊ ဆီ၊ ဆား၊ ကုလားပဲစသည့် ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြင်းခြံခရိုင် ရဲရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသန်းနိုင်စိုးက ကိုဗစ်-၁၉ ကာလ အငြိမ်းစား ရဲမှူးထမ်းဟောင်းများအား လိုအပ်သည့် အခြေခံစားကုန်များထောက်ပံ့ရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး ရဲမှူးထမ်းဟောင်း ၉၂ ဦးအား တစ်ဦးလျှင် ဆန်ငါးပြည်နှင့် ငါးဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သား၊ ကုလားပဲ ၄၈ ကျပ်သားတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ကရင်ပြည်နယ်အတွင်းရှိ ရဲမှူးထမ်းဟောင်းများအား အခြေခံစားသောက်ကုန်များထောက်ပံ့

**နေပြည်တော် မေ ၁၉**
ကရင်ပြည်နယ်အတွင်းရှိ ရဲမှူးထမ်းဟောင်းများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်နှင့်အဖွဲ့က ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စသည့်ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်က ကိုဗစ်-၁၉ ကာလ အငြိမ်းစားတပ်ဖွဲ့ဝင်များလိုအပ်မည့် အခြေခံစားသောက်ကုန်များထောက်ပံ့ရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး ရဲမှူးထမ်းဟောင်း ၁၀၀ အား တစ်ဦးလျှင် ဆန် ငါးပြည်နှင့် လေးဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၅ ကျပ်သား၊ ကုလားပဲ ၄၈ ကျပ်သားတို့ကို ထောက်ပံ့ပေးအပ်သည်။

**ရဲပြန်ကြား**

# နေရပ်စွန့်ခွာသူများနေထိုင်ရာ IDP စခန်းများတွင် ကိုဗစ်-၁၉ ကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့

**နေပြည်တော် မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်လွယ် အုပ်စုတွင်ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများနေထိုင်ရာ IDP စခန်းများတွင် ယမန်နေ့မှစတင်ပြီး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှကျခံကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ World Food Programတို့နှင့် ပူးပေါင်း၍ ထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။

**ထိခိုက်လွယ်ဆုံးအုပ်စု**

အဆိုပါ အကျိုးခံစားခွင့်ရှိသူများသည် သာမန်အခြေအနေ၌ပင် ထိခိုက်လွယ်သူများဖြစ်ကြပြီး ယခုကဲ့သို့သော ပုံမှန်လူမှုစီးပွားဘဝများအပေါ် ကူးစက်ရောဂါကြောင့် သက်ရောက်မှုရှိလာသော အခြေအနေတွင် ပို၍ထိခိုက်လွယ်သူများဖြစ်လာကြရာ အခြေခံဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှုတွင် အထူးအားနည်းလာခြင်းကြောင့် ဘေးဒုက္ခတစ်ခုခု ကြုံတွေ့ရချိန်တွင် တုံ့ပြန်ဆောင်ရွက်ရသည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ် (Shock Responsive Social Protection Program)အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနေထိုင်ရာ IDP စခန်းများရှိ ထိခိုက်လွယ်ဆုံး အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား တစ်ကြိမ်ထောက်ပံ့မှု (one time support)ထောက်ပံ့ခြင်း ဖြစ်သည်။

ပထမအကြိမ်ထောက်ပံ့မှုအနေဖြင့် ကချင်ပြည်နယ်ရှိ IDP စခန်း ၄၃ ခုရှိ အကျိုးခံစားသူဦးရေ ၁၂၈၅ ဦးနှင့် ရှမ်းပြည်နယ်ရှိ IDPစခန်း ၁၁ ခုရှိ အကျိုးခံစားသူ ၁၁၇ ဦး၊ စုစုပေါင်း အကျိုးခံစားသူ ၁၄၀၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ယနေ့တွင် စတင်ထောက်ပံ့လျက်ရှိပြီး ကျန်ရှိနေသော IDP စခန်းများအား ဆက်လက်၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

**ထပ်ဆောင်းထောက်ပံ့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် MCCT အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ချင်း၊ ရခိုင်၊ ကရင်၊ ကယားပြည်နယ်များနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ပုံမှန်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့်အပြင် ကိုဗစ်-၁၉ ကာလ ထပ်ဆောင်းထောက်ပံ့မှုများပါ ဆောင်ရွက်သွားမည်ဖြစ်သည်။

IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိသော ချင်း၊ ရခိုင်၊ ကရင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့အနက် MCCT အစီအစဉ်ဝင်ရောက်နိုင်ခြင်းမရှိသေးသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများတွင်နေထိုင်ကြသော ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်က သက်ကြီးခြင်းလုံးအားကစားသမားကြီးများ၊ ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးများအား ကူညီထောက်ပံ့



**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နိုင်ငံကိုယ်စားပြုခတ်ကစားခဲ့သည့် အသက် ၇၀ နှင့်အထက် မြန်မာ့လက်ရွေးစင်ခြင်းလုံးအားကစားသမားကြီးများနှင့် အသက် ၅၅ နှစ်နှင့်အထက် ရိုးရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးများအား ကိုဗစ်-၁၉ ကာလအတွင်း ဆန်၊ ဆီ၊ ဆား ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ ညနေ ၃ နာရီက ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် သက်ကြီးရိုးရာခြင်းလုံး အားကစားသမားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်တို့က ကူညီထောက်ပံ့ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး နာယက ဦးစိုးတင့်က ကိုဗစ်-၁၉ ကာလအတွင်း အဖွဲ့ချုပ်အနေဖြင့် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် ရိုးရာခြင်းလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် စီမံချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပရန်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်စေရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်တို့က ကိုဗစ်ကာလအတွင်း အသက် ၇၀ အထက် သက်ကြီးခြင်းလုံးအားကစားသမား သုံးဦးနှင့် အသက် ၅၅ နှစ်အထက် နည်းပြနှင့် ဒိုင်လူကြီး ၁၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကုလားပဲအပါအဝင် ပစ္စည်း ၁၀ မျိုးတို့ကို ကူညီထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

၀ ရှမ်းပြည်နယ်မှ

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား နယ်စပ်ဂိတ်များတွင် စနစ်တကျစိစစ်၍ တောင်ကြီးမြို့အထိ သက်ဆိုင်ရာ ယာဉ်လိုင်းများဖြင့်လည်းကောင်း၊ တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၁၇ ရက် ည ၁၁ နာရီခွဲနှင့် မေ ၁၈ ရက် ညနေ ၅ နာရီခွဲတို့တွင် နေရပ်ပြန်ပြည်သူ စုစုပေါင်း ၃၁၀ အား တောင်ကြီးမြို့ Taunggyi Business Center. TBC အဝေးပြေးကားဝင်းမှတစ်ဆင့် စနစ်တကျ ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများတွင် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၁၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၂၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား တစ်ဦး၊ ရခိုင်ပြည်နယ်မှ အမျိုးသား ၉၃ ဦး၊ အမျိုးသမီး ၅၃ ဦးနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ လားရှိုးမြို့မှ အမျိုးသား ၁၂ ဦးတို့ဖြစ်ကြောင်း သိရသည်။ ယနေ့အထိ နေရပ်ပြန်ပြည်သူ ၃၃၀၀ ကျော်အား တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပြောကြားသည်။

**သတင်း - စိုးညွန့်ရွှေ(ပြန်/ဆက်)**
**ဓာတ်ပုံ - Eagel White**

# ကိုဗစ်-၁၉ ၏ အကျိုးဆက်များကို လျှော့ချနိုင်ရန် ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံသို့ ဒေါ်လာ ၃၆ သန်း ကူညီ

**ရန်ကုန် မေ ၁၉**

ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အလုပ်အကိုင်များအတွက် လျာထားစီမံထားသော ပံ့ပိုးမှုများမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၆ သန်းခန့်ကို မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု၏ အကျိုးဆက်ကို လျှော့ချကန့်သတ်နိုင်ရန်အတွက် ခွဲဝေပံ့ပိုးလိုက်ပြီးဖြစ်ကြောင်း ဗြိတိန်သံရုံးက ယနေ့ညနေပိုင်းတွင် သတင်းထုတ်ပြန်လိုက်သည်။

**ဦးစားပေးကူညီ**

ယင်းရန်ပုံငွေသည် ဗြိတိန်က မြန်မာနိုင်ငံအပေါ် ချက်ချင်းတုံ့ပြန်ပံ့ပိုးကူညီမှု၏ တစ်စိတ်တစ်ဒေသလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အခြား တာဝန်ရှိအဖွဲ့အစည်းများနှင့် အတူတကွလက်တွဲကာ UK aid က သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ပြည်သူများအပါအဝင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာမှု အများဆုံးခံစားရသူများကို ဦးစားပေးကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အရှေ့တောင်အာရှဆိုင်ရာ သံအမတ်ကြီး Mr. Nigel Adams က "မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေကို ပိုမိုအားကောင်းလာဖို့ ကူညီရေးနဲ့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဖော်ထုတ်နိုင်ဖို့ ဗြိတိန်က ကြိုးပမ်းနေပါတယ်။ ဒီကြိုးပမ်းမှုတွေကတစ်ဆင့် ကမ္ဘာနဲ့အဝန်း လူ့အသက်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ အရေးပါတဲ့ ဝန်ဆောင်မှုတွေကို ကာကွယ်ခြင်းနဲ့ ကိုရိုနာဗိုင်းရစ် ပျံ့နှံ့မှုအနာဂတ်လှိုင်းတွေရဲ့ အန္တရာယ်ကို လျှော့ချခြင်းအားဖြင့် ဗြိတိန်က ကမ္ဘာလုံးဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို ထိန်းချုပ်တဲ့နေရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်။ စိန်ခေါ်မှုတွေကြီးမားပြီး ခက်ခဲတဲ့ဒီလိုအချိန်မှာ ယူကေက သင်တို့နဲ့ အတူတကွရှိနေပါတယ်"ဟု ပြောကြားသည်။

**ဝေးလံခေါင်သီသောဒေသများ**

ဗြိတိန်က ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရန်ပုံငွေ (Access to Health Fund) မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆ သန်းနီးပါးကို လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီသောဒေသများမှ ပြည်သူများအတွက် အဓိကဆေးဝါးအထောက်အပံ့ပစ္စည်းများ ပံ့ပိုးရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီစွာရရှိရေး ပံ့ပိုးသုံးစွဲနေသည်။

UK aid က အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ(LIFT Fund) မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၅ သန်းနီးပါးအသုံးပြုပြီး ထိခိုက်လွယ်သော ရပ်ရွာလူထုအတွက် ဘေးကင်းသော သောက်သုံးရေနှင့် မိလ္လာစနစ် ရရှိသုံးစွဲနိုင်ရေး၊ အသေးစားချေးငွေများ ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီနိုင်ရေး၊ အရေးပေါ်လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးပံ့ပိုးမှုများ မြှင့်တင်နိုင်ရေးများ ဆောင်ရွက်နေသည်။ LIFT အတွက် ရန်ပုံငွေထည့်ဝင်သော အခြားအလှူရှင်များနှင့်အတူ ဗြိတိန်၏ ပံ့ပိုးမှုများသည် ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီးစကလေးမိခင် ၂၄၂၀၀၀ နှင့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၂၀၀၀၀၀ ကို တစ်ဦးလျှင် မြန်မာငွေကျပ် ၃၀၀၀၀ အပိုထပ်ဆောင်း ငွေကြေးပံ့ပိုးမှုထောက်ပံ့ကူညီနိုင်မည်ဖြစ်သည်။ **မြင့်မောင်စိုး**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာန ၄၇၀ အား ပြန်လည်ဖွင့်လှစ်ခွင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေး

**မုံရွာ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်ကိုက်ညီသော စက်ရုံ၊ အလုပ်ရုံ ၃၄၇ ရုံနှင့် အလုပ်ဌာန ၁၂၃ ခု စုစုပေါင်း ၄၇၀ အား ပြန်လည်ဖွင့်လှစ်ခွင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

အဆိုပါ စက်ရုံ၊ အလုပ်ရုံများကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများဖွင့်လှစ်ခြင်း၊ ယာယီပိတ်သိမ်းခြင်းတို့နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧပြီ ၂၇ ရက်မှ မေ ၁၈ ရက်အထိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်ကိုက်ညီသော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာန စုစုပေါင်း ၄၇၀ အား ပြန်လည်ဖွင့်လှစ်ခွင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးပြီးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဦးမိုးကျော်သူထံမှ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ စုစုပေါင်း ၂၃၉၅ ရုံနှင့် အလုပ်ဌာန ၄၄၈၆ ခု စုစုပေါင်း ၆၈၈၁ ရှိသည့်အနက် စက်ရုံ၊ အလုပ်ရုံ ၄၇၀ အား ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ကျန်ရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကိုလည်း စစ်ဆေးရေးအဖွဲ့များက နေ့စဉ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မွေးကြူဇင်**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးကော်မတီဝင်များနှင့် တွေ့ဆုံ



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့်ကော်မတီဝင်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂)၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကော်မတီဝင်များအား စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ပတ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ ဈေးများစနစ်တကျ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပလက်ဖောင်းများ၊ မီးတိုင်များ သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးပြတ်စေရန် ဆောင်ရွက်ရေး၊ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန် /ဆက်)**

## မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာအား ဆိုလာများ သွားရောက်ပေးအပ်

**မောက်မယ် မေ ၁၉**

ရှမ်းပြည်နယ် ( တောင်ပိုင်း ) မောက်မယ်မြို့နယ် ဟိုင်လွိုင်ကျေးရွာ အုပ်စုအတွင်းရှိ ပန်တောင်ကျေးရွာ၊ ထမ်လင်ကျေးရွာနှင့် နမ့်ယွမ်းကျေးရွာတို့တွင် ဆိုလာမီးလင်းရေးအတွက် ဆိုလာများကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရ၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လက်ဝယ်အရောက်ပေးအပ်**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးသော ဆိုလာ ၆၆ ချပ်၊ အင်ဗာတာဘက်ထရီတွဲလျက် ၆၆ စုံ၊ LED မီးလုံး၁၃၂ လုံး၊ ဖန်ချောင်း ၆၆ ချောင်းတို့အား ကျေးရွာသုံးရွာရှိ ဒေသခံများပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး မြို့နယ်လျှပ်စစ်ဌာနမှ ဆိုလာမီးတပ်ဆင်အသုံးပြုပုံ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ သတိပြုရမည့်အချက်များနှင့် ဆောင်ရန်ရှောင်ရန်အချက်များကို ပြည်သူများအား အသိပညာပေးပြီး လက်တွေ့ဆောင်ရွက်ပေးခဲ့သည့်အပြင် ကိုဗစ်-၁၉ရောဂါကြိုတင် ကာကွယ်ကုသရေး မြို့နယ်အဆင့်ကော်မတီမှလည်း ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးအတွက် ရှမ်းဘာသာ ဗီနိုင်း၊ နှာခေါင်းစည်းနှင့် လက်ဆေးဆပ်ပြာ Gel ကိုလည်း ပေးအပ်ခဲ့ကြောင်းသိရသည်။

**စိုင်းမျိုးသန့် (မောက်မယ်)**

## ဖောင်းပြင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားတည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေး

**ဖောင်းပြင် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လမ်း၊ တံတားတည်ဆောက်နေမှုလုပ်ငန်းများကိုနယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့်အတူ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် တာပန်-မားသီး-ဌွေ့ငူ လမ်းပိုင်း ငါးမိုင် လေးဖာလုံးအား ၂၆ ပေအကျယ် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၀၄ ဒသမ ၅ သန်းဖြင့် လည်းကောင်း၊ လွင်ကြီး-နောက်မနား နောင်မိုးလမ်းပိုင်း၌ လေးမိုင်ခြောက်ဖာလုံအား ခြောက်လက်မဒကျောက်ရော မြေခင်းခြင်းလုပ်ငန်းနှင့် ရွာတန်းရှည် - နန်းယုံ - လယ်ဦးကျေးရွာချင်းဆက်လမ်း သုံး မိုင်ပေါ်တွင် (၅'x ၂၄'x ၆' ) Box Culvert ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၉၄ ဒသမ ၄ သန်းဖြင့် လည်းကောင်း၊ ဖောင်းပြင်မြို့ ကျွန်းရွှေဝါ အင်ကြင်းမြိုင်ရပ်ကွက် မြို့တွင်းလမ်း လေးဖာလုံးအား ၁၈ ပေအကျယ်၊ ခုနစ်လက်မဒ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၁၅၄ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖောင်းပြင် မြို့ အမှတ် (၁)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်၊ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်၊ ဖောင်းပြင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီစော၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မင်းထိုက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးသန်းဇော်ဝင်းတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လမ်း၊ တံတားတည်ဆောက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**



## ပဲခူးမြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းဖွင့်လှစ်

**ပဲခူး မေ ၁၉**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ စီစဉ်မှု၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ပဲခူးတိုင်းဒေသကြီး)တို့၏ ကြီးကြပ်မှုဖြင့် ယနေ့ နံနက် ၉ နာရီက ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ပန်းခြံကုန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာကျောင်းတွင် ပဲခူးမြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းဖွင့်ပွဲ ပြုလုပ် သည်။

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးနှင့် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးတို့က အမှာစကားပြောကြားပြီး သင်တန်းဆရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပဲခူးတိုင်းဒေသကြီး) အတွင်းရေးမှူး ဒေါက်တာနေမျိုးက သင်တန်းဆရာများနှင့် မိတ်ဆက်ပေးခြင်း၊ သင်တန်းဖွင့်လှစ်ပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**သင်တန်းသား သင်တန်းသူများတက်ရောက်**

အဆိုပါသင်တန်းတွင် ပဲခူးမြို့ အာသောကဓမ္မရိပ်သာ စောင့်ကြည့်စခန်း ပဲခူးတက္ကသိုလ် စောင့်ကြည့်စခန်းနှင့် ဘုရားကြီးလူငယ်အဖွဲ့တို့တွင် စေတနာ့ဝန်ထမ်းအဖြစ် လက်ရှိဆောင်ရွက်လုပ်ကိုင်နေကြသော သင်တန်းသား သင်တန်းသူ ၄၈ ဦး တက်ရောက်ကြသည်။

**တင်စိုး(ပဲခူး)**

## ဆိပ်ဖြူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်များ ပျိုးထောင်

**ဆိပ်ဖြူ မေ ၁၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီတွင် စိုက်ပျိုးနိုင်ရန် ပျိုးဥယျာဉ် သုံးခုတွင် ပျိုးပင်ပေါင်း ၁၆၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်သစ်တောဦးစီးဌာန အနေဖြင့် သဘာဝသစ်တောများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် လူထုဖြန့်ဝေ၊ ထင်းစိုက်ခင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝဘေး အန္တရာယ်များ ကာကွယ်ခြင်း၊ ဒေသခံပြည်သူတို့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးထူထောင်ခြင်းဖြင့် ဒေသခံပြည်သူတို့ လယ်ယာသုံးပစ္စည်းများနှင့် မိမိတို့နေအိမ် အဆောက်အအုံများအတွက် ထင်း၊ တိုင်၊ မျောများကို ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ တည်ထောင်ပေးခြင်းဖြစ်သည်။



မြို့မပျိုးဥယျာဉ်၊ သပြေပျိုးဥယျာဉ်နှင့် ကဇွန်းမပျိုးဥယျာဉ်တို့တွင် စီးပွားရေး ကျွန်းစိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၅၄၀၀၀၊ ကျေးရွာထင်းစိုက်ခင်းအတွက် ၆၀၀၀၀ ကျော်ကို လည်းကောင်း၊ လူထုဖြန့်စိုက်ခင်း အပင် ၃၀၀၀၀ ကျော်ကို မိုးရာသီကာလတွင် အချိန်မီစိုက်ပျိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိပြီး လူထုဖြန့် အနေဖြင့် အရိပ်ရပင်များကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ လူထုဖြန့် ပျိုးပင်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူထုစိတ်ပါဝင်စားမှုရရှိလာသည့်အတွက် ဒေသခံအစုအဖွဲ့ပိုင်စိုက်ခင်းများ အောင်မြင်မှုများရှိပြီး လျှော်ဖြူ စိုက်ပျိုးတောင်သူများ လျှော်ဖြူစိုက်ပျိုးခြင်းမှ မိသားစုဝင်ငွေများရရှိလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**စိုးလင်းနိုင်**

**(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးစာစောင်များ ဖြန့်ဝေ

**ဆင်ပေါင်ဝဲ မေ ၁၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်၍ ယနေ့နံနက် ၈ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ပြည်သူ့ ပန်းခြံရှေ့ရှိ ယာယီပျံကျဈေးသို့ သွားရောက်ပြီး ဈေးသူ/ဈေးသားများနှင့် ဈေးဝယ်လာ ပြည်သူများ ၊ မြို့ပေါ်ရှိဈေးဆိုင်များနှင့် ကူးတို့ဆိပ်များကို မိမိကစ၍ ကာကွယ်စို့ အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစကား လက်ကမ်းစာစောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးရာတွင် ပြောကြားချက်မှ ကောက်နုတ်ချက်များ၊ ကိုဗစ်-၁၉ရောဂါ လက္ခဏာများနှင့် ကူးစက်ပြန့်ပွားပုံများ၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ စနစ်တကျ လက်ဆေးနည်းများ၊ လူစုလူဝေးမဖြစ်အောင် နေထိုင်သွားလာရမည့် အချက်များ၊ ဂီတနှင့်အနုပညာရှင်များ၏ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပေး နှိုးဆော်ချက်များ ပါဝင်ကြောင်းသိရသည်။ **ခန့်ဝင်း(ပြန်/ဆက်)**

## ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်ရန် သီးနှံမျိုးစေ့များဖြန့်ဝေ

**နေပြည်တော် မေ ၁၉**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ကျေးရွာများတွင် အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်စေရန် သီးနှံ ၁၆ မျိုးကို စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေပေးလျက်ရှိရာ ယနေ့တွင် ဇေယျာသီရိမြို့နယ် အတွင်းရှိ ကျေးရွာ အုပ်စုနှစ်အုပ်စုမှ တောင်သူများထံသို့သီးနှံ ၁၆ မျိုး မျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

"ကိုဗစ်ကာလအတွင်းမှာ တောင်သူတွေအနေနဲ့ မိမိတို့နေထိုင်လျက်ရှိတဲ့ အိမ်ခြံဝင်းများရှိ မြေပိုများမှာ ဟင်းသီးဟင်းရွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိမိကိုယ်တိုင် အပင်များကိုပြုစုပျိုးထောင်ကာ စိတ်ကျေနပ်မှုရရှိစေရန်၊ ဈေးကွက်တွင်ရောင်းနိုင်ရန်၊ အာဟာရပြည့်ဝပြီး လတ်ဆတ်တဲ့ သီးနှံများကို စိုက်ပျိုးစားသောက်နိုင်စေတဲ့အတွက် ရုံးပတီ၊ ပဲတိုင်ထောင်၊ သခွားသီး၊ ပဲလင်းမြွေ၊ ကန်စွန်း၊ ချဉ်ပေါင်၊ ရွှေဖရုံ၊ ကြက်ဟင်းခါးသီး၊ ခရမ်းညို၊ ခရမ်းလုံးကြီး၊ ခရမ်းချဉ်၊ ငရုတ်၊ ပဲစောင်းလျား၊ ကျောက်ဖရုံ၊ ဘူးနဲ့ ဟင်းနုနယ် မျိုးစေ့များကို ဇေယျာသီရိမြို့နယ် ကျွန်းရောင်းအုပ်စုမှ တောင်သူ ၁၆ ဦး၊ မအူတောအုပ်စုမှ တောင်သူ ခုနစ်ဦးအတွက် ပေးအပ်ခြင်းဖြစ်ပါတယ်" ဟု စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးပြေသိန်းက ပြောကြားသည်။

အိမ်ခြံဝင်းဥယျာဉ်ခြံ စိုက်ပျိုးရန် ဟင်းသီးဟင်းရွက်မျိုးစေ့များ ဖြန့်ဝေရာတွင် မျိုးစေ့များနှင့်အတူ စိုက်ပျိုးစနစ်၊ အပင်ပြုစုခြင်းနှင့် လိုအပ်သော စိုက်ပျိုးရေးနည်းပညာများကိုပါ ပြည်သူများအား ဆွေးနွေးဟောပြောခဲ့ပြီး မြို့နယ်အတွင်းရှိ ကျန်ရှိသည့်တောင်သူများထံသို့ မျိုးစေ့များအခမဲ့ပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **ထွန်းလင်း (ပြန်/ဆက်)**

## ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်စိမ်း ဧက ၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ရေနံချောင်း မေ ၁၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက် စိမ်း ဧက ၃၀၀၀၀ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးရာသီတွင် ပဲစင်းငုံ ၁၁၈၂၉ ဧက၊ ပဲတီစိမ်း ၁၂၉၄၅ ဧက၊ ပဲနောက်စိမ်း ၁၃၈၅၃ ဧကကို လျာထားပြီး စိုက်ပျိုးရန်ဆောင်ရွက်နေကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဆန်းညွန့် (ရေနံချောင်း)**

## ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များ စတင်ထိုးနှံပေးလျက်ရှိ

**တောင်တွင်းကြီး မေ ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ယမန်နေ့ နံနက်မှ စတင် ဆောင်ရွက်ပေးလျက်ရှိရာ မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးများအား ထိုးနှံပေးလျက်ရှိပြီး မေလကုန်ထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ဇွန် ၁ ရက်မှ စတင်ကာ စုရပ်အခြေပြု ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး ကျန်းမာရေးစစ်တမ်း ကောက်ယူ



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနကကြီးကြပ်၍ ဗဟန်းမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

စစ်တမ်းကောက်ယူရာတွင် ရန်ကုန်မြို့တွင် အင်းစိန်၊ လှိုင်သာယာနှင့် တာမွေမြို့နယ်တို့ရှိ ရပ်ကွက်များအတွင်း စစ်တမ်းကောက်ယူပြီးနောက် ဗဟန်းမြို့နယ်၌ ယနေ့ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေး စစ်တမ်းကောက်ယူရာတွင် ကျန်းမာရေးဝန်ထမ်းများက ရောဂါပိုးရှိ-မရှိ စစ်ဆေးခြင်းများ ပြုလုပ်ရာတွင် ဖျားနာခြင်း၊ ကိုယ်အပူချိန် မြင့်မားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည်ဖြင့် သတ်မှတ်ထားသည့် အချက် ရှစ်ချက်နှင့်အညီ တစ်ဦးချင်း တိုက်ဆိုင် စစ်ဆေးပေးခြင်းဖြစ်သည်။

ကျန်းမာရေးစစ်ဆေးခြင်း၊ စစ်တမ်းကောက်ယူခြင်းကို ဗဟန်းမြို့နယ်အတွင်းရှိ မြလမ်း၊ ပုလဲကွန်ဒို၊ အနောက်ဗဟိုလမ်း၊ ဝင်္ဂပါလမ်း၊ ကျောက်ရေတွင်းလမ်းစသည့် လမ်းများရှိ အိမ်ထောင်စု ၂၂၀၊ လူဦးရေ ၁၇၅၃ ဦးတို့အား ကျန်းမာရေး စစ်ဆေးပေးကာ ကျန်းမာရေး စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

**မြင့်မောင်**

## သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာရှိ သံဃာတော်နှင့်သီလရှင်တို့အား နဝကမ္မဝတ္ထုငွေနှင့် ဆွမ်းဆန်တော်များ ကပ်လှူ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာအတွင်းရှိ ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ရဟန်းသံဃာတော်၊ သာမဏေများနှင့် သီလရှင်တို့အား နဝကမ္မဝတ္ထုငွေများနှင့် ဆွမ်း ဆန်တော်များ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဗိုလ်ချုပ်ကျေးရွာ မင်္ဂလာကန်ဦး ပရိယတ္တိစာသင်တိုက်အတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်က ကျေးရွာအတွင်းရှိ သာသနာရေးဆိုင်ရာများအား တင်ပြလျှောက်ထားပြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ မင်္ဂလာကန်ဦး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာသီရိ ဦးဆောင်ကာ သန်လျင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ဗိုလ်ချုပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်နှင့် ရာအိမ်မှူးများ၊ ဆယ်အိမ်မှူး၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ အလှူရှင်များက ဗိုလ်ချုပ်ကျေးရွာအတွင်းရှိဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းမှ ရဟန်းသံဃာ၊ သာမဏေ စုစုပေါင်း ၁၈၉ ပါးနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့မှ ဆရာကြီး၊ ဆရာလေး သီလရှင် စုစုပေါင်း ၉၀ ပါးတို့အား ဝတ္ထုငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးသေတ္တာဘူးများအား စုပေါင်းထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ယနေ့လှူဒါန်းသော ဗိုလ်ချုပ်ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းမှ ရဟန်းသံဃာ သာမဏေ စုစုပေါင်း ၁၈၉ ပါးနှင့် သီလရှင်ကျောင်း နှစ်ကျောင်းမှ ဆရာကြီး၊ ဆရာလေး သီလရှင် အပါး ၉၀ တို့အား အလှူငွေ စုစုပေါင်း ငွေကျပ် သိန်း ၈၀ ကျော်၊ ဆွမ်းဆန်တော် ၂၈ အိတ်နှင့် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးသေတ္တာဘူးများအား လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ဒလ- ပန်းဆိုးတန်း ပြေးဆွဲနေသော ချယ်ရီ(၃)ရေယာဉ် ဒေါက်ကျင်းတင် ထိန်းသိမ်းပြုပြင်မှု ဆောင်ရွက်ပြီးစီး

**ရန်ကုန် မေ ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပဲခူးမြစ်ကမ်းရှိ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဒဂုံသင်္ဘောကျင်း၌ မေ ၉ ရက်မှစ၍ ဒေါက်ကျင်းတင်ကာ ရေယာဉ်ကိုယ်ထည် ထိန်းသိမ်းပြုပြင်ရေး ဆေးသုတ် ဆောင်ရွက်နေသည့် ဒလ-ပန်းဆိုးတန်း ပြေးဆွဲနေသော ချယ်ရီ(၃)ရေယာဉ်သည် ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် မေ ၂၀ ရက်တွင် ရေသို့ပြန်ချမည်ဖြစ်ကြောင်း ယနေ့ ညနေပိုင်းက သိရသည်။

“ကျွန်တော်တို့ သင်္ဘောဒေါက်ကျင်းတင် ဆေးသုတ်နေတာ တစ်စင်းလုံး ဒီနေ့ပြီးစီးသွားပါပြီ။ မနက် ရေချမှာဖြစ်ပြီး မေ ၂၁ ရက်ဆို ဒလကိုပြန်ရောက်မှာပါ။ ဒလသင်္ဘောကျင်းမှာ သင်္ဘောခေါင်မိုးအပေါ်ဆုံးက အလံတိုင်ကို ပြန်တပ်ဆင်ပြီးမှ ကူးတို့ပြန်ပြေးဆွဲရမှာပါ” ဟု ချယ်ရီ(၃) ရေယာဉ်မောင်း ဦးသူရမင်းက ပြောသည်။

ချယ်ရီ(၂) ရေယာဉ်မောင်းက “ဒေါက်တင်သင်္ဘော ဆေးသုတ်ပြုပြင်ရာမှာ ဒေါက်ကျင်းသံလမ်းနဲ့ သင်္ဘောဝမ်းဗိုက်အောက် မျက်နှာပြင်အကြား ခက်ခဲစွာ ဆောင်ရွက်ခဲ့ရပါတယ်။ အခု သင်္ဘောသုံးစင်းစလုံးဆို ကျပ်သိန်းရာချီကုန်ပါတယ်” ဟု ပြောသည်။




ချယ်ရီရေယာဉ်သုံးစင်းသည် ဒဂုံသင်္ဘောကျင်းတွင် ဒေါက်တင်ကာ ရေယာဉ်ကိုယ်ထည်အတွင်း၊ အပြင်တို့၌ ဆေးသုတ်ခြင်း၊ အဖုအထစ်များကို မျက်နှာပြင်ညီအောင် ပြုပြင်ခြင်း၊ ထိုင်ခုံတန်း၊ မျက်နှာကြက်၊ ကြမ်းခင်း၊ လှေကား၊ ဘေးလက်ရန်း၊ နံရံများနှင့် ခေါင်မိုးတို့၌ ခိုင်ခံ့အောင် ပြုပြင်၍ ဆေးသုတ် ဆောင်ရွက်ခဲ့ရကြောင်း၊ ဒလသင်္ဘောကျင်းတွင်လည်း ရေယာဉ်မောင်းအခန်း အပေါ်ဆုံးခေါင်မိုးရှိ အလံတိုင်ကို ကရိန်းဖြင့် ဖြုတ်ခြင်း၊ တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အလားတူပင် ချယ်ရီ(၁)ရေယာဉ်ကို မတ်လကုန်မှ ဧပြီ ၂၁ ရက်အတွင်းကလည်းကောင်း၊ ချယ်ရီ (၂)ရေယာဉ်ကို ဧပြီ ၂၃ ရက်မှ မေ ၇ ရက်အတွင်းကလည်းကောင်း သင်္ဘောဒေါက်ကျင်းတင် ဆေးသုတ်ပြုပြင်ဆောင်ရွက်ထားပြီးဖြစ်သည်။

**သတင်း - သန်းဌေး(ဒလ)**
**ဓာတ်ပုံ - ခြူးသီရိ**

# မြိတ်ကျွန်းစု၌ ဒူးရင်းသီးအထွက်ကောင်းသော်လည်း ဈေးနှုန်းထက်ဝက်ခန့်ကျဆင်း



**မြိတ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်ကျွန်းစု၌ ဒူးရင်းသီး အထွက်ကောင်းသော်လည်း ဝယ်ယူသူနည်းပါး၍ ဈေးနှုန်း ထက်ဝက်ကျဆင်းနေကြောင်း ကမ်းနားလမ်းရှိ ဒူးရင်းသီး ရောင်းချနေသူများထံမှ သိရသည်။

"ပြီးခဲ့တဲ့နှစ်က တစ်လုံးကိုကျပ် ၃၀၀၀တန်က ယခုကျပ် ၁၅၀၀၊ အရင်ကကျပ်၁၀၀၀တန်ကအခု ကျပ် ၅၀၀ နဲ့ ငါးလုံးကို ကျပ် ၂၀၀၀ ရောင်းနေရတယ်။ ပြီးခဲ့တဲ့နှစ်က ဒူးရင်းသီး တစ်နေ့ရောင်းရတဲ့အလုံးရေထက် ယခုနှစ်မှာ ထက်ဝက်ခန့် ကျဆင်းသွားပါတယ်။ အရင်ကအလုံး ၁၀၀ က အခုအလုံးရေ ၅၀ ပဲ ရောင်းရတယ်။ ရောင်းအားတစ်ဝက်နည်းသွားပါတယ်။ ရန်ကုန်ဘက်ကို သွားတဲ့ကားကလည်း မရှိဘူး၊ ကိုဗစ်- ၁၉ ကာလလည်း ဖြစ်နေတဲ့အတွက် မြို့တွင်းက ပုံမှန် လာအားပေးနေတဲ့သူတွေတောင် မလာကြတော့ဘူး။ ဒူးရင်းသီးရောင်းမကောင်းတာ ဒီနှစ်မျိုးမကြုံဖူးသေးပါဘူး။ ဒူးရင်းသီးဈေးသင့်နေတာတောင် ဝယ်စားတဲ့သူနည်းတယ်။ မြိတ်သူမြိတ်သားလောက်ပဲ ရှိပါတယ်။ လူတွေကလည်းအလုပ်အကိုင်မရှိ၊ ဝင်ငွေလည်းမရှိတော့ အရင်နှစ်ကလောက်လာမဝယ်စားတော့ဘူး၊ နယ်ဘက်ကဘုရားဖူးကားတွေနဲ့ခရီးသွားဧည့်သည်တွေကလည်း မလာတော့ ရန်ကုန်ကလည်း မှာယူသူ မရှိဘူး၊ အရင်ကတော့မှာယူသူတွေရှိပါတယ်" ဟု မြိတ်မြို့မှ ဒူးရင်းသီးရောင်းချသူ ဒေါ်ခင်ရီက ပြောကြားသည်။

"ဒူးရင်းသီးတွေကတော့ မနှစ်ကထက် ဒီနှစ်ပိုထွက်တယ်။ အထွက်များလို့ဈေးနည်းတာတော့ မဟုတ်ဘူး။ လာဝယ်သူနည်းလာလို့ ဈေးချပြီးရောင်းနေတာပါ။ ဝယ်သူ သိသိသာသာ နည်းသွားသလို ဈေးနှုန်းလည်း ထက်ဝက်လောက်ကျသွားပါတယ်။ ကျွန်မတို့ဒေသက ရေလုပ်ငန်းနဲ့ ဥယျာဉ်ခြံ အများဆုံးလုပ်ကြတယ်။ ဒီနှစ်က မနှစ်ကထက် သီးနှံတွေ ပိုထွက်တယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် လူသွားလူလာ နည်းသွားတယ်။ နောက်ပြီး ခရီးသွားဧည့်သည်တွေလည်း မရှိဘူး။ ဒါကြောင့် ရတဲ့ဈေးနဲ့ ရောင်းချပေးနေရတယ်။ ပုပ်သွားရင် အရင်းတောင်မရတော့ဘူး" ဟု ဆိပ်ငယ်ဈေးကြီးအနီး ဒူးရင်းသီး ရောင်းသူ ဒေါ်ခင်မော်က ပြောကြားသည်။


**မြင့်ဦး(မြိတ်)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသခံတောင်သူများ မိုးကြိုကာလစိုက်ပျိုးရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်

**ကြာအင်းဆိပ်ကြီး မေ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား မိုးစပါးနှင့် မိုးသီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး မိုးကြိုကာလ ကြိုတင်ပြင်ဆင်မှုအနေဖြင့် တောင်သူအသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ လယ်ယာမြေများတွင် မြေဆီမြေလွှာများ တိုးတက်ကောင်းမွန်လာစေပြီး အသီးအနှံများ အောင်မြင်ဖြစ်ထွန်းလာစေရန် ဓာတ်မြေဩဇာများဝယ်ယူသုံးစွဲမှု ကုန်ကျစရိတ်များ သက်သာစေရေးအတွက် လယ်ယာမြေများတွင် သစ်စိမ်း မြေဩဇာများဖြစ်သည့် ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများ ကြဲပက်စိုက်ပျိုးခြင်းနှင့် EM ဘိုကာရှီ EM စူပါဘိုကာရှီ မြေဆွေးဓာတ်မြေဩဇာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် တောင်သူအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဝေလင်းညွှန့်ထံမှ သိရသည်။



ကိုဗစ်-၁၉ ကာလအတွင်း ဒေသခံပြည်သူများအနေဖြင့် မိမိတို့အိမ်ခြံဝင်းအတွင်း၌ပင် ခူးဆွတ်စားသောက်နိုင်ရေးအတွက် Home Garden စိုက်ပျိုးမှု အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ တံခွန်တိုင်ကျေးရွာအုပ်စုတာဝန်ခံ ဦးစောထီလာက ပြောကြားသည်။

**မျိုးမင်းဦးပြန်/ဆက်**

# ကျီခါးမြို့၌ အစေ့ထုတ်ပြောင်းစိုက်ပျိုးနည်းနှင့် ငမြှောင်တောင်ကာကွယ်နှိမ်နင်းရေး အသိပညာပေး

**ကျီခါး မေ ၁၉**

ချင်းပြည်နယ် ကျီခါးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ မှန်ကန်သောစိုက်ပျိုးနည်းစနစ်များ အသုံးပြုလာစေရေးနှင့် ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ တောင်သူပညာ ပေးလုပ်ငန်းဖြစ်သည့် အစေ့ထုတ်ပြောင်းစိုက်ပျိုးနည်းနှင့် ဖောလ်ငမြှောင်တောင်ကာကွယ်နှိမ်နင်းနည်း အသိပညာပေးကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက ကျီခါးမြို့ ခေါဒမ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

### မျိုးစေ့များပေးအပ်

ကျီခါးမြို့စိုက်ပျိုးရေးဦးစီးမှူး ဦးထန်ခန့်ကပ်က အစေ့ထုတ်ပြောင်းစိုက်ပျိုးနည်းနှင့် ငမြှောင်တောင်ကာကွယ်နှိမ်နင်းရေး သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့သည်။ တက်ရောက်လာသောတောင်သူများက မိမိတို့သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ပြီး မျိုးစေ့များပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတောင်သူပညာပေးလုပ်ငန်းကို ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်နှင့်အညီ နှာခေါင်းစည်းများ ဝေငှခဲ့ခြင်းဖြစ်ပြီး ပညာပေးဆွေးနွေးပွဲသို့ တောင်သူ ၃၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းလိန်းမာန် (ပြန်/ဆက်)**

# ယူးချောင်းတံတားကမ်းပြိုကာကွယ်ရေး ကမ်းထိန်းနံရံနှင့် ရေကာတာတည်ဆောက်ခြင်း ၉၀ ရာခိုင်နှုန်းပြီးစီး

**မြို့သစ် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့တွင် ယူးချောင်းတံတားကမ်းပါးပြိုရေတိုက်စားခြင်းမှကာကွယ်နိုင်ရန်အတွက် ကမ်းထိန်းနံရံနှင့် ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းကို ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။



အဆိုပါ ယူးချောင်းတံတားကမ်းပါးပြို ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၉၀ ဖြင့် အလျားပေ ၁၁၀၀ ရှိ Stone Gabion ကမ်းထိန်းနံရံနှင့် အလျားပေ၂၀၀ ရှိ ကျောက်ဖြည့်သံခြင်း ရေကာတာတည်ဆောက်ခြင်းကို လုပ်ဆောင်လျက်ရှိသည်။

မြို့သစ်မြို့ ယူးချောင်းတံတားကမ်းပါးပြိုရေတိုက်စားခြင်းမှကာကွယ်နိုင်ရန် ယူးချောင်းတံတား၏ အထက်ဘက် ဝဲဘက်ခြမ်းတွင် ပေ ၉၀၀၊ အောက်ဘက်ဝဲဘက်ခြမ်းတွင် ပေ ၂၀၀ စုစုပေါင်း ပေ ၁၁၀၀ ကို ကမ်းထိန်းနံရံ တည်ဆောက်၍ ယင်းကမ်းထိန်းနံရံ၏အထက်ဘက် ပေ ၂၈၀ အကွာတွင် ကျောက်ဖြည့် သံခြင်း ရေကာတာ ပေ ၂၀၀ ကို မူရင်းရှိသည့် ရေလမ်းကြောင်းမှ ၁၃၅ ဒီဂရီချိုးပြီး ရေစီးကြောင်းညင်သာစွာ ပြောင်းလဲရေးအတွက် ဆောင်ရွက်ထားကြောင်း၊ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ယခုမေလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းခွင်မှ တာဝန်ခံအင်ဂျင်နီယာ ဦးဝေဇင်က ပြောကြားသည်။

အဆိုပါ ယူးချောင်းတံတားသည် တမူး-စေတီကားလမ်းမကြီးတွင် တည်ရှိပြီး တမူးမြို့မှ ဟုမ္မလင်း၊ ခန္တီး၊ နာဂဒေသများသို့ သွားလာရာတွင် အရေးပါသည့် ပေ ၁၈၀ အထက် တံတားတစ်စင်းဖြစ်ပြီး ကမ်းထိန်းနံရံနှင့် ရေကာတာလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် တံတားအနီးရှိ လယ်ယာမြေများ ရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်ခြင်း၊ တံတားရေတိုက်စားမှုကာကွယ်ပေးနိုင်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ထိခိုက်ပျက်စီးမှုမရှိစေရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်သည်။ **ထွန်းမင်းအောင်(ကဘော်မြေ)**

# ငဖဲမြို့နယ်၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် သီးနှံမျိုးစေ့များ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေ

**ငဖဲ မေ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း အိမ်ခြံဝင်းဥယျာဉ် စိုက်ပျိုးနိုင်ရန် သီးနှံမျိုးစေ့ ၁၂ မျိုးအား ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်သိန်းနှင့်ဝန်ထမ်းများက ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ ပြည်သူများထံ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

### အိမ်တိုင်ရာရောက်ဖြန့်ဝေ

ကိုဗစ်-၁၉ကာလအတွင်း အတတ်နိုင်ဆုံးအပြင်မထွက်ရန် တားမြစ်ထားသည့်အတွက် မိသားစုစားဝတ်နေရေးအဆင်ပြေစေရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးဖြစ်သည့် အိမ်ခြံဝင်းဥယျာဉ် စိုက်ပျိုးနိုင်ရန်၊ မိမိခြံဝင်းအတွင်း အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် သီးပင်စားပင်များ စိုက်ပျိုး၍ ဆွတ်ခူးစားသုံးနိုင်ရန်နှင့် ပိုလျှံသည့်အသီးအနှံများကို ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိစေရန် ရည်ရွယ်၍ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာရှိ ပြည်သူများအား ဘူး၊ ချဉ်ပေါင်၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲတိုင်ထောင်၊ ကျောက်ဖရုံ၊ ဟင်းနုနယ်၊ သခွား၊ ငရုတ်၊ ခရမ်း၊ ခရမ်းချဉ်၊ ပြောင်းဖူးစသည့်သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များကို မြို့ပေါ်ရပ်ကွက်၊ ချောင်းဖြူ၊ ငလှိုင်တောနှင့် အောင်ပင်လယ်ကျေးရွာများမှ ဒေသခံတောင်သူများအား အိမ်တိုင်ရာရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**



## မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှ အငြိမ်းစား ရဲဝန်ထမ်းဟောင်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာများ ထောက်ပံ့

**မြောင်းမြ မေ ၁၉**

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ညွှန့်ဝင်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်းနှင့်တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မြောင်းမြမြို့သို့ ရောက်ရှိလာပြီး မြောင်းမြ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် အောက်ဆီဂျင်တိုင်းကီရိယာ တစ်ခု၊ အပူချိန်တိုင်းကိရိယာ ၁၂ ခု၊ လက်ဆေးဂျယ် 500ml ဘူး ၂၀၊ လက်သန့်ဆေးရည် 500ml ဘူး ၆၀၊ ဆေးရုံသုံးလက်အိတ်အစုံ ၂၈၀ တို့အား မြောင်းမြ ပြည်သူ့ဆေးရုံနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာနှစ်ဆန်းဦးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုခရိုင်မှူး ဒေါက်တာ စိုးသက်တို့က လက်ခံရယူကြသည်။

ဆက်လက်၍ မြောင်းမြမြို့ မြရွှေဝါခန်းမ၌ မြောင်းမြခရိုင်အတွင်းရှိ အငြိမ်းစားရဲဝန်ထမ်းဟောင်း ၅၆ ဦးတို့အား တစ်ဦးလျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ်သားနှင့် တပ်မတော်မှ ကိုယ်တိုင်ချုပ်လုပ်သည့် နှာခေါင်းစည်းများကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အခု ၄၅၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အတွက် အခု ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး မောင်မောင်စိုးနှင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဇာနည်တင့်တို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

## မန္တလေးမြို့ရှိ ပန်းချီ၊ သဘင်၊ ဂီတပညာရှင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများပေးအပ်

**မန္တလေး မေ ၁၉**

ကိုဗစ်-၁၉ ရောဂါကာလ စားသောက်ရေးအဆင်ပြေစေရန်အတွက်မန္တလေးမြို့ရှိ ပန်းချီ၊ သဘင်၊ ဂီတပညာရှင်များနှင့် သတင်းမီဒီယာများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် နန်းမြို့ရှိ ရန်အောင်မြင်ခန်းမတွင် ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)အတွင်းရေးမှူးဦးနေဝင်းနှင့် သဘင်ပညာရှင်များ၊ ပန်းချီပညာရှင်များအသင်း (မန္တလေး)နာယက ဦးခင်မောင်သန်းနှင့် ပန်းချီပညာရှင်များ၊ အထက်မြန်မာပြည်ဂီတအစည်းအရုံး(မန္တလေး)ဥက္ကဋ္ဌနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက နှုတ်ခွန်းဆက်စကားနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်များပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ၊ စစ်သည်၊ မိသားစုများက မန္တလေးမြို့ရှိပန်းချီ၊ သဘင်၊ ဂီတပညာရှင်များ စုစုပေါင်း ၅၀၀ အတွက် လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများဖြစ်သော Hand Gelဘူး ၁၅၀၊ Hand Washဘူး ၁၅၀၊ Surgical နှာခေါင်းစည်း အခု ၂၅၀၀ နှင့် စားသောက်ကုန်များဖြစ်သော ဆန် ၉၁ အိတ်၊ ဆီပိဿာ ၁၆၀၊ ဆားပိဿာ ၁၄၀ ၊ ပဲပိဿာ ၂၄၀ တို့ကိုပေးအပ်ရာ ပန်းချီပညာရှင်များအသင်းနာယက အထက်မြန်မာပြည်ဂီတအစည်းအရုံး(မန္တလေး)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)အတွင်းရေးမှူးနှင့် သတင်းမီဒီယာအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**





## သီပေါမြို့နယ်၌ ကန့်သတ်စောင့်ကြည့်ရေး စခန်းများအား သန့်ရှင်းရေးဆောင်ရွက်

**သီပေါ မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တရုတ်နိုင်ငံမှ နေရပ်ပြန်သွေးချင်းညီနောင်များအား ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ကာ ကိုဗစ်-၁၉ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို မတ်လမှစတင်၍ ယနေ့အထိ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီပေါမြို့နယ်တွင်ကန့်သတ်စောင့်ကြည့်ရေးစခန်းများအဖြစ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လ-၂နှင့်ရပ်/ကျေးအခြေခံပညာမူလတန်းကျောင်းများ၌ ဖွင့်လှစ်ထားရာ တရုတ်နိုင်ငံမှနေရပ်ပြန်များ မရှိသလောက်ဖြစ်ပြီး မကြာမီကျောင်းဖွင့်ရာသီ ပြန်လည်ရောက်ရှိတော့မည်ဖြစ်သဖြင့် အဆိုပါကျောင်းများအား ကောင်းမှုရှင်ပရဟိတအသင်းနှင့် ဝန်ထမ်းများပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းမှ စတင်၍သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ အဆောင်များတွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြောင်း မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦးက ပြောကြားသည်။

**စိုင်း(သီပေါ)**

## နေအိမ်ပြင်ပသို့ ထွက်ခွာသူများ နှာခေါင်းစည်းဝတ်ဆင်ရေး အသိပညာပေးဆောင်ရွက်

**ဝါးခယ်မ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာသူများအနေဖြင့် နှာခေါင်းစည်းများ မဖြစ်မနေ ဝတ်ဆင်ပြီးမှသာ သွားလာရမည်ဖြစ်ပြီး အသိပညာပေးခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့မဈေးနှင့် ရေကျော်ရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။

ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ရန်အတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင် ဦးဆောင်၍ ကော်မတီဝင်များစုပေါင်းကာ မြို့မဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်များ၊ ရေကျော်ရပ်ကွက် မြူရုံးလမ်း၌ ပြည်သူများအား နှာခေါင်းစည်းများဝတ်ဆင်ရေး အသိပညာပေးပြီး ဝတ်ဆင်ထားခြင်းမရှိသူများကို နှာခေါင်းစည်းများ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာပါက နှာခေါင်းစည်းများ မဖြစ်မနေဝတ်ဆင်ရန် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီက ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် မေ ၁၅ ရက်မှ ၂၀ ရက်အထိ ပညာပေးကာလ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသိပညာပေးကာလ ကျော်လွန်သည့် မေ ၂၁ ရက်မှစ၍ မြို့နယ်အတွင်း စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကြပ်မတ်စစ်ဆေးသွားမည်ဖြစ်ပြီး နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာပါက ယခုဝယ်၊ ယခုတပ် စနစ်ဖြင့် နှာခေါင်းစည်းသုံးခုလျှင် ငွေကျပ် ၃၀၀၀ဖြင့် ဝယ်ယူတပ်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ (ပြန်/ဆက်)**

## မိုင်းဖြတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မိုင်းဖြတ် မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ယနေ့ နံနက် ၈ နာရီက မြို့မဈေးနှင့် ယာယီပျံကျဈေးတို့တွင် ဈေးသွား၊ ဈေးလာ မိဘပြည်သူများအား ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။



ထိုသို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးရာတွင် မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြို့မဈေးနှင့် ယာယီပျံကျဈေးတို့တွင် ဈေးသွား၊ ဈေးလာ မိဘပြည်သူများအား ကိုဗစ်-၁၉ ရောဂါကို မိမိကအစ ကာကွယ်ပါ၊ အဓိကသတင်းစကား(၁၀)ချက်၊ ကူးစက်ပျံ့နှံ့နိုင်ချေများ၊ စနစ်တကျ လက်ဆေးနည်းများ၊ အနုပညာရှင်များ၏ အသိပေးစကားသံများပါဝင်သည့် သတင်းစကားလက်ကမ်းစာစောင်များကိုဖြန့်ဝေပေးခဲ့ပြီး နှာခေါင်းစည်းများ တပ်ဆင်နိုင်ရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ နံနက် ၁၀နာရီတွင် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်သွား ပြည်ထောင်စုလမ်းမကြီးပေါ် တွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးကော်မတီနှင့်ပူးပေါင်း၍ ခရီးသွားပြည်သူများအား သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ခင်ဦးမြို့ရှိ မြန်မာ့မီးရထား ကွန်ကရစ်ဇလီဖားတုံးစက်ရုံ ပြန်လည်ဖွင့်လှစ်

**ခင်ဦး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြကန်သာ အနောက်ပိုင်းရပ်ကွက်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ကွန်ကရစ်ဇလီဖားတုံးစက်ရုံကို ယမန်နေ့ နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အဆိုပါကွန်ကရစ်ဇလီဖားတုံးစက်ရုံမှာ မြန်မာ့မီးရထားနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိသော မာဃ ကုမ္ပဏီတို့ ပူးပေါင်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အလုပ်သမား ၁၃၅ ဦးနှင့် တစ်ရက်လျှင် ဇလီဖားတုံး ၇၆၀ နှုန်းဖြင့် စုစုပေါင်း ၁၁၇၈၀၀ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ဧပြီ ၁ ရက်မှစတင်၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ခေတ္တပိတ်ထားခဲ့ရကြောင်း၊ မေ ၁၈ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း မြန်မာ့မီးရထား ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (ခင်ဦး) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ချစ်စံ(ခင်ဦး)**





## စေတုတ္တရာမြို့၌စိုက်ပျိုးရန် မြို့မပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထား

**စေတုတ္တရာ မေ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့တွင် မိုးရာသီကာလအတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများအား ပျိုးပင်များ အခမဲ့ ရယူစိုက်ပျိုးနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနရှိ မြို့မပျိုးဥယျာဉ်အတွင်း ပျိုးပင်ပေါင်း ၃၄၁၅၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် ကျွန်း ၁၀၀၀၀၊ ပိတောက် ၂၀၀၀၊ ပျဉ်းကတိုး ၂၀၀၀၊ ရေသင်းဝင် ၅၀၀၊ ယင်းမာ ၂၀၀၀၊ ကုက္ကို ၅၀၀၊ ထနောင်း ၅၀၀၊ လိန် ၅၀၀၊ မဲဇလီ ၂၀၀၀၊ မဟော်ဂနီ ၃၀၀၊ ငုစပ် ၃၀၀၊ စစ် ၅၀၀၊ စိန်ပန်း ၆၀၀၊ ယူကလစ် ၂၀၀၀၊ ဝါး ၅၀၀၀၊ လျှော်ဖြူ ၃၀၀၀၊ စွယ်တော် ၃၀၀၊ မန်ကျည်း ၂၀၀၀နှင့် ခရေ ၁၅၀ စုစုပေါင်းပျိုးပင် ၃၄၁၅၀ ပျိုးထောင်ထားကြောင်း သိရသည်။

အဆိုပါ ပျိုးပင်များကို လာမည့် ဇွန်၊ ဇူလိုင် မိုးရာသီတွင် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာများ၊ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းဝင်းများတွင် ပျိုးပင်များကို စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာနဌာနမှူး ဦးငွေစိုးထံမှ သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

■

## ရန်ကုန်ရွှေဈေးကွက် ပြန်ဖွင့်၊ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂ သိန်းကျော်ရှိ

**ရန်ကုန် မေ ၁၉**

ရန်ကုန်ရွှေဈေးကွက်ကို ယမန်နေ့က ပြန်ဖွင့်ပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂ သိန်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ရန်ကုန်ရွှေဈေးကွက်ကို ကိုဗစ်-၁၉ ရောဂါကြောင့် မတ် ၂၉ ရက်မှစတင် ပိတ်ထားပြီး မတ်လအတွင်းတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၀၀၀၀၀ ကျော်သာ ရှိခဲ့သည်။

ဧပြီလတွင်လည်း ရွှေဈေးကွက် ပိတ်ထားပြီး မေ ၁၈ ရက်မှ ရန်ကုန်ရွှေဈေးကွက် ပြန်ဖွင့်ကာ တစ်ကျပ်သားလျှင် ကျပ် ၁၂၃၆၀၀၀ ဖြင့် ဈေးစဖွင့်ခဲ့သည်။

ထို့ပြင် ကမ္ဘာ့ရွှေဈေးမှာလည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၆၀ အထိ စံချိန်တင် မြင့်တက်လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင်မူ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၀၀၀၀၀ ကျော်အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ချိန်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ကျော်အထိသာ ရှိခဲ့သည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရန်ကုန်ရွှေဈေးကွက်ကို ယမန်နေ့က ပြန်ဖွင့်သော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ နှင့်အညီ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာ ရမည်ဖြစ်ပြီး မလိုက်နာပါက အသင်းရုံးခန်းဝင်ခွင့် တစ်လ ယာယီ ရပ်စဲခြင်းခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါ သတ်မှတ်စည်းကမ်းချက်များအရ အသင်းရုံးကို နံနက် ၁၀ နာရီတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသင်းရုံးပိတ်ချိန်မှာ မွန်းလွဲ ၂ နာရီခွဲ၌ ဘုတ်တင်ကာ ညနေ ၃ နာရီတွင် ရုံးခန်းပိတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အပူချိန်တိုင်း မှတ်တမ်းပေးရန်၊ အသင်းရုံးခန်းအတွင်း အချိန်ပြည့် နှာခေါင်းစည်းတပ်ရန်နှင့် ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေဆိုင်ပေါင်း ၁၀၀၀၀ ကျော်ရှိပြီး ယခင်က တစ်နေ့လျှင် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားထားသည်။

**ငြိမ်းငြိမ်း**

## ကျေးရွာလုံးကျွတ် အိမ်သုံးဆိုလာများတပ်ဆင်

**ကျောက်ဆည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဇရစ်ခဲကျေးရွာရှိနေအိမ်များအား ယမန်နေ့ မွန်းလွဲပိုင်းကစတင်ပြီး ရွာလုံးကျွတ်အိမ်သုံးဆိုလာများ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့တပ်ဆင်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အိမ်သုံးဆိုလာများတပ်ဆင်ပေးရခြင်း၏ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြည်သူများ၏ အခြားတင်ပြသည့် လိုအပ်ချက်များကိုလည်း အမြန်ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအိမ်သုံးဆိုလာများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျောက်ဆည်မြို့ရှောင်လမ်းရန်ပုံငွေမှသုံးစွဲခဲ့ကြောင်းသိရပြီး ဇရစ်ခဲကျေးရွာတွင် အိမ်ခြေ ၃၇ အိမ်အတွက် ဆိုလာ ၃၇ ခုအပြင် ကျေးရွာ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းအတွက် တစ်ခုစီ စုစုပေါင်း ၃၉ ခုဖြစ်ပြီး ဆိုလာတစ်ခုလျှင်ငွေ ၃၀၀၀၀၇ကျပ် တန်ဖိုးရှိကြောင်း သိရသည်။

**သက်မောင်**

**(ပြန်/ဆက်)**

# သဖန်းဆိပ်ဆည် ရေဝင်ရောက်မှုလျော့နည်းလာ၍ နွေသီးနှံအတွက် ဆည်ရေမပေးဝေနိုင်

**မုံရွာ မေ ၁၉**

မိုးရွာသွန်းမှုလျော့နည်းလာသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ဆည်ရေဝင်ရောက်မှုလျော့နည်းလာရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နွေသီးနှံအတွက် ဆည်ရေမပေးဝေနိုင်တော့ကြောင်း ကြေညာခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုလျော့ကျမှုမရှိစေရန်၊ တောင်သူများအား ဝင်ငွေလျော့ကျမှုမရှိစေရန်၊ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် သီးနှံစိုက်စွမ်းအားများ ကျဆင်းမှုမရှိစေရန် ၂၀၁၉-၂၀၂၀ ခုနှစ် သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးအစားထိုး ဆောင်းသီးနှံနှင့် နွေသီးနှံစိုက်ပျိုးနိုင်ရန် စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက "သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအနေနဲ့ အရင် ၂၀၁၈-၂၀၁၉ ခုနှစ်က နွေစပါး ဧက ၂၉၀၀၀၀ ကျော်နဲ့ အခြားနွေသီးနှံဧက ၉၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ဆည်ရေမပေးနိုင်ခဲ့ပေမယ့် ဆည်ရေသောက်ဧရိယာတွေမှာ သီးထပ်၊ သီးကြို၊ ရေလတ်ကြဲစိုက်ပျိုးခြင်း၊ မြေအောက်ရေတောင်သူတွင်း၊ ရေလျှံတွင်း၊ ချောင်းပိတ်၊ မြောင်းပိတ်နည်းလမ်းတွေနဲ့ နွေစပါးဧက ၄၀၀၀ ကျော်နဲ့ နွေအစားထိုးသီးနှံဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံနဲ့ နွေသီးနှံစုစုပေါင်းဧက ၄၈၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုလို စိုက်ပျိုးနိုင်ခြင်းဟာ တောင်သူတွေရဲ့ ဖွဲလုံ့လကြိုးစားအားထုတ်မှုဆိုတာကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ မိုးရွာသွန်းမှုနည်းပြီး ဆည်ရေမပေးနိုင်ရင် တောင်သူဦးကြီးတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်တယ်လို့ အကြံပြုချင်ပါတယ်" ဟု ပြောကြားသည်။



သဖန်းဆိပ်ဆည်ကို ၁၉၉၆-၉၇ ခုနှစ်တွင် စီမံကိန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သဖန်းဆိပ်ဆည်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးဆည်နှင့် အရှေ့တောင်အာရှတွင် အရှည်ဆုံးရေလှောင်တမံဖြစ်ပြီး စိုက်ပျိုးမြေဧရိယာဧက ၅၀၀၀၀၀ နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ အိမ်ထောင်စု ၃၀၀၀၀၀ ခန့်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မန္တလေးဈေးချိုတော်၊ မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေမှု မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး



**မန္တလေး မေ ၁၉**

မန္တလေးမြို့၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ယာယီပိတ်ထားခဲ့သည့် ဈေးချိုတော်၊ မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေးများအား ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရှင်းလင်းပြင်ဆင်ထားရှိမှုအခြေအနေများကို မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ယမန်နေ့ ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မန္တလေးမြို့တော်ဝန်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများနှင့်အတူ ရတနာပုံဈေး၊ ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာ အဆောက်အအုံအတွင်း၌ ဖွင့်လှစ်ကြမည့် ဈေးဆိုင်ခန်းများအတွက် လေဝင်လေထွက် ကောင်းမွန်စွာ ရှင်းလင်းထားရှိမှုနှင့် ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးအကျိုးတော်ဆောင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် မန္တလေးမြို့တော်ဝန်သည် ဈေးချိုအနီးတွင် ဆောင်ရွက်လျက်ရှိသည့် ပလက်ဖောင်းနှင့် ရေမြောင်းများ တည်ဆောက်ခြင်း၊ သန့်စင်ခန်းများ ဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး မြို့တော်ဝန်က လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဈေးချိုတော်၊ မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေး အဆောက်အအုံများအတွင်းရှိ ဈေးဆိုင်ခန်းများအား လေဝင်လေထွက်ကောင်းမွန်၍ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မေ ၁၆ ရက်မှစ၍ ဈေးအသီးသီးရှိ အကျိုးတော်ဆောင်များ၊ ဈေးသူဈေးသားများနှင့် ဈေးဌာနဝန်ထမ်းများ ပူးပေါင်းကာ လျှောက်လမ်းများ ကျယ်ပြန့်စေရန်နှင့် အဆောက်အအုံအတွင်း အလင်းရောင် လုံလောက်စွာရရှိစေရန် ဆောင်ရွက်ခြင်းများအပြင် သတ်မှတ်ဧရိယာထက် ကျူးကျော်၍ ခင်းကျင်းထားသော ပစ္စည်းများအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဈေးများအား ကျန်းမာရေးနှင့်အညီ ရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးပါက သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆီဆိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၂၀၀၀၀၀ ကျော် ပျိုးထောင်ထားရှိ



**ဆီဆိုင် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်ပေါင်း ၂၂၇၁၅၇ ပင်အား ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

အဆိုပါပျိုးပင်များကို ဆိုက်ခေါင်ပျိုးဥယျာဉ်၌ ပျိုးပင် ၆၄၀၀၀၊ နောင်ထော်ပျိုးဥယျာဉ်၌ ပျိုးပင် ၁၂၁၂၀၀ နှင့် ပန်ကန်းပျိုးဥယျာဉ်၌ ပျိုးပင် ၄၁၉၅၇ ပင် စုစုပေါင်းပျိုးပင် ၂၂၇၁၅၇ ပင်တို့အားပျိုးထောင်ထားရှိပြီး ပျိုးပင်များမှာ လျှော်ဖြူ ၇၅၈၅၀၊ ကျွန်း ၅၉၅၀၀၊ ထင်းရှူး ၁၂၅၅၀၊ မဲဇလီ ၁၄၅၅၀၊ အော်ရီရှား ၆၃၀၀၊ ရေသင်းဝင် ၂၇၂၀၀၊ စိန်ပန်းပြာ ၂၀၀၀၊ ယူကလစ် ၅၄၅၇ပင်၊ မန်ကျည်းရှား ၁၅၀၀နှင့် ထောပတ် ၂၂၅၀ တို့ကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာရုံးများ၊ အသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများ၊ သစ်ပင်စိုက်ပွဲတော်များ၊ မိမိနေအိမ်ခြံဝင်းများ၌ စိုက်ပျိုးလိုသူများအား အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



# နမ္မတူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၀၉၄၀၀ ပျိုးထောင်ထားရှိ

**နမ္မတူ မေ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တောများပြုန်းတီးမှုကြောင့် ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်များ လျော့နည်းလာစေရေးအတွက် နမ္မတူမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၀၉၄၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ထိုသို့ပျိုးထောင်ထားရှိရာတွင် နမ္မတူမြို့နယ်အတွင်း လူထုဖြန့်ဝေစိုက်ပျိုးရန် ကျွန်း၊ မဲဇလီ၊ ရေသင်းဝင်၊ မန်ကျည်းရှား ၂၈၀၀၀ ၊ မန်တုံမြို့နယ်အတွင်းလူထုဖြန့်ဝေစိုက်ပျိုးရန် ကျွန်း၊ ထင်းရှူး၊ မန်ကျည်းရှား၊ ထောပတ် ၁၃၄၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း ၄၅၈ ဒသမ ၅ ဧကအတွက် မဲဇလီနှင့် ယူကလစ်ပျိုးပင် ၆၈၀၀၀ စုစုပေါင်းပျိုးပင် ၁၀၉၄၀၀ အား မိုးရာသီစိုက်ပျိုးရန် ပျိုးထောင်ထားရှိကြောင်း နမ္မတူမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးချမ်းမြေ့အောင်က ပြောကြားသည်။

**လူမော် (ပြန်/ဆက်)**

# တမူး- အိန္ဒိယ နယ်စပ်ဈေးများပိတ်ထားသဖြင့် မျောက်ငိုသီးပွဲရုံများတွင် ကုန်ကြမ်းများ ဈေးကွက်ပိတ်ဆို့မှုဖြစ်ပေါ်နေ

**တမူး မေ ၁၉**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်သည့်အနေဖြင့် တမူးမြို့နှင့် အိန္ဒိယနယ်စပ်ဈေးများ ပိတ်ထားသဖြင့် မျောက်ငိုသီးပွဲရုံများတွင် ကုန်ကြမ်းများ မရောင်းချနိုင်ဘဲ ဈေးကွက်ပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်းတမူးမြို့ မျောက်ငိုသီးဝယ်ယူရောင်းချသူများထံမှ သိရသည်။



"အရင်နှစ်တွေကဆိုရင် ဖေဖော်ဝါရီလပိုင်းကစပြီး မျောက်ငိုသီးကုန်ကြမ်းတွေကို လှိုင်လှိုင်ရောင်းချနေရပါတယ်။ အခုတော့ ကိုဗစ်-၁၉ ရောဂါရဲ့နောက်ဆက်တွဲတွေကြောင့် မတ်လ တတိယပတ်ကစပြီး ဈေးပိတ်လိုက်တဲ့အတွက် ဝယ်ယူထားတဲ့ ကုန်ကြမ်းတွေဟာ အသီးတွေက အမှည့်လွန်ပြီး ရောင်းတန်းမဝင်တော့ပါဘူး။ အဲဒီတော့ ပွဲရုံတွေလည်း အရှုံးပေါ်ပါတယ်။ အရေးပေါ်ရောင်းမယ်ဆိုတော့လည်း ဈေးတွေက မဖွင့်တော့ ဈေးကွက်ပိတ်သလို ဖြစ်နေပါတယ် " ဟု တမူးမြို့မှ မျောက်ငိုသီး ဝယ်ယူရောင်းချသူ ဦးထွန်းအောင်က ပြောကြားသည်။

တမူးမြို့အတွင်းရှိ မျောက်ငိုသီး ဝယ်ယူ ရောင်းချသူများအနေဖြင့် အိန္ဒိယဈေးကွက်သို့ နှစ်စဉ်ရောင်းချလျက်ရှိရာ ယခုအခါ အဆိုပါပွဲရုံပိုင်ရှင်များအနေဖြင့် အနယ်နယ်အရပ်ရပ်မှ စိုက်ပျိုး ရောင်းချလျက်ရှိသော တောင်သူများထံမှ ဝယ်ယူစုဆောင်းချိန်ရောက်ရှိနေသော်လည်း လက်ရှိအချိန်တွင် တမူးမြို့ နန်းဖာလုံဈေးနှင့် အိန္ဒိယနိုင်ငံဘက် မိုရေးဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ပြီးခဲ့သည့် မတ် ၂၆ ရက်ကစ၍ ယနေ့အချိန်ထိ ခေတ္တယာယီပိတ်ထားသဖြင့် ဒေသခံပွဲရုံပိုင်ရှင်များမှာ မျောက်ငိုသီးကုန်ကြမ်းများ တစ်ဆင့် မရောင်းချနိုင်ဘဲ ဈေးကွက်ပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

မျောက်ငိုသီးကို တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ မဏိပူရ်ပြည်နယ်နှင့် နာဂလန်းပြည်နယ်ဘက်မှ အများဆုံးဝယ်ယူခြင်းဖြစ်ရာ ယခင်နှစ်များက မျောက်ငိုသီးဈေးကွက်တွင် အရောင်းအဝယ်သွက်လက်ပြီး မျောက်ငိုသီးတစ်တောင့်လျှင် ငွေကျပ် ၂၀၀ နှုန်း ပေါက်ဈေးရှိခဲ့ပြီး ယခုအခါနယ်စပ်ဂိတ်များပိတ်ပင်ထားခြင်းကြောင့် ဈေးကွက် ကျဆင်းကာ မျောက်ငိုသီးတစ်တောင့်လျှင် ငွေကျပ် ၁၀၀ ဝန်းကျင်နှုန်းသာ ပေါက်ဈေးရှိနေခြင်း ဖြစ်ကြောင်း မျောက်ငိုသီး ရောင်းဝယ်သူများထံမှ သိရသည်။

**ချင်းတွင်းသား**

# သမဝါယမအသင်းများက မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မျိုးစေ့ထုတ်လုပ်ရေးအတွက် သမဝါယမအသင်းကိုးသင်းအား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး စပါး ၄၆၄ ဧက၊ မြေပဲ ၃၈ ဧက၊ ကုလားပဲ ၁၄၈ ဧကနှင့် နှမ်း ၆၃ ဧက စုစုပေါင်း မျိုးစေ့စိုက်ပျိုးဧက ၇၁၃ ဧကဖြင့် မျိုးစေ့ထုတ်သီးနှံများ စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ယင်းမျိုးစေ့ စိုက်ပျိုးဧကများမှ ထွက်ရှိသောမျိုးစပါး ၁၇၇၆၂ တင်း၊ မြေပဲမျိုး တင်း ၇၂၀၊ ကုလားပဲမျိုး ၇၂၆ တင်း၊ နှမ်းမျိုး ၃၇၉ တင်းတို့အား သိုလှောင်ထားရှိပြီး သီးနှံမျိုးစေ့များကို အသင်းသား တောင်သူများနှင့် ပြည်သူများထံသို့ ဒေသပေါက်ဈေးနှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လေ့ကျင့်မှုပြုလုပ်ရန် ဟံသာဝတီအသင်း ကစားသမားများ၏ ကြံ့ခိုင်မှုအား စတင်စစ်ဆေးမည်

ရန်ကုန်　　မေ　၁၉

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံးမှဦးဆောင်နေသည့် ဟံသာဝတီအသင်းသည် ပြန်လည်လေ့ကျင့်ရန် စတင်ဆောင်ရွက်နေပြီး လေ့ကျင့်မှုပြုလုပ်နိုင်ရန် ကစားသမားများ၏ ကြံ့ခိုင်မှုအား စတင်စစ်ဆေးမည်ဖြစ်သည်။

ဟံသာဝတီအသင်းသည် ပြိုင်ပွဲမရပ်နားမီ မတ် ၂၃ ရက်တွင် MNL ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ဖွဲ့ကပင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့်အသင်းလည်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုရာသီတွင် ရလဒ်များကောင်းမွန်နေသလို ချန်ပီယံဆုမျှော်မှန်းနိုင်သည့် အနေအထားတွင်ရှိသောကြောင့် ပြိုင်ပွဲမတိုင်မီ လေ့ကျင့်မှုပြည့်ဝနေစေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယမန်နေ့က အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြအဖွဲ့တို့ အစည်းအဝေးပြုလုပ်ပြီးနောက် လေ့ကျင့်ပြင်ဆင်မည့်အစီအစဉ်များအား အတည်ပြုခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်ကာလအတွင်း သက်ဆိုင်ရာက ငါးဦးနှင့်အထက် လူစုလူဝေးပြုလုပ်ခွင့် မပေးထားသောကြောင့် ဟံသာဝတီအသင်းသည် အသင်းလိုက်လေ့ကျင့်မှုများ ပြုလုပ်မည်မဟုတ်သေးဘဲ ကြံ့ခိုင်မှုစစ်ဆေးရာတွင်လည်း တစ်နေ့လျှင် လေးဦးသာ စစ်ဆေးမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် မေ ၂၆ ရက်မှစတင်ကာ ကြံ့ခိုင်မှုစစ်ဆေးမည်ဖြစ်ပြီး အသင်းကြီးမှ ကစားသမားများကိုသာ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ဟံသာဝတီအသင်းအုပ်ချုပ်သူ ဦးထွန်းထွန်းလင်းက "အသင်းအနေနဲ့ လေ့ကျင့်မှုပြည့်ဝနေဖို့ လေ့ကျင့်မယ့်အစီအစဉ်တွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကစားသမားတွေရဲ့ ကြံ့ခိုင်မှုကို စတင်စစ်ဆေးသွားမှာဖြစ်ပြီး သက်ဆိုင်ရာရဲ့ လမ်းညွှန်ချက်အတိုင်း တစ်ကြိမ်လျှင် လေးဦးပဲ စစ်ဆေးမှာဖြစ်ပါတယ်။ အသင်းလိုက်စုစည်းလေ့ကျင့်ဖို့ကတော့ သက်ဆိုင်ရာက ခွင့်ပြုပြီးမှ ဆောင်ရွက်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

ဟံသာဝတီအသင်းသည် ပထမအကျော့လက်ကျန်တစ်ပွဲသာ ကစားရန်ကျန်ရှိတော့ပြီး နာမည်ကြီးရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

# နည်းပြ ပိုချက်တီနို အသင်းသစ်တစ်သင်းနှင့် စာချုပ်ချုပ်ဆိုမည်



နည်းပြ ပိုချက်တီနိုဟာ စပါးအသင်းကို ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေမယ့် နောက်ပိုင်းမှာ ရလဒ်ပိုင်းမကောင်းခဲ့တဲ့အတွက် နည်းပြ ပိုချက်တီနိုရဲ့နေရာကို ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦး ဖြစ်တဲ့ မော်ရင်ဟိုနဲ့ အစားထိုးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နည်းပြ ပိုချက်တီနိုကို နယူးကာဆယ်အသင်းအပါအဝင် အခြားသော ကလပ်အသင်း အတော်များများကလည်း ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သိရပါတယ်။ နယူးကာဆယ်အသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ ကစားသမားသစ်တွေခေါ်ယူဖို့ အတွက်လည်း ပေါင်သန်း ၃၀၀ နီးပါးရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။

လက်ရှိအသင်းလက်မဲ့ဖြစ်နေတဲ့ နည်းပြ ပိုချက်တီနိုကို ရီးယဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်း၊ ပီအက်စ်ဂျီအသင်း၊ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ကလည်း ခေါ်ယူဖို့ စောင့်ကြည့်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

စပါးအသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတဲ့ နည်းပြ ပိုချက်တီနိုဟာ အသင်းသစ်တစ်သင်းနဲ့ စာချုပ်ချုပ်ဆိုတော့မယ်လို့ သိရပါတယ်။ အာဂျင်တီးနားနိုင်ငံသား နည်းပြ ပိုချက်တီနိုဟာ စပါးအသင်းမှာ ငါးနှစ်ကြာတာဝန်ယူခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက စပါးအသင်းရဲ့ ထုတ်ပယ်ခြင်းကို ခံခဲ့ရတာဖြစ်ပြီး အဲဒီအချိန်ကစလို့ လက်ရှိအချိန်အထိ အသင်းလက်မဲ့ဖြစ်နေတာလည်း ဖြစ်ပါတယ်။

စပါးအသင်းဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအစပိုင်းမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တဲ့အပြင် ပိုချက်တီနိုကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ချိန်က စပါးအသင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုဟာ အဆင့် ၁၄ နေရာကို ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



# နွေရာသီဈေးကွက်အတွင်းမှာ ဘရူနိုဖာနန်ဒက်စ်ကို လီဗာပူးအသင်းခေါ်ယူမည်ဟုဆို


လီဗာပူးအသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ရှိနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းအနေနဲ့ ဘရူနိုဖာနန်ဒက်စ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက စပို့တင်းလစ္စဘွန်းအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၆၇ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ကွင်းလယ်ကစားသမားတစ်ဦးခေါ်ယူဖို့ပြင်နေတာဖြစ်ပြီး ဂျိမ်းစ်မီနာ၊ ကီတာ၊ ဝစ်နယ်ဒန်နဲ့ ဟန်ဒါဆန်တို့နဲ့ မတူညီတဲ့ အခြားသောကွင်းလယ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့စီစဉ်နေတာ ဖြစ်ပါတယ်။

ဘရူနိုဖာနန်ဒက်စ်ဟာ အူဒီးနီးစ်အသင်း၊ ဆမ်ဒိုးရီးယားအသင်း၊ စပို့တင်းလစ္စဘွန်းအသင်းတို့တွင် ကစားခဲ့ရာမှာ အူဒီးနီးစ်အသင်းမှာ ၈၆ ပွဲမှာ သွင်းဂိုး ၁၀ ဂိုး၊ ဆမ်ဒိုးရီးယားအသင်းနဲ့အတူ ၃၃ ပွဲမှာ ငါးဂိုး၊ စပို့တင်းလစ္စဘွန်းအသင်းမှာ ၈၃ ပွဲမှာ သွင်းဂိုး ၃၉ ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ လက်ရှိကလပ် မန်ယူအသင်းမှာတော့ ငါးပွဲကစားပြီး နှစ်ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။

## အနုပညာ



# အီတေးဝန်ကို သွားရောက်လည်ပတ်ခဲ့တဲ့ ဂျုံးဂုကိုယ်စား အေဂျင်စီတောင်းပန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုံးဂုဟာ မေလအစပိုင်းက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်အစုလိုက်ကူးစက်မှုကို ပြန်လည်ဖြစ်ပွားစေခဲ့တဲ့ အီတေးဝန်ဒေသကို သွားရောက်လည်ပတ်ခဲ့တာကြောင့် ပေါ့ပ်ကြယ်ပွင့်ကိုယ်စား အေဂျင်စီက လတ်တလောမှာ တောင်းပန်စကားဆိုခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျုံးဂုဟာ အီတေးဝန်ကို သွားရောက်ခဲ့ရာမှာ အကာအကွယ်တွေကို ဝတ်ဆင်ခဲ့ခြင်းမရှိတဲ့အပြင် သတ်မှတ်ထားတဲ့ ဗိုင်းရပ်စ်ကာကွယ်ရေး ခပ်ခွာခွာနေထိုင်ခြင်းသတ်မှတ်ချက်တွေကိုလည်း လိုက်နာခဲ့ခြင်းမရှိတဲ့အပေါ် အေဂျင်စီက တောင်းပန်ရခြင်းဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

သို့သော် အေဂျင်စီရဲ့ပြောကြားချက်အရ ပေါ့ပ်ကြယ်ပွင့်ဟာ ရောဂါကူးစက်မှုတွေဖြစ်ပွားခဲ့တဲ့ နေရာတွေကို သွားရောက်ခဲ့တာမဟုတ်ကြောင်း၊ အစုလိုက် ကူးစက်မှုတွေမဖြစ်ပွားမီ ရက်သတ္တပတ်ခန့်က အီတေးဝန်ကို သွားရောက်ခဲ့တာဖြစ်ကြောင်းလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် အေဂျင်စီက အလားတူလုပ်ရပ်မျိုး ထပ်မံမဖြစ်ပွားအောင် လုပ်ဆောင်သွားမှာဖြစ်ကြောင်းနဲ့ ပရိသတ်တွေကို စိတ်ပူစေခဲ့တဲ့အတွက် တောင်းပန်ကြောင်းလည်း ထည့်သွင်းဖော်ပြခဲ့တာ တွေ့ရပါတယ်။

# ဆောင်းဂျေးရင်နဲ့ ဂျီယောင်းတို့ ချစ်သူတွေမဟုတ်ကြောင်း အေဂျင်စီငြင်းဆို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသား ဆောင်းဂျေးရင်နဲ့ အမျိုးသမီး တေးဂီတအဖွဲ့ T-ara ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီယောင်းတို့ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ လတ်တလောမှာ ပေါ်ထွက်လာခဲ့ပါတယ်။ အဆိုပါသတင်းတွေအပေါ် အေဂျင်စီက မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဂျေးရင်နဲ့ ဂျီယောင်းတို့နှစ်ဦး ကားတစ်စီးတည်းအတူစီးကာ ဓာတ်ဆီဆိုင်တစ်ခုမှာ ဆီဖြည့်ခဲ့တာကို ပရိသတ်တစ်ဦးက တွေ့မြင်ခဲ့ပါတယ်။ အဆိုပါမျက်မြင်တွေ့ရှိသူရဲ့ပြောကြားချက်အရ သူတို့နှစ်ဦးဟာ ချစ်သူနှစ်ဦး ချိန်းဆိုတွေ့ဆုံတဲ့ပုံမျိုးရှိနေခဲ့ကြောင်း သိရပါတယ်။ ဒါကြောင့် ဒေသတွင်း မီဒီယာအချို့က သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ရေးသားဖော်ပြခဲ့ကြရာ အဆိုပါသတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း ကြယ်ပွင့်တွေရဲ့ အေဂျင်စီတွေက တုံ့ပြန်ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

အေဂျင်စီက ပြန်လည်ရှင်းလင်းဖြေကြားရာမှာ သူတို့နှစ်ဦးစလုံး စက်ဘီးစီးတာကိုဝါသနာပါကြပြီး စက်ဘီးအတူစီးဖို့ရာ ကျေးလက်ဒေသကို သွားရောက်ခဲ့ကြတာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဆောင်းဂျေးရင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက မေ ၁၇ ရက်မှာ မင်းသားဟာ ဂျီယောင်းနဲ့အတူ ကျေးလက်ဒေသမှာ စက်ဘီးအတူစီးဖို့ သွားရောက်စဉ် တွေ့မြင်ခဲ့တာဖြစ်ကြောင်း၊ သူတို့နှစ်ဦးဟာ အတူတွဲဖက်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် I Wanna Hear Your Song မှာ စတင်သိကျွမ်းခဲ့ကြပြီး လက်ရှိမှာ ခင်မင်တဲ့ သူငယ်ချင်းတွေဖြစ်ကာ သူတို့အကြားမှာ စီနီယာ၊ ဂျူနီယာ ဆက်ဆံရေးမျိုးသာရှိကြောင်းလည်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ ဂျီယောင်းရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း သူဟာ စက်ဘီးစီးဝါသနာပါသူတစ်ဦးဖြစ်ကာ ဆောင်းဂျေးရင်ဆီက သင်ယူလိုတာဖြစ်ကြောင်း၊ ဆောင်းဂျေးရင်က သူစက်ဘီးစီးလေ့ရှိတဲ့နေရာကို ဂျီယောင်းကို ခေါ်ဆောင်သွားတာဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ သူငယ်ချင်းတွေသာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့တယ်လို့ သိရပါတယ်။

# တစ်လအတွင်း တတိယအကြိမ် လှူဒါန်းခဲ့တဲ့ အိုင်ယူ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အိုင်ယူဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ကာလအတွင်း ဝင်ငွေနည်းပါးတဲ့ မိသားစုတွေအတွက် ရည်ရွယ်ကာ ဝမ် ၁၀ သန်း လှူဒါန်းခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူဟာ မေလအစပိုင်းမှစတင်ကာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ထိခိုက်ခဲ့ရတဲ့ မိသားစုတွေအတွက် လှူဒါန်းမှုတွေပြုလုပ်ခဲ့တာ သုံးကြိမ်မြောက်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။ ပထမဦးစွာ ဝမ် သန်း ၃၀ လှူဒါန်းခဲ့ကာ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ဂရင်းအန်ဘရဲလား ချေးရန်းဖောင်ဒေးရှင်ထံသို့ လှူဒါန်းခဲ့ပါသေးတယ်။ ဒ့ါအပြင် မေ ၆ ရက်မှာလည်း အဘိုးအဘွား ဒါမှမဟုတ် မိဘတစ်ဦးတည်းက စောင့်ရှောက်နေရတဲ့ ကလေးတွေအတွက် ဝမ် ၁၀ သန်း လှူဒါန်းခဲ့ကြောင်းလည်း သိရပါတယ်။



အေးပြည့် ရေးသားသည်

# ကျောက်တံတားမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများအား အဝတ်နှာခေါင်းစည်းများ ထောက်ပံ့



**ရန်ကုန် မေ ၁၉**
ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျောက်တံတားမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီက မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အဝတ်နှာခေါင်းစည်းများ ထောက်ပံ့ခဲ့သည်။

အဆိုပါ အဝတ်နှာခေါင်းစည်းများကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အဝတ်နှာခေါင်းစည်း ၅၃၆ ခုကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်လှူဒါန်းခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကျောက်တံတားမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၀၂ စု ရှိ လူဦးရေ ၅၃၆ ဦးတို့ကို ပြန်လည်ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရွှေနန်းမေ(ပြန်/ဆက်)**

# ရွှေကူမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ဆန်များ ထောက်ပံ့

**ရွှေကူ မေ ၁၉**
ကချင်ပြည်နယ် ရွှေကူမြို့ ရွှေဂဲကုန်းကျေးရွာတွင် အမှတ်(၅၆)ခြေလျင် တပ်ရင်းမှ တပ်ကြပ်ကြီးစာရေး အောင်ကျော်မိုးနှင့် အငြိမ်းစား ကျောင်းဆရာမ ဒေါ်ခင်မျိုးမျိုးကျော် မိသားစုနှင့် အလှူရှင်များ စုပေါင်း၍ ယမန်နေ့ နံနက်ပိုင်းတွင် ရွှေကူမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေ မရှိသော အိမ်ထောင်စုများအား ဆန်များ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ဆန်များထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ အိမ်ထောင်စု တစ်စုလျှင် ဆန် ၁ ပြည်နှုန်းဖြင့် မည်သူမဆို လာရောက်၍ယူဆောင်နိုင်ပြီး မိမိအိမ်၌ ဆန်လုံလောက်မှု မရှိပါက ထပ်မံ၍ယူဆောင်နိုင်ကြောင်း၊ မိမိအိမ်အနီးတွင် ဆန်အခက်အခဲဖြစ်နေသူများ၊ ဆန်လိုအပ်သူများရှိပါက ဖုန်းဖြင့် ဆက်သွယ်လိုက်လျှင် ဆန်များကို အိမ်အရောက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ ယခု လှူဒါန်းခြင်းသည် ဆန် ၁၄ အိတ်နှင့် ၁၀ ပြည် လှူဒါန်းခြင်းဖြစ်ပြီး အလှူရှင်များဖြင့် စုပေါင်းလှူဒါန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆန်အလှူရှင် ဒေါ်ခင်မျိုးမျိုးကျော်က ပြောသည်။



ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ရွှေကူမြို့နယ်၌ လုပ်ငန်းများလုပ်ကိုင်ရန် အခက်အခဲဖြစ်နေသော၊ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အိမ်ထောင်စု တစ်စုလျှင် ဆန် တစ်ပြည်နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ထောက်ပံ့

**မိုးညို မေ ၁၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မေ ၁၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စုများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ယမန်နေ့မွန်းလွဲပိုင်းက ကျေးရွာများအရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော မိုးညိုမြို့နယ် ဘုရားငူအုပ်စုရှိ သရက်ကုန်းကျေးရွာနှင့် လဖျော်ပင်ကျေးရွာတို့တွင် ပြိုလဲနေအိမ်သုံးလုံးနှင့် အမိုးလန်နေအိမ် ခြောက်လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ထောက်ပံ့ငွေကျပ် ၄၇၀၀၀၀၊ ပြိုလဲနေအိမ်သုံးလုံးရှိ လူဦးရေ ၁၃ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာ ထောက်ပံ့ငွေကျပ် ၂၇၃၀၀၊ စုစုပေါင်းထောက်ပံ့ငွေကျပ် ၄၉၇၃၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှူး ဦးမင်းသူမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လေဘေးသင့် အိမ်ထောင်စုများအား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ကိုမင်း(မိုးညို)**

# ကန်ပေါက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် ထရိုင်းတောကျေးရွာပြည်သူများအတွက် သောက်သုံးရေများလှူဒါန်း

**ညောင်ဦး မေ ၁၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကန်ပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေထိုင်သည့် ရဟန်းသံဃာများနှင့် ထရိုင်းတောကျေးရွာရှိ ပြည်သူများ သောက်သုံးရေ အခက်အခဲဖြစ်နေသည်ကို သိရှိရသဖြင့် အလှူရှင်များက သောက်သုံးရေ ဂါလန် ၆၂၀၀ ကို မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုအသင်းက ယမန်နေ့က ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ ညောင်ဦးမြို့နယ် ထရိုင်းတောကျေးရွာတွင် အိမ်ခြေ ၁၀၀၊ လူဦးရေ ၄၈၀ ခန့်ရှိပြီး ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်မားပြီး မိုးရွာသွန်းမှု မရှိသဖြင့် သောက်သုံးရေ အခက်အခဲရှိနေသောကြောင့် ကျေးရွာနေပြည်သူများ အဆင်ပြေစေရန် သောက်သုံးရေ ဂါလန် ၃၂၀၀ နှင့် ကန်ပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေ ဂါလန် ၃၀၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

# ခင်ဦးမြို့နယ်တွင် နွေစပါးအစားထိုး သီးထပ်ဧက နှစ်သောင်းကျော် စိုက်ပျိုး

**ခင်ဦး မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ဆည်ရေသောက်ဧရိယာများ၌ နှစ်စဉ်နွေစပါးဧက ၃၀၀၀၀ ခန့် စိုက်ပျိုးလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် မိုးရွာသွန်းမှုနည်းခဲ့သောကြောင့် နွေစပါးအစား ရေလိုအပ်ချက်နည်းသော သီးနှံများကို စိုက်ပျိုးခဲ့ရာ ဧကနှစ်သောင်းကျော်အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် နွေစပါးအစားထိုးသီးနှံစိုက်ပျိုးရန် စုစုပေါင်းလျာထားဧက ၁၉၃၀ လျာထားရာ ၂၅၉၇၇ ဧကအထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသောသီးနှံများကို နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်က ပြောသည်။

မြကန်ကျေးရွာ နွေပဲတီစိမ်းစိုက်ပျိုးသူ ဦးအေးက နွေပဲတီစိမ်းကို မြေအောက်ရေတွင်းများတူးဖော်ပြီး စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၃၅ တင်းကျော် ထွက်ရှိပြီး ဒေသပေါက်ဈေးငွေကျပ် ၄၂၀၀၀ နှုန်းဖြင့် ရောင်းချလျက် ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်မှာ လေးသိန်းဝန်းကျင်ကုန်ကျပြီး တစ်ဧကလျှင် အမြတ်ငွေကျပ် ၁၀ သိန်းကျော် ရရှိကြောင်း၊ မိမိတို့ဒေသတွင် ပဲတီစိမ်း ရေဆင်း ၁၁ နှင့် ရေဆင်း ၁၄ မျိုးတို့ကို အများဆုံးစိုက်ပျိုးကြကြောင်း ပြော သည်။

**စိုးဝေအောင်(ခင်ဦး)**



# ထန်ပါခွေမြို့တွင် ပြောင်းသီးနှံပိုးမွှားရောဂါကျရောက်မှု ရှိ၊ မရှိ ကင်းထောက်စစ်ဆေး



**ထန်ပါခွေ မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့တွင် ယနေ့ နံနက် ၉ နာရီက ပြောင်းသီးနှံပိုးမွှားရောဂါ ကျရောက်မှုရှိ၊ မရှိအား ကင်းထောက်စစ်ဆေးခဲ့ကြောင်း ထန်ပါခွေမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ကင်းထောက်စစ်ဆေးရာတွင် ထန်ပါခွေမြို့ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ပြောင်းသီးနှံ တောင်ယာစိုက်ခင်းများတွင် ပိုးမွှားရောဂါ ကျရောက်မှုရှိ၊ မရှိစစ်ဆေးခဲ့ပြီး ပိုးမွှားရောဂါကျရောက်လာပါက လက်တွေ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို တောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ထန်ပါခွေမြို့တွင် အစေ့ထုတ်ပြောင်းသည် အစိုက်အများဆုံးသီးနှံဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းစိုက်ဧကသည် စုစုပေါင်းစိုက်ဧက၏ ၃၅ရာခိုင်နှုန်း စိုက်ပျိုးခြင်းကြောင့် ပိုးမွှားရောဂါ ကင်းထောက်စစ်ဆေးခြင်းလုပ်ငန်းများကို အချိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထန်ပါခွေမြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးဝေမင်းဦးက ပြောသည်။

**ဟန်ထွန်း(အင်း၀)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
| --- | --- | --- |
| ရန်ကုန်တက္ကသိုလ်၊ ရိုးမရိပ်သာ၊ ကမာရွတ်မြို့နယ် | ၁ | (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်း(98'x64') RC (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) (၂၅၀၈၈ စပေ) |
| ရန်ကုန်တက္ကသိုလ်၊ တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၂ | RC (၂)ထပ် စာသင်ဆောင်(၁)လုံး တည်ဆောက်ခြင်း (မြို့ပြ၊ရေသန့်၊လျှပ်စစ်) (156'x38')(၁၁၈၅၆ စပေ) |
| ရန်ကုန်တက္ကသိုလ်၊ တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၃ | RC(၁)ထပ်၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်(၁)လုံး တည်ဆောက်ခြင်း(မြို့ပြ၊ရေသန့်၊လျှပ်စစ်) (60'x30') (၁၈၀၀ စပေ) |
| ရန်ကုန်တက္ကသိုလ်၊ တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၄ | 200 KVA Transformerနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း (HT, LT Line အပါအဝင်) |
| ရန်ကုန်တက္ကသိုလ်၊တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၅ | ပြင်ပရေသန့်လုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၅-၂၀၂၀ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၂၀ ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရန်ကုန်တက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားတစ်ခုစီအတွက် တင်ဒါအာမခံကြေးကို သီးခြားစီပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့် တစ်ခုချင်းစီ တင်သွင်းရမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်းနံပါတ်-၀၁-၅၃၄၄၈၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပညာရေးကောလိပ်များမှ Teacher Educators များအတွက် ဘာသာရပ်ဆိုင်ရာ ကိုးကားစာအုပ် (Reference Books)များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊(ဆရာအတတ်ပညာ)သည် (၄)နှစ်သင် ပညာရေး အထူးပြုဘွဲ့အစီအစဉ် ဆောင်ရွက်ရာတွင် ပညာရေးကောလိပ်များမှ Teacher Educators များအတွက် ဘာသာရပ်ဆိုင်ရာ ကိုးကားစာအုပ်(Reference Books)များ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၅-၂၀၂၀ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၆-၂၀၂၀ ရက်၊ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာနဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကိုသိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၇၇၂၇၊ ၀၆၇-၃၄၀၇၇၂၆ နှင့် ၀၆၇-၄၀၇၃၉၅ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အဆင့်မြင့်ပညာဦးစီးဌာန**

## အသိပေးကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေးရှိ ဈေးဆိုင်ခန်းများကို ၂၀၁၄ ခုနှစ်မှစ၍ အရစ်ကျစနစ်ဖြင့် (၂၅)လခွဲ၍ ရောင်းချခဲ့ပါသည်။
၂။ ဆိုင်ခန်းအရစ်ကျ ဝယ်ယူသူများအနက် ဆိုင်ခန်းဖိုးအရစ်ကျငွေများ အကျေပေးသွင်းရန် ကျန်ရှိသူများသည် ၃၀-၆-၂၀၂၀ရက် နောက်ဆုံးထားပြီး မြို့တော်ခန်းမရှိ ဈေးများဌာန(ရုံးချုပ်)တွင် လာရောက်ပေးသွင်းရန်နှင့် ၎င်းနေ့အထိ ပေးသွင်းခြင်းမရှိသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူထားသည့် ဆိုင်ခန်းအား ယာယီပိတ်သိမ်းပြီး ဌာနမှ လိုအပ်သလို စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ ၂၃၀ကေဗွီ ဘားအံ(သထုံ-မော်လမြိုင်)ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော တာဝါတိုင်များအား ထုတ်ယူရမည့်နေရာအသီးသီးမှ ဘားအံခွဲရုံသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၂-၆-၂၀၂၀ရက်၊ ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။
၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ လယ်ဝေးဘဏ်ခွဲ သံကူကွန်ကရစ်(၂)ထပ် အဆောက်အဦ(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း

| | | |
| --- | --- | --- |
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | ၂၅-၅-၂၀၂၀ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၄-၆-၂၀၂၀ ရက်၊ (၁၆:၀၀)နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန (အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
| --- | --- | --- |
| **စုံစမ်းရန်နေရာ/ဌာန** | - | **အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ** |
| **ဆက်သွယ်ရန်ဖုန်း** | - | ၀၆၇-၈၁၀၈၂၁၂ |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## စက်မှုတိုင်း(၃)၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုတိုင်း (၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့မှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် စက်ပြင်အလုပ်ရုံ(Open Shed)တစ်လုံး တည်ဆောက်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ညွှန်ကြားရေးမှူးရုံး၊ စက်မှုတိုင်း (၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့တွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်သည်။

| | | |
| --- | --- | --- |
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ | - | ၂၁-၅-၂၀၂၀ ရက်မှ ၁၂-၆-၂၀၂၀ ရက်ထိ |
| တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၁၂-၆-၂၀၂၀ ရက် ရုံးချိန်အတွင်း |
| တင်ဒါဖွင့်လှစ်မည့်အချိန် | - | ၁၉-၆-၂၀၂၀ ရက်၊ နံနက် ၁၀:၃၀ နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ စက်မှုတိုင်း(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။ |

အသေးစိတ်သိရှိလိုပါက ၀၆၃-၂၃၂၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ၂-၃-၂၀၂၀ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၄)ပါ ဒေါ်အမာလေး [၁၂/ကတတ(နိုင်)၀၁၂၇၂၀]၏ ရှေ့နေမှ ရှင်းလင်းကြေညာချက်အပေါ် ကန့်ကွက်ပြန်ကြားခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် (၃၃၆)၊ အခန်းအမှတ်(၁)၊ မြေညီထပ်နေရာနှင့်ပတ်သက်၍ ၂-၃-၂၀၂၀ရက်ထုတ် ကြေးမုံသတင်းစာပါ ဒေါ်အမာလေး[၁၂/ကတတ(နိုင်)၀၁၂၇၂၀]၏တရားလွှတ်တော်ရှေ့နေ ဦးစိုးထွန်းဦးကပင် ၉-၂-၂၀၀၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဒေါ်အမာကြီး[၁၂/ကတတ(နိုင်)၀၁၂၇၃၁]၏ရှေ့နေအဖြစ် အလားတူသတိပေးကြေညာချက်တစ်ရပ် ဖော်ပြခဲ့ရာ ဦးကေဆွာမိ[၁၂/ပဘတ(နိုင်)၀၂၈၀၀၁]၏ ရှေ့နေ ဦးအောင်ကျော်ဟန်က ရှေ့နေဦးစိုးထွန်းဦးထံ သီးခြားအကြောင်းကြားစာပေးပို့ခဲ့ပြီး ၂၂-၃-၂၀၀၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌လည်း အမှုအမှတ်များနှင့်တကွ အသေးစိတ်ပြန်လည်ရှင်းလင်းသတိပေးကြေညာချက် ဖော်ပြခဲ့ပြီးဖြစ်ပါလျက် ယခုတစ်ဖန် ဒေါ်အမာလေး[၁၂/ကတတ(နိုင်)၀၁၂၇၂၀]အနေနှင့် ရှေ့နေဦးစိုးထွန်းဦးမှ ထပ်ဆင့်ကြေညာခဲ့ခြင်းဖြစ်ပါသည်။

ဦးကေဆွာမိက ဒေါ်အမာလေးဆိုသူကို သိရှိခြင်း၊ အသိအမှတ်ပြုခြင်းမရှိသည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၌ အသစ်တည်ဆောက်မည့် အဆောက်အအုံတွင် ပေါ်ပေါက်လာမည့် အခန်း(၁)နေရာအတွက် "သုံးစွဲခွင့်"ပြုကြောင်း မှတ်တမ်းတင်ခံထားရသူမှာ ဒေါ်အမာလေး[၁၂/ကတတ(နိုင်)၀၁၂၇၂၀]မဟုတ်ပါ။

တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ်(၇၂၂/၉၀)၊ တရားမအထွေထွေမှုအမှတ် (၄/၉၁)၊ တရားမအထွေထွေလျှောက်လွှာအမှတ်(၈၀/၉၂) တို့၏ စီရင်ချက်တို့တွင် ဦးကေဆွာမိသည် အခန်း(၁)၏ တရားဝင်အိမ်ငှားမဟုတ်ကြောင်း မည်သည့်စီရင်ချက်တွင်မျှ ဆုံးဖြတ်ထားခြင်းမရှိပါ။ အဆိုပါ မြေညီထပ် အခန်းအမှတ်(၁)(၂)တို့၏ တရားဝင်အိမ်ငှားမှာ ဦးကေဆွာမိသာဖြစ်ကြောင်း ငှားရမ်းခကြီးကြပ်ရေးဝန်ကြီးရုံး၏ အမှုအမှတ်(၁၃၉၁/အေ/၆၉)တွင် ဆုံးဖြတ်ချက်၊ ဗဟိုတရားရုံး၏ (၁၉၈၃)ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်(၁၁၇)နှင့် (၁၃၃)တို့တွင် ဆုံးဖြတ်ချက်များကို မည်သည့်အဆင့်ဖြင့် တရားရုံးကမျှ ပယ်ဖျက်ထားခြင်းမရှိသဖြင့် ဦးကေဆွာမိသည် အခန်းအမှတ်(၁)နှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာအဖွဲ့အစည်းများရှေ့မှောက်တွင် ၎င်းသာလျှင် တရားဝင်အိမ်ငှားဖြစ်ကြောင်း ပြောရေးဆိုပိုင်ခွင့်ရှိသည့်အလျောက် ပြောဆိုတင်ပြခဲ့ခြင်းသာဖြစ်ကြောင်း သိစေအပ်ပါသည်။

တရားရုံး၏ စီရင်ချက်၊ ဒီကရီတို့ကို တလွဲအဓိပ္ပာယ်သက်ရောက်စေရန် ရေးသားဖော်ပြမှုများ ထပ်မံပြုလုပ်ပါက ဥပဒေအရ တရားစွဲဆို အရေးယူတော့မည်ဖြစ်ကြောင်း သတိပေး သိစေအပ်ပါသည်။

**ဦးကေဆွာမိ[၁၂/ပဘတ(နိုင်)၀၂၈၀၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဟန်**
**B.A(Law).,LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၀၈၆/၈၁)**
**အမှတ်(၉/၁၁)၊ အခန်း(၃၀၆)၊ စတုတ္ထထပ်၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၂၈၂၆၀၄**

**ထိပ်ကပ်နာရောဂါ အတွက်**

**နာနတ်သီးဆေး**




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 013086 (0121)

**ရဲယိုဆေး**




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 010181 (1222)

**FAME**

FAME မှ ထုတ်လုပ်သော
ဆေးဝါးအားလုံးကို ရန်ကုန်မြို့တွင်း
**အိမ်အရောက်** ပို့ပေးနေပါပြီ။
**09-752721908, 09-954271908**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/A၊ မြေကွက်အမှတ်(၁၇/က-၁)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ (၁.၂၇၅ ဧက)၊ အလျား(၁၉၇'/၂၀၀') x အနံ(၂၈၅'/၂၇၅')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား** မြို့မြေစာရင်းတွင် ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်မိမိအောင် [၁၂/မရက(နိုင်)၀၀၀၂၂၁]မှ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသော အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
| --- | --- |
| **ဒေါ်ချိုဝေဇင် (LL.B,LL.M,D.B.L)** | **ဦးအောင်ကျော်သူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၇၈၉၉/၂၀၁၁)** | **(စဉ်-၄၅၇၆၆/၂၀၁၅)** |

**အမှတ်(၃၃/ဘီ)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**GW** 0973226006 0973133528 0973077569
**အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

**ကောင်းမြန်မာ**
အဝိုတောင်ပိုင်း၊အရှေ့ပိုင်း
ဆိပ်ကမ်း၊မြောက်ပိုင်း
မြေကွက်များဝယ်လိုသည်
09 420963466

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂ /A၊ မြေကွက်အမှတ်(၁၇/က-၂)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ(၀.၈၄၁ ဧက)၊ အလျား(၁၇၉'/၉၉'+၁၀၀') x အနံ (၂၇၅'/၁၇၂'+၉၂')ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်**တို့အား မြို့မြေစာရင်းတွင် ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးအောင်[၁၂/မရက(နိုင်)၁၂၇၂၆၂]မှ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသော အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
| --- | --- |
| **ဒေါ်ချိုဝေဇင် (LL.B,LL.M,D.B.L)** | **ဦးအောင်ကျော်သူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၇၈၉၉/၂၀၁၁)** | **(စဉ်-၄၅၇၆၆/၂၀၁၅)** |

**အမှတ် (၃၃/ဘီ)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာရှင်များသို့.......

ယခုကာလအတွင်း ကြေးမုံသတင်းစာ (နေပြည်တော်)တွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် ကြေးမုံသတင်းစာတိုက် (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ **gmail** (သို့) **Viber** ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**gmail** (သို့) **Viber** ဖြင့် ကြော်ငြာထည့်သွင်းလိုပါက **mrrrdmn111@gmail.com** (သို့) **Viber** ဖုန်းနံပါတ် ၀၉-၇၉၇၁၉၅၉၇၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၉၇၁၉၅၉၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြေးမုံသတင်းစာတိုက်(နေပြည်တော်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဝဏ္ဏကျော်ထင် ဦးတင်လှိုင်**

**အသက်(၉၈)နှစ်**

B.A, B.L, B.C.S ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အဖွဲ့ဝင်(ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ တောင်ငူအသင်း(ရန်ကုန်)နာယကကြီး

တောင်ငူအသင်း(ရန်ကုန်)နာယကကြီး၊ ဝဏ္ဏကျော်ထင်ဦးတင်လှိုင်၊ အသက်(၉၈)နှစ်သည် ၁၅.၅.၂၀၂၀(သောကြာနေ့)ညနေ(၅)နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့နှင့်အသင်းဝင်များ
တောင်ငူအသင်း(ရန်ကုန်)

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန့်ဇော်**

**အထွေထွေမန်နေဂျာ (ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက် (၇၆) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင်ဖြစ်သူ ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ် (လျှပ်စစ်)နှင့် ဝန်ထမ်းမိသားစုများ**
**လျှပ်စစ်ဌာနခွဲ၊ အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်မ (၁)ဒေါ်လှလှမြင့်[၁၂/ဥကတ(နိုင်)၀၆၅၃၆၂]၊ (၂) ဒေါ်သန်းသန်းမြင့်[၁၂/ဥကတ(နိုင်)၁၂၁၇၇၈]၊ (၃) ဒေါ်နိုင်နိုင်ကြည်[၁၂/ဥကတ(နိုင်)၀၆၈၉၂၆]၊ (၄) ဒေါ်စန်းစန်းညွန့်[၁၂/ဥကတ(နိုင်)၀၆၈၉၃၅] အမှတ်(၉၆၇)၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူများက ဦးခင်ညို[၁၂/ဥကတ(နိုင်) ၀၆၁၆၀၈] အမှတ်(၉၆၇)၊ သံသုမာလမ်း၊ (၁၃)ရက်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင်နေသူအား ၆-၁၂-၂၀၁၇ ရက်တွင် နိုတြီပဗ္ဗလစ် ဦးစိုးမိုးထွန်းရှေ့တွင် လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၃၄၀၁/၆-၁၂-၁၇)ဖြင့် လွှဲအပ်ပေးသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ၁၉-၅-၂၀၂၀ ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **၁။ ဒေါ်လှလှမြင့်** | **၂။ ဒေါ်သန်းသန်းမြင့်** |
| **[၁၂/ဥကတ(နိုင်)၀၆၅၃၆၂]** | **[၁၂/ဥကတ(နိုင်)၁၂၁၇၇၈]** |
| **၃။ ဒေါ်နိုင်နိုင်ကြည်** | **၄။ ဒေါ်စန်းစန်းညွန့်** |
| **[၁၂/ဥကတ(နိုင်)၀၆၈၉၂၆]** | **[၁၂/ဥကတ(နိုင်)၀၆၈၉၃၅]** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၂၀)ရပ်ကွက်၊ ဝိဇ္ဇာညီနောင်လမ်း၊ မြေကွက်အမှတ်-၁၄၃၆/က (၁၀x၆၀)ပေ၊ ဦးဖြိုးကြီး အမည်ပါ မြေကွက်နှင့် အမှတ်(၂၀)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၉၀၀/ခ)၊ ပေ(၁၀x၆၀) ဒေါ်အေးအေးမာ အမည်ပါမြေကွက်တို့အား ဒေါ်သန်းသန်းမြင့်မှ ဆက်စပ်စာချုပ်များနှင့်တကွ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်နှစ်ကွက်၏ မြေချပါမစ်နှစ်စောင်နှင့် ဆက်စပ်စာချုပ်များမှာ ဒေါ်သန်းသန်းမြင့်မှနေအိမ်၌ သိမ်းဆည်းထားစဉ် ပျောက်ဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်များမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းမြင့်မှ အခြားသူများအား လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းထားခြင်း မရှိဘဲ ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ အမှန်တကယ် ပျောက်ဆုံးနေပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်ထက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၆၁၉)**
**အမှတ် (၆၈/ခ)၊ ရွက်လှလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၈၀၁၆၇၂**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဘိုးရွှေ**

**အသက် (၈၉) နှစ်**

ဒုတိယဗိုလ်မှူးကြီးမိုးကျော်-ပါမောက္ခဒေါက်တာသန်းသန်းထိုက် (စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင် ဦးဘိုးရွှေ အသက်(၈၉)နှစ်သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်ရောက် Eco မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုဓမ္မာလမ်း၊ အမှတ်(၅၀)နေ (ဦးတင်အေး-ဒေါ်စန်းတင်) ဝါးခယ်မမြို့တို့၏သား၊ [ဒေါ်ခင်သန်းဆွေ(အထက-၃၊ ဒဂုံ)]၏ ချစ်လှစွာသောခင်ပွန်း ဦးသန့်ဇော်(အထွေထွေမန်နေဂျာ-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) အသက် (၇၆)နှစ်သည် ၁၈-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်စိုး [ဦးစီးအရာရှိ (လျှပ်စစ်-ငြိမ်း)၊**
**အဆောက်အဦအထူးအဖွဲ့(၆)၊ မန္တလေးမြို့]-ဒေါ်စိန်လှဖြူ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန့်ဇော်(ဝါးခယ်မ)**

**အထွေထွေမန်နေဂျာ(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက်(၇၆)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်-ဒေါ်ဝင်းမျိုးထက်တို့၏ ဖခင်ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အရာထမ်း၊ အမှုထမ်းများ**
**အဆောက်အဦ အထူးအဖွဲ့(၁၃)(မွန်ပြည်နယ်)**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ်(၁၁၄၁)တွင် ယခင်နေထိုင်သူ ဦးဖြိုးစံ[၆/မအရ(နိုင်)၀၈၂၇၀၁]က ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/ဘီ)ရပ်ကွက်၊ ပုလောလမ်း၊ အမှတ်(၂၅၅)နေ ဦးချစ်ကိုကို[၁၂/အစန(နိုင်)၀၉၀၂၄၉]အား ၃၀-၅-၂၀၁၉ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၉၉၉/၂၀၁၉ ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။

အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်သူ ဦးဖြိုးစံမှ မိမိနှင့်သက်ဆိုင်သော လွှဲအပ်ချက်အားလုံးအား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း ဦးချစ်ကိုကိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဆက် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၄၂၆)**
**အမှတ်(၄၂)၊ ဇီဝကလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၀၀၂၄၄၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် Kantharyar Residences ရှိ အခန်းအမှတ်(11-03) (1582)စတုရန်းပေရှိ ကွန်ဒိုအခန်းဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်လှလှမြိုင်[၉/မရမ(နိုင်)၀၄၅၁၃၈] ကန်သာယာစုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်မှုစာချုပ် (Owner's Register Book) အမည်ပေါက်က တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လက်ရောက် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်မြတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၅၀၉)**
**အမှတ် (၁၇၈)၊ ဒုထပ်၊ အခန်း-၅၊ AYA BANK အပေါ်ထပ်၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း ၀၉-၅၄၁၂၇၅၊ ၀၉-၄၃၀၈၂၁၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၇၈)၊ မြေညီထပ် (ထပ်ခိုးပါ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၂x၅၀)ရှိ တိုက်ခန်းနှင့် ရေမီးစုံအပါအဝင် တိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမျိုးမြင့်[၇/ပခန(နိုင်)၁၈၃၈၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လင်း (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၃၇၄)**
**အမှတ်(၈၈)၊ ပတ္တမြား(၂)လမ်း၊ (၁၀)ရပ်ကွက်၊**
**အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၆၄၂၀၇၅၇**

## ဦးခင်စိုး(ကကဝယ်-ငြိမ်း)

**အင်းစိန်ပါတီယူနစ်**

**အသက် (၈၂) နှစ်**

ပုသိမ်ကန်ကြီးထောင့်မြို့နေ (ဦးမောင်ကြီး-ဒေါ်သန်း)တို့၏ သားထွေး၊ လှိုင်မြို့နယ်နေ (ဦးဖိုးမှင်-ဒေါ်စိန်တင်)တို့၏ သားသမက်၊ (ဦးမြင့်မောင်-ဒေါ်အုန်းတင့်)၊ (ဦးထွန်း)-ဒေါ်မြင့်မြင့်၊ (ဦးတင်ထွဋ်-ဒေါ်ညွှန့်ညွှန့်)တို့၏မောင်၊ (ဦးအောင်စိန်-ဒေါ်ညွှန့်ညွှန့်)၊ (ဦးကျင်ယုံ-ဒေါ်ထား)၊ (ဦးမောင်မောင်-ဒေါ်သန်းစိန်)၊ (ဦးချစ်လှိုင်-ဒေါ်လှမြင့်)၊ (ဦးဘစိန်-ဒေါ်ချစ်ချစ်)၊ (ဦးခင်မြင့်)-ဒေါ်ဝင်း၊ (ဦးသာစော)-ဒေါ်သန်းသန်းကြည်တို့၏ ညီ/မောင်၊ ဒေါ်နီနီလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးမျိုးထွဋ်ဝင်း(ငြိမ်း၊M.P.E )-ဒေါ်ယုယုဆွေ၊ ဒေါ်နွယ်နီစိုး (နေထွန်းကုမ္ပဏီ)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းမြတ်ထွဋ် (ပထမနှစ်-ရေကြောင်းတက္ကသိုလ်)၊ မအိယမုံဖူး(ဒသမတန်း)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၅:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် အမိုးနီသုသာန်(သန်လျင်)၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိုင်းဘုန်းထူး (ခတ်ပုံနှင့်ဗီဒီယို)**

**အသက်(၆၅)နှစ်**

တောင်ကြီးမြို့နေ (ဦးချမ်း-ဒေါ်ခင်ရွှေ) တို့၏သားထွေး၊ (ဦးကံညွှန့်)-ဒေါ်ခင်မြမြ (တောင်ကြီး)တို့၏ သားသမက်၊ (ဒေါက်တာ မေရီချမ်း-ဗိုလ်ကြီးစိုးအောင်)၊ ဒေါက်တာ မင်းစိန်-ဒေါက်တာမေခိုင်ချမ်း၊ ဦးဝင်းလွင်-ဒေါ်မီမီချမ်း၊ (ဦးစိုင်းဘုန်းမာန်)-ဒေါ်လေးခိုင်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း (အလယ်ဘလောက်)၊ အမှတ် ၁၀၀ နေ ဒေါ်ဖြူဖြူညွှန့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းဟိန်းချမ်း၊ မောင်ဘုန်းမြတ်ထူး၊ မောင်ဘုန်းငြိမ်းချမ်း တို့၏ချစ်လှစွာသော ဖခင်ကြီး ဦးစိုင်းဘုန်းထူး အသက်(၆၅)နှစ်သည် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၃:၅၀နာရီတွင် မင်းရဲကျော်စွာလမ်း၊ ကျောက်ကပ်ဆေးရုံကြီးတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဖုန်းမြင့်ဦး

**အသက်(၆၂)နှစ်**

အမှတ်(၇)၊ ကန့်ကော်မြိုင်လမ်းသွယ်(၁)၊ ပါရမီ ရိပ်သာ၊ ရန်ကင်းမြို့နယ်နေ (ဦးခင်မောင်ဝင်း-ဒေါ်နုနု စိန်)တို့၏သား၊ ဒေါ်ဥမ္မာညွှန့်မူ၏ခင်ပွန်း၊ ကိုနေလင်းစိုး-မမြတ်ဟေမန်ထွန်း၊ မဇာခြည်မွန်တို့၏ ဖခင်ကြီး၊ မောင်အဲ့မော်ကွန်း၊ မထက်သဒ္ဒါတို့၏ အဘိုးသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

၁။ ဒေါက်တာ ဌေးကြွယ် အသက် (၆၉)နှစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊မြောက်ဥက္ကလာပမြို့နယ်(ရှစ်လေးလုံးအရေးအခင်းလက်တွဲဖော်တစ်ဦး)သည် (၂.၅.၂၀၂၀) ရက်နေ့တွင် ကွယ်လွန်ခဲ့၍လည်းကောင်း၊

၂။ စာဆိုတေးရှင် ဂီတာဖေဝင်း အသက် (၇၂)နှစ်သည် မြန်မာသံစဉ်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူရောင်းရင်းတစ်ဦးဖြစ်သည့်အတွက် (၁၅.၅.၂၀၂၀) ရက်နေ့တွင် ကွယ်လွန်ခဲ့၍လည်းကောင်း၊

၃။ ဆရာကျောင်း(ခ) ဦးကောင်းစံ အသက် (၅၅)နှစ်သည် ခေတ္တ မဲဆောက်(ထိုင်းနိုင်ငံ)သည် လူမျိုး၊ ဘာသာ၊ သာသနာဦးရွက်တာဝန်ယူ လုပ်ကိုင်ရင်း (၁၆.၅.၂၀၂၀)ရက်နေ့တွင် ရုတ်တရက်ကွယ်လွန်ခဲ့ကြောင်းကြားသိခဲ့ရ၍ ယင်းတို့၏ မိသားစုများနှင့် ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

| | |
|---|---|
| ဦးခင်သိန်း | မောင်ညိုစိမ့် (တေးရေး) |
| **သဘာဝဆေး** | **ဥက္ကလာတေးအဖွဲ့** |
| **သဘာဝဆေး၊ စားသောက်ကုန်နှင့်လူသုံးကုန်လုပ်ငန်း** | |

## "ဒေါ်ဟေမာကျော်ဇော [၁၂/ပမန (နိုင်) ၁၄၀၅၄၄] နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်မာရွှေ [PME-103916] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

လူကြီးမင်းသည် ကျွန်ုပ်အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ဒေါ်ခင်မာရွှေ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်- ၄၆/ဘီ (ပထမထပ်) တိုက်ခန်းကို (၂၅. ၉. ၂၀၁၉) ရက်နေ့မှ (၂၅. ၃. ၂၀၂၀) ရက်နေ့အထိ (၆) လငှားရမ်းခြင်းပြည့်ပြီးနောက် လူကြီးမင်း၏မေတ္တာရပ်ခံချက်ကြောင့် (၅. ၅. ၂၀၂၀) ရက်နေ့ထိ ထပ်တိုးငှားရမ်းပေးခဲ့ကြောင်း၊ (၈. ၅. ၂၀၂၀) ရက်နေ့တွင် လူကြီးမင်းတို့ အထက်ပါ တိုက်ခန်းမှ ရွှေ့ပြောင်းသွားပြီးနောက် လူကြီးမင်းတို့၏ အိမ်အသုံးအဆောင်ပစ္စည်းအချို့အား တိုက်ခန်းအတွင်းထားရှိခဲ့ပြီး အဆိုပါပစ္စည်းများကို (၁၆. ၅. ၂၀၂၀) ရက်နေ့တွင် ပြန်လည်လာရောက်ယူဆောင်ပါမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း ယနေ့အချိန်အထိ လာရောက်သယ်ယူခြင်းမရှိခဲ့ပါ။ ကျွန်ုပ်အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူက လူကြီးမင်းတို့ပြောင်းရွှေ့သွားသည့်လိပ်စာကို မသိရှိရသဖြင့် လူကြီးမင်းတို့အသုံးပြုသောဖုန်းများကို ဆက်သွယ်သော်လည်း စက်များပိတ်ထားသည့်အတွက်ကြောင့် မည်သို့မျှဆက်သွယ်၍ မရခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အားအရေးအခွင့်တာဝန်ပေးလွှဲအပ်သူ၏ တိုက်ခန်းအတွင်း ကျန်ရစ်ခဲ့သည့် လူကြီးမင်း၏အိမ်သုံးပစ္စည်းများအား (၂၅. ၅. ၂၀၂၀) ရက်နေ့နောက်ဆုံးထား၍ လာရောက်သယ်ယူပါရန်နှင့် ထိုနေ့စေ့ရောက်သည့်တိုင်အောင် ယူဆောင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဟေမာကျော်ဇောနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ခင်မျိုးကြည် (စဉ်- ၁၀၇၁၂)** | **ဦးဘိုဘို (စဉ်- ၁၀၆၆၄)** |
| LL.B, D.B.L, D.I.L, D.M.L | B.sc (Geol), M.P.A, M.A (Business Law),H.G.P, PG.D.L, LL.B, D.M.A, D.A Psy, D.A.E, D.B.L, D.M.L, D.LL, D.I.R, DLP, (WIPO) (101,201,301,302,317,450) |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

FAME MYANMAR LAW FIRM

အမှတ်- ၂၈၊ အခန်း- ၅၀၂၊ (၅- လွှာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-5148942, 01-378683

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုင်းဘုန်းထူး (ခတ်ပုံ-စိုင်းဘုန်းထူး)
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း (အလယ်ဘလောက်)၊ အမှတ်(၁၀၀)နေ ဒေါ်ဖြူဖြူညွန့်၏ ချစ်လှစွာသောခင်ပွန်း ဦးစိုင်းဘုန်းထူး(ခတ်ပုံ-စိုင်းဘုန်းထူး)သည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မင်းအောင်လှိုင်-ကြူကြူလှ**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဝဏ္ဏကျော်ထင် ဦးတင်လှိုင်
B.A, B.L, B.C.S
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အဖွဲ့ဝင် (ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
**အသက် (၉၈) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၃၃)၊ (၂၃) ရပ်ကွက်၊ စရည်းပင်လမ်းသွယ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးမျိုးမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါက်တာဥမ္မာမေတင်လှိုင်တို့၏ဖခင်ကြီး ဝဏ္ဏကျော်ထင် ဦးတင်လှိုင် အသက်(၉၈)နှစ်သည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှမျိုးထွန်း-ဒေါက်တာညိုမီရာဇာတ်**
**အထွေထွေမန်နေဂျာ(ထောက်ရှာပင်/ကမ်းနီ)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဝဏ္ဏကျော်ထင် ဦးတင်လှိုင်
B.A, B.L, B.C.S
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အဖွဲ့ဝင် (ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
**အသက် (၉၈) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၃၃)၊ (၂၃) ရပ်ကွက်၊ စရည်းပင်လမ်းသွယ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးမျိုးမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါက်တာဥမ္မာမေတင်လှိုင်တို့၏ဖခင်ကြီး ဝဏ္ဏကျော်ထင် ဦးတင်လှိုင် အသက်(၉၈)နှစ်သည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှဝင်းဌေး-ဒေါ်ခင်ရှုပါ**
**အထွေထွေမန်နေဂျာ(CNG)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးထွန်းရွှေ (မိုးကုတ်ယောဂီ)
**အသက်(၈၈)နှစ်**

ဒေါက်တာငွေးအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကမအဝ) - ဒေါ်တင်မြင့်ရီတို့၏ဖခင်၊ မဆုဝေနိုင်(ပိုးပိုး)၏ အဘိုးဖြစ်သူ ဦးထွန်းရွှေသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်ဦးနှင့် ဇနီး**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန့်ဇော်
အထွေထွေမန်နေဂျာ(အုပ်ချုပ်မှု)၊ (ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန
**အသက်(၇၆)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ ချစ်လှစွာသောဖခင် ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်နှင့်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန့်ဇော်
အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန
**အသက် (၇၆) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင်ဖြစ်သူ ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦအထူးအဖွဲ့ (၁၅)**
**အရာထမ်း/အမှုထမ်းများ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ယက်ကွီကီး(ခ)ဒေါ်ခင်မြ
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၆၇)နေ (ဦးယက်ကုတ်ဆောင်း-ဒေါ်စောဘော်ဝါး)တို့၏ သမီး၊ (ဦးကျင်အင်း)၏ ဇနီး၊ ဦးရဲထွန်း-ဒေါ်စန်းစန်းအေး၊ (ဦးလှတင်)-ဒေါ်စန်းစန်းမြင့်၊ ဦးတင်စိန်-ဒေါ်တင်ဝင်း၊ ဒေါ်ကြည်ကြည်ရွှေ၊ ဦးသောင်းရွှေ-ဒေါ်သင်းသင်းနိုင်၊ ဦးတင်ငွေ-ဒေါ်ကျင်ကျင်၊ ဦးအေးလွင်-ဒေါ်ကြည်ကြည်မြင့်တို့၏ မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မေစီ
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ (ဦးဝင်းမြိုင်-ဒေါ်ကျင်လွှမ်)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ [ဦးဖေကြည် (အလုပ်ရုံခွဲမှူး-ငြိမ်း၊ ဘဏ္ဍာရေး၊ ဒသည်းကုန်းအုတ်စက်)]၏ ဇနီး၊ ဒေါ်ခင်ဆွေသန်း (အထက-၂၊ လသာ)၊ ဒေါ်လွင်လွင်ကြည်-ဦးအောင်ထူး (ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)၊ ဒေါ်ခင်မေကြည်တို့၏ မွေးသမိခင်၊ မအိမွန်အောင်-မောင်စိုပြေငြိမ်းချမ်း၊ မသင်းလွင်လွင်ထူးတို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်မြ (၈၂) နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်၊ ဘုရားကြီးလမ်းနေ (ဦးပြည်ကျော်-ဒေါ်အိလင်း)တို့၏ သမီး၊ ပျဉ်းမအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၄)နေ (ဗိုလ်ကြီးသီဟဗလ၊ သီဟသူရမောင်ရီ)၏ဇနီး၊ ဦးကျော်ဦး-ဒေါ်နွဲ့နွဲ့ဝေ၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်လတ်၊ ဦးမင်းကြည်-ဒေါ်ချိုမာလွင်၊ (တပ်ကြပ်မြင့်အောင်)၊ ဦးတင့်လွင်-(ဒေါ်သန္တာဦး)၊ (ဒုအရာခံဗိုလ်အောင်ကျော်သူ)၊ ဦးဘဟန်-ဒေါ်ဥမ္မာသိန်း၊ (ဒုတပ်ကြပ်အောင်သန်းထွေး)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ် ငါးယောက်တို့၏အဘွား ဒေါ်ကျင်မြသည် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့)တွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၀(စနေနေ့) နံနက်တွင် ပျဉ်းမအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၄)နေ ဦးမင်းကြည်-ဒေါ်ချိုမာလွင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းသွတ်ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နှင်းအေး(ခ)လီလီရှင်
(ဟိုတယ်နှင့်ခရီးသွားလာရေး၊ စားဖျော်-ငြိမ်း)
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၁၆၂)၊ ငါးလွှာ(B)နေ (ဦးဘရှင်-ဒေါ်သောင်းမြ)တို့၏ သမီး၊ ဦးစိန်၏ ဇနီး၊ မောင်ထွန်းလင်းကျော်-မထက်ထက်နိုင်တို့၏ ကျေးဇူးရှင်မိခင် ဒေါ်နှင်းအေး(ခ)လီလီရှင်သည် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၀ (စနေနေ့)တွင် နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအန်ဟို (ခ) ဦးမြင့်ခင်
**အသက် (၇၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ်(၁၃)၊ ခြောက်လွှာ၊ (၁၄)လမ်းနေ (ဦးဂွမ်ချိန်-ဒေါ်ကင်အွာ)တို့၏ သားထွေး၊ (ဦးအန်တိန်)-ဒေါ်သန်းသန်းမြင့်၊ ဦးအောင်သိန်း-ဒေါ်သန်းသန်းအေး၊ ဦးမြင့်မောင်-ဒေါ်ခင်ရီ၊ ဦးမောင်ကြည်-ဒေါ်မြင့်မြင့်မော်၊ (ဒေါ်စန်းစန်းမြင့်)တို့၏မောင်၊ ဒေါ်ခင်သန်းထွေး၏ခင်ပွန်း၊ မသဇင်နှင်းမြတ်၏ဖခင် ဦးမြင့်ခင်သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ် မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးချန်လင်းမြင့် (ခ) ချန်တုံ
2nd Mate (F.G)
S.H. Shipping Co.,Ltd
**အသက် (၅၉) နှစ်**

ဘုရားဒါယကာ(ဂရိတ် ဦးဖိုးစိန်)၏မြေး၊ မ(၂၀) လမ်းသစ်လမ်း၊ အင်းစိန်နေ (ဦးတင်မြင့်)-ဒေါ်ရီရီသန်း(B.P.I-ငြိမ်း)တို့၏သားငယ်၊ ဦးကံဝင်းမြင့်-ဒေါ်ချိုအေးတိုး၊ ဒေါ်နီလာမြင့်၊ ဒေါ်ကလျာမြင့်၊ ဒေါ်သီတာမြင့်၊ ဒေါ်ရောမြင့်တို့၏မောင်၊ မောင်သန့်ကျော်ဝင်း၊ မထက်ဝင့်ဖူးအောင်၊ မစုးရှထက်မြက်တို့၏ ဦးလေး၊ အမှတ်(၅၉)၊ ဗျိုင်းရေအိုးစင်၊ ရွာမကွက်သစ်ရပ်နေ (ဦးခင်မောင်သန်း)-ဒေါ်ခင်အုန်းတို့၏သားသမက်၊ မအေးမြတ်မိုး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းထက်မိုးမြင့်၏ဖခင် ဦးချန်လင်းမြင့်သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

## အာနိစ္စ

### ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၇) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈၃၁/အင်ဘုကွင်း)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀.၀၇၄)ဧကရှိ အစိုးရ(မြို့မြေ)မြေကွက်အား ဦးသန်းထိုက်အောင် (ဘ)ဦးဝင်းသော်[၉/လဝန(နိုင်)၁၅၁၆၅၁]မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ အဆောက်အဦဆောက်လုပ်ခွင့်ပြု မိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

# သစ်
# တော
# နဲ့
# သစ်ပင်
# ချစ်
# ခင်
# တဲ့
# လူမျိုး
# သစ်
# ပင်
# ကို
# နှစ်စဉ်
# စိုက်
# ရွှေတိုက်
# ကိုစိုး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တိုးခင်
ထားဝယ်
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၇၆)နေ (ဦးဘလှိုင်-ဒေါ်ညှာ)တို့၏ သမီး၊ (ဦးစံဝင်း)၏ ဇနီး၊ (ဦးထွန်းရင်-ဒေါ်နီနီ)တို့၏ ညီမ၊ ဒေါ်ခင်ခင်ဝင်း (အထပြ-ငြိမ်း)၊ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း-ကပစ/UMEHL)-ဒေါ်အေးသန်း(လ/ထညွှန်မှူး-ကစလ)၊ ဦးရဲမြင့်-ဒေါ်အေးအေးဝင်း၊ ဦးတင်မောင်ဝင်း(မန်နေဂျာမြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်-ငြိမ်း)-ဒေါ်ဗေပို၊ ဒေါ်ရီရီဝင်း(ရေနံသယ်ပို့-ငြိမ်း)၊ ဦးခင်မောင်ချို (အငယ်တန်းအင်ဂျင်နီယာ-ဆလရ)-ဒေါ်စောသီတာ၊ ဦးဟန်သွင်-ဒေါ်မူမူဝင်း (ရေနံသယ်ပို့-ငြိမ်း)၊ ဦးခင်မောင်ဘို-ဒေါ်ခင်မြင့်၊ (ဒေါ်ဖြူဖြူဝင်း)၊ ဦးမောင်မောင်ကျော်-ဒေါ်အေးအေးသွယ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်ကိုးယောက်တို့၏အဘွား ဒေါ်တိုးခင်သည် ၁၈-၅-၂၀၂၀ ရက်နေ့ ၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်ညွှန့်ကြည် (ခ) Daw Nelly
**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁) ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၈၂/၈၄)နေ (ဦးကောင်းမြတ်-ဒေါ်စိန်)တို့၏သမီး၊ [ဦးတင်သိန်း(ခ) ဦးဘခွေး ]၏ဇနီး၊ ဦးတိုး-ဒေါ်ခင်ခင်ပြုံး(ခ) Shirley ၊ ဦးခင်မောင်သန်း-ဒေါ်ခင်လေး၊ (ဒေါက်တာဒေါ်ခင်လင်း)၊ (ဦးလှဘူး)၊ ဦးအောင်မင်း(ခ) ဦးသာကျော်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် (Asia Royal Hospital )၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးကျော် (ခ) ဦးကျော်ညွန့် (ဟသ်ာတ)
**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၇၆)၊ သုမင်္ဂလာလမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၀၆-၄၀၇)၊ ရှုခင်းသာမြို့ပတ်လမ်း၊ (၇)ရပ်ကွက်၊သာကေတမြို့နယ်၊ အမှတ်(၇၇၇)၊ ခရမ်း-သုံးခွလမ်းမကြီး၊ (၅)ရပ်ကွက်၊ (အရှေ့ပိုင်းတက္ကသိုလ်ရှေ့)၊ သန်လျင်မြို့နယ်နေ (ဦးမောင်တင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးကုလားကြီး-ဒေါ်သက်နွယ်)တို့၏သားသမက်၊ ဒေါ်ဖွားမြင့် (ရွှေမန်း-အမျိုးသမီးဘော်ဒါဆောင်)၏ခင်ပွန်း၊ ဦးအောင်ကျော်ဦး (ရွှေမန်းသစ်စက်-သာကေတ)-ဒေါ်မီမီဇင် (လက်ထောက်ညွှန်ကြားရေးမှူး-ဘဏ္ဍာခွန်)၊ ဦးကျော်ဝင်းနိုင်(ရွှေမန်းသစ်စက်-သန်လျင်)-(ဒေါ်နီလာထွန်း)၊ ဦးသက်လွင်(ဟိန်းမာန်သစ်စက်)-ဒေါ်ဝင်းဝင်းမာ၊ ဦးတင်မောင်ကျော်(ရွှေမန်း-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ သန်လျင်)-ဒေါ်ရတနာစိုး၊ ဦးခင်မောင်ကျော်၊ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ကျော် (ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ၍ ၂၃-၅-၂၀၂၀ (စနေနေ့)တွင် တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကပ်တရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ခံယူခြင်း
### ဒေါ်တာရာဘီ (ခ) ဒေါ်ခင်အိအိ (ခ) အန်တီမူး (သထုံ)
(B.A Myanmar)
ဦးစီးအရာရှိ (ငြိမ်း)၊ သမဝါယမဦးစီးဌာန
ဥက္ကဋ္ဌ "အောင်"အသေးစားချေးငွေလုပ်ငန်း၊ သမဝါယမအသင်းလီမိတက်
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆) ရပ်ကွက်၊ စုပြည့်ရတနာ (၁)လမ်း၊ အမှတ်(၃၄၇)နှင့် သထုံမြို့၊ မင်းလမ်းနေ (ဦးဘ-ဒေါ်တီ)တို့၏ သမီး၊ [ဗိုလ်ကြီးမျိုးမြင့်(တပ်မတော်-ကြည်း)]-ဒေါ်ခင်မေကြည်၊ ဟာဂျီ ဆရာဦးဘတီ (ခတုဗေဒ-ငြိမ်း)၊ (ဒေါ်အဝင်း)တို့၏ညီမ၊ [ဦးရှိန်မင်း(သမဦးစီးဌာန-ငြိမ်း)]၊ ဒေါ်ခင်စုနိုင်(လဝက-ငြိမ်း)၊ ဦးမောင်မောင်ကြည် (သမဦးစီးဌာန-ငြိမ်း)-[ဒေါ်ခင်မာလာ(သမဦးစီးဌာန-ငြိမ်း)]၊ ဦးညီညီ-ဒေါ်နုတို့၏အစ်မသည် ၁၇-၅-၂၀၂၀ ရက် ည ၉:၃၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးစွန္နီကဗရ်စတာန်ဥယျာဉ်၌ ဂျနာဇာဟ်နမာဇ်ဝတ်ပြု၍ ဒဖနာ(မြှုပ်နှံ)ပြီးစီးပါကြောင်း မဂ်ဖေရသ်အတွက် ဒိုအာပြုပေးပါရန်။

ကျန်ရစ်သူမိသားစု

### ဦးကျော်ဝင်းခိုင် (စစ်တွေ)
### မောင်မောင်ခိုင် (စစ်တွေ)
မြို့နယ်ဥပဒေအရာရှိ (ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ
**အသက် (၆၇) နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရူပရပ်ကွက်၊ ငပိန်လမ်းနေ [ဗိုလ်ကြီးရွှေထွန်းခိုင်(ငြိမ်း)-ဒေါ်သာနု ]တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၂/၉၈၁)နေ ဒေါ်စန်းစန်းခိုင်(တရားလွှတ်တော်ရှေ့နေ)၊ ဦးစန်းလွင်(ကပရ-ငြိမ်း)၊ ဒေါ်ညွှန့်ညွှန့်ခိုင်(စာတိုက်မှူး-ငြိမ်း)တို့၏မောင်၊ [ဦးကျော်လှခိုင်-ဒေါ်နုနုခိုင်(အလယ်တန်းပြ-ငြိမ်း)]တို့၏အစ်ကို ဦးကျော်ဝင်းခိုင်သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့)တွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်(AMPHAN)နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၁၉**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၉-၅-၂၀၂၀)နေ့ (၁၄:၀၀) အချိန် ထုတ်ပြန်သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း သတင်းအမှတ်စဉ် (၂၀/၂၀၂၀)အရလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနမှ လေ့လာဆန်းစစ်တွေ့ရှိချက်များအရလည်းကောင်း အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန် (AMPHAN)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဘဲ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများကို ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း သိရှိရသည်။

ယနေ့(၁၉-၅-၂၀၂၀)နေ့ လေ့လာဆန်းစစ်ချက်များအရ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသဖြင့် ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းရန်မလိုနိုင်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တစ်နာရီ မိုင် ၂၀ နှုန်းခန့်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်နာရီလျှင် မိုင် ၄၀ ခန့်ဖြင့် တိုက်ခတ်နိုင်ကြောင်း သိရှိရပြီး မုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပေါ်တတ်သည့် မိုးသည်းထန်စွာရွာသွန်းရာမှ မြေပြိုခြင်း၊ တောင်ကျချောင်းများတွင် ရေများရုတ်တရက်ကျဆင်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်တတ်ကြောင်း သတိပြုနိုင်ပါရန်နှင့် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာနိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

ကြေးမုံ ယနေ့ ဖတ်စရာ

**သမိုင်းဖြစ်ရပ်များ၊ စာအုပ်စာပေများနှင့် ဘဝထဲက ရန်ကုန်တက္ကသိုလ်**
ဆောင်းပါး စာမျက်နှာ » ၈

**အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် တောင်အာရှ၌ ပြည်သူသန်းနှင့်ချီ ဘေးလွတ်ရာသို့ ပြောင်းရွှေ့**
စာမျက်နှာ » ၁၁

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
စာမျက်နှာ » ၁၅

**နည်းပြ ပိုချက်တီနို အသင်းသစ်တစ်သင်းနှင့် စာချုပ်ချုပ်ဆိုမည်**
စာမျက်နှာ » ၂၅

# အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် မေ ၁၉

**နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၅ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines-MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။**

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖



အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာသည်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်း၊ ဆီလူးဂိတ်နှင့် မိုင်းလားနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့ Taunggyi Business Center(TBC) အဝေးပြေးကားဝင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍

ကြေးမုံ အထူးထုတ်

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



ကြေးမုံ
အထူးကဏ္ဍ
မေ ၂၀၊ ၂၀၂၀ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ဖွံ့ဖြိုးဝေစည်လာသော မနောမြေမှ ပြည်သူတို့၏ လူမှုစီးပွား

ဆောင်းပါး - ရှင်မင်း၊ ဓာတ်ပုံစုစည်း - ထိန်နန်နော်၊ ပြည်နယ် ပြန်/ဆက်

**ပဒန်မနော၊ ဆွတ်မနော၊ ဂျူမနော၊ ဂွမ်ရမ်မနောနှင့် ရှဒပ်မနော စသည့် မနောပွဲများ ကျင်းပလေ့ရှိသည့် မနောမြေခေါ် သွေးချင်းတို့မြေ ကချင်ပြည်နယ်သည် ကချင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များဖြင့် ထုံမွမ်းနေသည်။**


ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်

ချစ်စဖွယ် ရိုးရာဓလေ့များနှင့်အတူ ဆီးနှင်းရေခဲများ ဖုံးလွှမ်းနေသော မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များဖြစ်သည့် ခါကာဘိုရာဇီနှင့် ဂမ်လန်ရာဇီ တောင်တို့ကို ကချင်ပြည်နယ်က ပိုင်ဆိုင်ထားသည်။

ထိုကဲ့သို့ လှပသည့် တောတောင်များ၊ ချစ်စဖွယ်ရိုးရာ ယဉ်ကျေးမှုဓလေ့များဖြင့် ပြည့်နှက်နေသည့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ အကျိုးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် မူဝါဒနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က "ကချင်ပြည်နယ်ဟာ လူဦးရေ ၁၆ သိန်းကျော်နဲ့ လူမျိုးပေါင်းစုံနေထိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်နယ်သူ ပြည်နယ်သားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူတွေ ဘဝအေးချမ်းသာယာပြီး စီးပွားရေး၊ လူမှုရေး လိုအပ်ချက်တွေ ပြည့်ဝစေဖို့ Vision (မျှော်မှန်းချက်)နဲ့ Mission (ရည်မှန်းချက်တာဝန်)တွေကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာပြီး တိုင်းရင်းသားများ အတူတကွ ယှဉ်တွဲနေထိုင်ကာ မူးယစ်ကင်းစင်သော ပြည်နယ်တစ်ခုဖြစ်လာရန် ပြည်နယ်အစိုးရအနေဖြင့် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

### မူးယစ်ဆေးဝါးကင်းစင်ရေး

"မူးယစ်ဆေးဝါးကင်းစင်ရေး အတွက် တစ်နှစ်တာအတွင်း ဆောင်ရွက်တဲ့နေရာမှာ အမှုပေါင်း ၂၁၁၇ မှု ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ ၂၈၂၄ ဦး၊ မူးယစ်ဆေးဝါးမျိုးစုံ စုစုပေါင်း ဂရမ် ၇၀၀၀၀ ကျော်၊ ဆေးပြားပေါင်း ၁၆ သိန်းကျော်၊ ဘိန်းရည်သုည ဒသမ ၅၆ လီတာနဲ့အတူ မော်တော်ယာဉ် ၃၅ စီး၊ မော်တော်ဆိုင်ကယ် ၆၈၃ စီးနဲ့ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၂၆၇၈၉၈၉၉၁ အရေးယူနိုင်ခဲ့ပြီး ဘိန်းခင်း စုစုပေါင်း ၄၉၆ ဒသမ ၂၃ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

### တရားဥပဒေစိုးမိုးရေး

"တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်မှုက တစ်နှစ်တာအတွင်း အမှုကြီး ၁၀ မျိုး ဖြစ်ပွားမှု ၉၃ မှု ဖြစ်ပွားခဲ့တဲ့အနက် ၆၉ မှုကို စွဲချက်တင်နိုင်ခဲ့ပြီး အခြားအမှု ၁၈၈၁ မှုအနက် ၁၂၃၇ မှုကို စွဲချက်တင်နိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောသည်။

စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှု ၂၅ မှုအနက် အမှု ၂၀ ကို စွဲချက်တင်နိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၄၃၇၄ မှုကို ဆောင်ရွက်နိုင်ခဲ့သဖြင့် မှုခင်းဖြစ်ပွားမှုများ လျော့နည်းစေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

### လမ်းနှင့် တံတားကဏ္ဍ

စတုတ္ထ (၁)နှစ်တာကာလအတွင်း မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း အပါအဝင် လမ်းပိုင်း ရှစ်ခုကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

"ပြည်သူ့အကျိုးဖြစ်ထွန်းရေးကို ဦးစားပေးပြီး ထင်ရှားစွာဆောင်ရွက်နိုင်ခဲ့တဲ့ လမ်းတွေက မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ရွှေဘို - မြစ်ကြီးနားလမ်း ၊ မံဝိန်း - ချီဖွေ-လောခေါင် - ထောင်ဂေါ - ဗီမော်လမ်း၊ ဂွေးတော် - အင်ဂျန်းယန်လမ်း၊ ဟိုပင် - နန့်မွန်း - ညောင်ပင် - လွေခါလမ်း၊ ဗန်းမော် - နောင်လိုက် - တာဆိုင်လမ်း၊ မချမ်းဘော - ဖရုခ - ရပ်ဘော့ - နောင်မွန်လမ်း တို့ဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဆိုသည်။

ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့် AC လမ်း (၉ မိုင် ၆ ဖာလုံ)၊ ကွန်ကရစ်လမ်း (၅၅ မိုင် ၂ ဖာလုံ)၊ ကတ္တရာလမ်း (၄၅ မိုင် ၁ ဖာလုံ)၊ ကျောက်လမ်း (၅ မိုင် ၁ ဖာလုံ)၊ အမာခံလမ်း (၁ မိုင် ၂ ဖာလုံ)၊ တောင်ချဲ့ခြင်း(၄၆ မိုင် ၇ ဖာလုံ) ကို ဆောင်ရွက်ခဲ့သည်။

အထူးကဏ္ဍ [ ခ] သို့ »»»


မဂွေဇ - ခေါင်လန်ဖူးကားလမ်းအား မြင်တွေ့ရစဉ်။ ဓာတ်ပုံ-မြင့်စိုး(နတလ)

**ပြည်သူ့အကျိုးဖြစ်ထွန်းရေးကို ဦးစားပေးပြီး ထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့တဲ့ လမ်းတွေက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ မံဝိန်း-ချီဖွေ-လောခေါင်-ထောင်ဂေါ-ဗီမော်လမ်း၊ ဂွေးတော်-အင်ဂျန်းယန်လမ်း၊ ဟိုပင်-နန့်မွန်း-ညောင်ပင် - လွေခါလမ်း၊ ဗန်းမော်-နောင်လိုက်-တာဆိုင်လမ်း၊ မချမ်းဘော-ဖရုခ-ရပ်ဘော့ - နောင်မွန်လမ်း တို့ဖြစ်**

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် စတုတ္ထ (၃) နှစ်တာ

မေ ၂၀၊ ၂၀၂၀
(ဗုဒ္ဓဟူးနေ့)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဝိုင်းမော်မြို့နယ် ဖွံ့ဖြိုးခြိမ်း(မိုင်းနား) တိုက်ပွဲရှောင်စခန်းရှိ မြစ်ကြီးနား သက်မွေးပညာသင်ကျောင်း၌ သင်တန်းသားများအား သက်မွေးပညာရပ်များအလိုက် စာတွေ့၊ လက်တွေ့ သင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ပြည်နယ်အတွင်း တံတားတည်ဆောက်မှုအနေဖြင့် ပေ ၅၀ အောက် တံတား ၃၀၅ စင်း၊ ပေ ၅၀ နှင့် ပေ ၁၀၀ အကြား တံတားတစ်စင်း၊ ပေ ၁၀၀ နှင့် ပေ ၁၈၀ အကြား တံတားတစ်စင်းတို့ကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂ ဒသမ ၆၆၄ ဘီလီယံနှင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ ၄၉ ဒသမ ၅၈၂ ဘီလီယံ စုစုပေါင်းငွေကျပ် ၇၂ ဒသမ ၂၄၆ ဘီလီယံ ကုန်ကျခံ ဆောင်ရွက်ထားသည်။

ထို့ပြင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ်အတွင်း လမ်းလုပ်ငန်းပေါင်း ၁၇၁ မိုင်နှင့် တံတားလုပ်ငန်းပေါင်း ၁၆၆ စင်းတို့ကို စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၉ ဘီလီယံဖြင့် တည်ဆောက်ပေးလျက်ရှိသည်။

### ပြည်နယ် စည်ပင်သာယာရေးအဖွဲ့

ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အတွင်း ချိတ်ဆက်သွားလာနေသည့် လမ်း၊ တံတား ကွန်ရက်များကောင်းမွန်ရန် ဦးစားပေးဆောင်ရွက်ခဲ့ရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်ဘီးခွန်ကောက်လိုင်စင်ကို ပြည်သူများဝန်ထုပ်ဝန်ပိုး မဖြစ်ရန်အတွက် ဖြုတ်သိမ်းခဲ့ပြီး ဖြစ်သည်။

"ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၆၃၉ သန်းကျော်နဲ့ လမ်းလုပ်ငန်း ၄၆ ခု၊ ၂၆ မိုင် ၂ ဖာလုံ၊ တံတားလုပ်ငန်း ၁၀ ခု၊ ရေပေးရေးနှင့် အခြားလုပ်ငန်း ခြောက်ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၃ ဒသမ ၁၅၁ ဘီလီယံနဲ့ လမ်းလုပ်ငန်း ၁၉၄ ခု၊ ၂၆ မိုင် ၆ ဖာလုံ၊ တံတားလုပ်ငန်း ၁၁၇ ခု၊ ရေပေးရေးနဲ့ အခြားလုပ်ငန်း ၃၂၅ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

### လျှပ်စစ်ကဏ္ဍ

လျှပ်စစ်မီးလင်းရေးအနေဖြင့် ပူတာအိုခရိုင်အတွင်း အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ပူတာအိုမြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် မချမ်းဘောမြို့ပေါ်ရပ်ကွက် လေးရပ်ကွက် အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၃၄ ရွာတို့ကို ၂၄ နာရီ မီးပေးနိုင်ခဲ့သည်။

"(၄) နှစ်တာကာလအတွင်း လျှပ်စစ်မီးရရှိရေးကို ကဏ္ဍတစ်ခုအနေနဲ့ ကြိုးပမ်းဆောင်ရွက်ပါတယ်။ မြို့ပေါင်း ၃၂ မြို့လုံး လျှပ်စစ်မီး ရရှိနေပြီဖြစ်ပါတယ်။ ကျေးရွာပေါင်း ၂၅၃၉ ရွာ အနက် ၁၃၁၄ ရွာကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

### နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၅ ဘီလီယံဖြင့် လမ်းတံတားလုပ်ငန်း ၅၀၊ သောက်သုံးရေရရှိရေးလုပ်ငန်း သုံးခုနှင့် ဝန်ထမ်းအိမ်ရာ သုံးလုံးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

**ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၆၃၉ သန်းကျော်နဲ့ လမ်းလုပ်ငန်း ၄၆ ခု၊ ၂၆ မိုင် ၂ ဖာလုံ၊ တံတားလုပ်ငန်း ၁၀ ခု၊ ရေပေးရေးနှင့် အခြားလုပ်ငန်း ခြောက်ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၃ ဒသမ ၁၅၁ ဘီလီယံနဲ့ လမ်းလုပ်ငန်း ၁၉၄ ခု၊ ၂၆ မိုင် ၆ ဖာလုံ၊ တံတားလုပ်ငန်း ၁၁၇ ခု၊ ရေပေးရေးနဲ့ အခြားလုပ်ငန်း ၃၂၅ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့**



ခေါင်လန်ဖူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေစဉ်။ ဓာတ်ပုံ-မြင့်မောင်စိုး

»»» အထူးကဏ္ဍ [ ခ ] မှ



ကချင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ**

ပြည်နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် စတုတ္ထ (၁)နှစ်တာကာလအတွင်း တာဝါတိုင်ပေါင်း ၆၄ တိုင် စိုက်ထူနိုင်ခဲ့ပြီး မိုဘိုင်းဖုန်းစခန်းပေါင်း ၃၆၀ ကို ဖွင့်လှစ်နိုင်ခဲ့သည်။

ပို့ဆောင်ရေးကဏ္ဍအနေဖြင့် မိုးညှင်းမြို့နှင့် ဗန်းမော်မြို့တို့တွင် ယာဉ်ရပ်နားစခန်းများ ဆောင်ရွက်လျက်ရှိသည်။

**ပညာရေးကဏ္ဍ**

ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ခု ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကဏ္ဍတစ်ခုအဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းပေါင်း ၁၂၀ ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းပေါင်း ၁၃၈ ကျောင်းကို ငွေကျပ် ၁၃ ဒသမ ၀၆၉ ဘီလီယံဖြင့် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထို့ပြင် ပြည်နယ်၏ တက္ကသိုလ်/ကောလိပ်နှင့် ကျန်းမာရေးဌာန သင်တန်းကျောင်းများတွင် ဝန်ထမ်းအိမ်ရာ အပါအဝင် အဆောက်အအုံများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၃၃၄ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**ကျန်းမာရေးကဏ္ဍ**

"မြစ်ကြီးနား ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး လူနာဆောင် RC လေးထပ်အဆောက်အအုံကို ရန်ပုံငွေ ၃ ဒသမ ၄၁ ဘီလီယံနဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၃၁ ရက်မှာ အဆောက်အအုံပြီးစီးပြီဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး RC နှစ်ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ်သန်းပေါင်း ၄၅၀ နဲ့ ဆောင်ရွက်ပေးခဲ့ပြီး ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၁၅ ရက်မှာ အဆောက်အအုံပြီးစီးပြီဖြစ်ပါတယ်" ဟု ပြည်နယ်၏ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် အများပြည်သူ အပန်းဖြေအနားယူနိုင်ရန်နှင့် ကျန်းမာပျော်ရွှင်စွာ ဆော့ကစားနိုင်ရန်အတွက် မြစ်ကြီးနားမြို့ရှိ စိမ်းမြရောင်ပန်းခြံနှင့် မင်းရပ်အားကစားကွင်း၊ မိုးညှင်းမြို့နယ်ရှိ စိမ်းလဲ့သာယာပန်းခြံ၊ ဝိုင်းမော်မြို့နယ်ရှိ ဧရာမော်ပန်းခြံ ပြုပြင်တည်ဆောက်ခြင်းနှင့် အားကစားပစ္စည်းများ ထပ်မံဖြည့်ဆည်းပေးခြင်းတို့ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အိမ်ရာများဖော်ဆောင်**

ပြည်နယ်အတွင်းရှိ ပြည်သူ့ဝန်ထမ်းများအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းအိမ်ရာများကို ဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဖော်ဆောင်ရာတွင် စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းအိမ်ရာ ၁၆ လုံး၊ အခန်းပေါင်း ၂၅၆ ခန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၅၃၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လယ်ယာကဏ္ဍ**

ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍအဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျေးရွာပေါင်း ၂၅၄ ရွာရှိ တောင်သူပေါင်း ၃၇၀၀၀ ကျော်၏ လယ်ဧက ၂၄၄၀၀၀ ကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၄ ဒသမ ၂၆၁ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့သည်။

ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနက တောင်သူလယ်သမားများအတွက် ပြည်နယ်အတွင်း လယ်ယာမြေ ၄၇၉၅ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဧက ၁၀၀ ကျော်ကို သိပ္ပံနည်းစနစ်ကျ လယ်ယာမြေအဖြစ် ဖော်ထုတ်ပေးနိုင်ခဲ့သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ကို ဥပဒေနှင့်အညီ ဦးပိုင်ပေါင်း တစ်သိန်းကျော်မှ တောင်သူပေါင်း ၉၆၃၅၄ ဦးကို ဧကပေါင်း ၅၂၅၅၂၀ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် သိမ်းဆည်းလယ်ယာမြေများ မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ရောက်ရှိရေးကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ (၁)နှစ်တာကာလအတွင်း နစ်နာသူတောင်သူများအတွက် မြေယာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးမှုအနေဖြင့် အမှုတွဲပေါင်း ၂၃၁ မှုဖြေရှင်းပေးနိုင်ပြီး မြေဧရိယာ ၃၉၃၉၇ ဧကကို မူလပိုင်ရှင်တောင်သူ ၁၃၃၅ ဦးထံသို့ ပြည်နယ်အစိုးရအနေဖြင့် အပြီးအပြတ် လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီးဖြစ်သည်။

**သစ်တောနှင့် သတ္တုကဏ္ဍ**

ပြည်နယ်အတွင်းမှ သယံဇာတတူးဖော်ထုတ်လုပ်မှုအနေဖြင့် ဓာတ်သတ္တု၊ သစ်၊ ရွှေနှင့် ကျောက်စိမ်းတို့ကို တူးဖော်ထုတ်လုပ်လျက်ရှိသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



မန္တလေး-မြစ်ကြီးနား ခရီးစဉ်၌ ပြေးဆွဲလျက်ရှိသည့် ကိုရီးယားအဲကွန်းလေအိတ်ရထားကို တွေ့ရစဉ်။



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကွန်ကရစ်လမ်းအား တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

“သယံဇာတ တူးဖော်ထုတ်လုပ်မှုအနေနဲ့ သံသတ္တုရိုင်း မက်ထရစ်တန် ၃၂၄၂၀၊ ခဲ/သွပ်သတ္တုမက်ထရစ်တန် ၂၈၅၀၊ မာဘယ် မက်ထရစ်တန် ၁၂၀၀၊ ကြေးနီမက်ထရစ်တန် ၁၁၀၊ ခဲ/ကြေးနီရောရာ မက်ထရစ်တန် ၆၀၀ ကို ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ အလားတူ သစ်ထုတ်လုပ်ရရှိမှုအနေနဲ့ သစ်မာ ၈၅၉၂ တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ကျောက်စိမ်း တူးဖော်ထုတ်လုပ်မှုက ၃၄၆၃၈ တန်ကျော် ထုတ်လုပ်နိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အစိုးရအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း တရားမဝင်ကျောက်စိမ်း ၄၄၃၃၂ ပိဿာကို ဖမ်းဆီးရရှိခဲ့ပြီး တရားမဝင် ကျွန်းသစ်နှင့် အခြားသစ်များ ဖမ်းဆီးရရှိမှုအနေဖြင့် ကျွန်းသစ် ၁၇၅ တန်၊ သစ်မာတန် ၁၂၀ နှင့် အခြားအသား ၅၅၇ တန် စုစုပေါင်း ၈၅၂ တန်ရှိကြောင်း သိရသည်။

လိုင်စင်မဲ့ယာဉ်နှင့် ယန္တရားများ ဖမ်းဆီးရမိမှုအနေဖြင့် မော်တော်ယာဉ်အစီး ၂၉၀၊ မော်တော်ဆိုင်ကယ် ၈၆ စီးနှင့် သုံးဘီးယာဉ် နှစ်စီး စုစုပေါင်း ၃၇၈ စီး ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးမှုရရှိရန် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ငါးခုနှင့် နိုင်ငံခြားသားကုမ္ပဏီ လေးခုရှိသည်။

“ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကနေ အတည်ပြုမိန့်တွေ ထုတ်ပေးခဲ့တဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ငါးခုနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ လေးခု ရှိပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေက တစ်ဆင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၁၈ နေရာကို ဖန်တီးပေးနိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။

**ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ**

ပြည်နယ်အတွင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ရာတွင် မြစ်ကြီးနားခရိုင်တွင် ခုနစ်ခု၊ ဗန်းမော်ခရိုင်တွင် ၁၃ ခု၊ မိုးညှင်းခရိုင်တွင် ရှစ်ခုနှင့် ပူတာအိုခရိုင်တွင် ရှစ်ခု စုစုပေါင်း ၃၆ ခုကို ခွင့်ပြုရန်ပုံငွေ ၅ ဒသမ ၉၆၁ ဘီလီယံဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြစ်ချောင်းအနီးတစ်ဝိုက်တွင် နေထိုင်သည့်ပြည်သူများအနေဖြင့် ရေကြီး ရေလျှံသည့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာလာသည်။



မငွေဇ-ခေါင်လန်ဖူးကားလမ်းပေါ်မှ မေခမြစ်ကူး ရီဒမ်းကြိုးတံတားအား တွေ့ရစဉ်။ ဓာတ်ပုံ - မြင့်စိုး(နတလ)

**သဘာဝဘေးအန္တရာယ်**
**ပြန်လည်ထူထောင်ရေး**

ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ထောက်ပံ့ပေးမှုအနေဖြင့် ဘေးအန္တရာယ်ခံစားခဲ့ရသည့် အိမ်ထောင်စု ၄၀၁၂ စုတို့အတွက် ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေ စုစုပေါင်းတန်ဖိုး ၁၁၃ သန်းရှိကြောင်း သိရသည်။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးမှု၊ ကြွက်ဖျက်ဆီးမှုစသည့် သဘာဝဘေးများကြောင့် ပျက်စီးသွားသည့် စိုက်ပျိုးမြေ ၂၆၂၈ ဧကအတွက် ငွေကျပ် ၂၆ သန်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

“အစိုးရအဖွဲ့အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေ ပြည်သူတွေဘဝ အေးချမ်းသာယာရေးနဲ့ လူနေမှုဘဝပြီးပြည့်စုံရေးအတွက် ၄ နှစ်တာကာလအတွင်းမှာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ ဆက်သွယ်ရေးတာဝါတိုင်တွေ၊ ဆေးရုံနဲ့ စာသင်ကျောင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နောင်နှစ်တွေမှာ ပြည်နယ်သူ/ပြည်နယ်သားတွေနဲ့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆထက်တိုးပြီး ကြိုးပမ်းဆောင်ရွက်သွားပါမယ်” ဟုပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များ တည်ရှိနေနိုင်သော်လည်း ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့် ၄ နှစ်တာကာလအတွင်း တတ်အားသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထို့အတူ ပြည်သူမှ ရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့်အားလျော်စွာ ကျန်ရှိနေသည့် အစိုးရသက်တမ်းကာလအတွင်း ပြည်သူတို့၏ လိုအပ်ချက်များကို တိုးတက်ထမ်းဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။



ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့် မြစ်ဆုံအပန်းဖြေစခန်းကို တွေ့ရစဉ်။

**အစိုးရအဖွဲ့အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေ ပြည်သူတွေဘဝ အေးချမ်းသာယာရေးနဲ့ လူနေမှုဘဝပြီး ပြည့်စုံရေးအတွက် ၄ နှစ်တာကာလအတွင်းမှာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေ၊ ဆက်သွယ်ရေး တာဝါတိုင်တွေ၊ ဆေးရုံနဲ့ စာသင် ကျောင်းတွေကို ဆောင်ရွက် ပေးနိုင်ခဲ့**